# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၁) ရက် ၊ တနင်္လာနေ့ ၊ (10-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၆၃)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့သည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာလာရောက်ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာပွားများကျင့်ကြံအားထုတ်ခြင်း၊ဒါနပြုကုသိုလ်ယူသီလတည်ဆောက်ခြင်း၊ အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌ အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော် အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



**သီတင်းကျွတ်လပြည့်နေ့တွင် တောင်သမန်တံတားနှင့် အင်းအတွင်းသို့ ခရီးသွားဦးရေ ၃၀၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့**

စာမျက်နှာ - ၃

**မွန်ပြည်နယ် ကျိုက္ခမီရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်းအနား၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားများကျင်းပ**

စာမျက်နှာ - ၂၁




**ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (B E.FALLS)**

5D, LED ခေတ်ပီ ဒီဂျစ်တယ် ပုန်တံတားကြီးတံတား၊ ပျော်စရာ ကလေးကစားကွင်း၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရဓာတ်ပုံရိုက်စရာ နေရာများ၊ Jumping Cloud ၊ Food Court

သီတင်းကျွတ် ရုံးပိတ်ရက်ကာလတွင် စိတ်အေးချမ်းပျော်ရွှင်စွာ လာရောက် အနားယူ အပန်းဖြေနိုင်ပါပြီ။

ရတနာပုံ

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၀ ရက်

အယ်ဒီတာ့အာဘော်

# လူ့စွမ်းအားဖြင့် နိုင်ငံ့စီးပွားမြှင့်တင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်နိုင်ရေးကို စီးပွားရေးဦးတည်ချက်တွင် ထည့်သွင်းကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ မြှင့်တင်ရာတွင် လူ့စွမ်းအားအရင်းအမြစ်များ အသုံးချနိုင်မှု အားကောင်းလေ နိုင်ငံတော်၏စီးပွားရေးကဏ္ဍ တည်ငြိမ်မှုရှိပြီး ဖွံ့ဖြိုးတိုးတက်လေဖြစ်သည်။

မိမိတို့နိုင်ငံ၏ လူဦးရေအချိုးအစား ထက်ဝက်ကျော်သည် လူငယ်များဖြစ်သည်။ လူငယ်များဖြစ်သည့်အတွက် ၎င်းတို့၏လုပ်အားကောင်းမွန်မှု၊ တီထွင်ကြံဆနိုင်မှုတို့ကို နည်းလမ်းမှန်ကန်စွာ အသုံးချနိုင်ပါက နယ်ပယ်အလိုက် အောင်မြင်ကြမည်သာဖြစ်သည်။ ထို့အတွက် လူငယ်တို့၏စွမ်းအားကို ပညာဖြင့်မြှင့်တင်ပေးနိုင်ရန် လိုအပ်သည်။ လူငယ်တို့၏ ပညာတတ်မြောက်မှု၊ ပညာကိုအသုံးချနိုင်မှုအားကောင်းလေ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်လေဖြစ်သည်။

မည်သည့်နိုင်ငံတွင်ဖြစ်စေ မြေပေါ်မြေအောက် သယံဇာတဟူသမျှသည် ထုတ်ယူသုံးစွဲမှုအပေါ်မူတည်၍ ကုန်ဆုံးသွားနိုင်သည်။ သို့ရာတွင် ပညာကိုအခြေခံသည့် လူ့စွမ်းအားအရင်းအမြစ်မှာမူ ကုန်ဆုံးသွားသည်ဟူ၍ မရှိပေ။ လူ့စွမ်းအားအရင်းအမြစ်ကို အကောင်းဆုံးအသုံးချနိုင်မှုကြောင့် သဘာဝသယံဇာတမရှိသောနိုင်ငံများပင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်လာနိုင်ကြသည်။

ယခင်က ကျေးလက်ဒေသ၌ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သမားရိုးကျစိုက်ပျိုးကြသည်။ မျက်မှောက်ကာလတွင်မူ စိုက်ပျိုးရေးထုတ်ကုန် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ စားသုံးသူ ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် နည်းပညာကဏ္ဍဖြင့် ပေါင်းစပ်ဆောင်ရွက်လာသည်။ ရေ၊ မြေ၊ လေ၊ နည်း မှန်ကန်မှ စိုက်ပျိုးသီးနှံအောင်မြင်ဖြစ်ထွန်းမည်ဖြစ်သည့်အတွက် အခြေခံအကျဆုံး စိုက်ပျိုးမှုအတွက်ပင် ပညာ၏အခန်းကဏ္ဍက အရေးပါနေခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင် လယ်ယာထွက်ကုန်မှထွက်ရှိသော စက်မှုကုန်ကြမ်းသီးနှံများ၊ စပါး၊ ဂျုံ၊ ပဲ စသည့် ကောက်ပဲသီးနှံများ၊ သဘာဝတွင်းထွက်စက်မှုကုန်ကြမ်းပစ္စည်းများ စသည်ဖြင့်ပေါကြွယ်ဝစွာ ထွက်ရှိသည်။ သို့သော် ကုန်ကြမ်းပစ္စည်းမှ ကုန်ချောပစ္စည်းထုတ်လုပ်နိုင်ရန် နည်းပညာပိုင်းတတ်မြောက်မှု အားနည်းနေသေးသည်။ ထိုသို့ အားနည်းရခြင်းမှာ ပညာဓာတ်ပေါကြွယ်ဝမှု အားနည်းနေခြင်းကြောင့်သာဖြစ်သည်ဟု သုံးသပ်မိသည်။ ပညာတတ်မြောက်သူ နည်းပါးနေရခြင်းသည် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တွင်သာ ပညာသင်ယူကြပြီး အဆင့်မြင့်တန်းပညာသင်ယူနိုင်မှုမှာ အားနည်းနေဆဲဖြစ်သည်။ လူငယ်များအနေဖြင့် အဆင့်မြင့်ပညာများပြီးဆုံးတတ်မြောက်အောင် သင်ယူပါက မိမိဘဝသာမက နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူငယ်များအနေဖြင့် အခြေခံပညာသင်ယူမှုတွင်သာ ရပ်တန့်မနေဘဲ အဆင့်မြင့်ပညာရပ်များကိုလည်း ကျွမ်းကျင်တတ်မြောက်အောင်သင်ယူရန် တိုက်တွန်းလိုသည်။ သို့မှသာ တတ်မြောက်ထားသောပညာဖြင့် လူ့စွမ်းအားအရင်းအမြစ်များကိုအသုံးချကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပေသည်။

# သီတင်းကျွတ်လပြည့်နေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ လာရောက်ဘုရားဖူးမျော်သူများဖြင့် စည်ကားများပြား



မန္တလေး အောက်တိုဘာ ၉

သီတင်းကျွတ်လပြည့်နေ့ (ယနေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၌ လာရောက်ဘုရားဖူးမျော်သူများဖြင့် စည်ကား များပြားလျက်ရှိကြောင်း ဘုရားဂေါပက အဖွဲ့များထံမှ သိရသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားစေတီများ၌ ဆီမီးပူဇော်ခြင်း၊ အမွှေးနံ့သာ ပန်းမန်များ ကပ်လှူခြင်း စသည့် ကုသိုလ်ပြုလုပ်သူများဖြင့် စည်ကားများပြားကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့ဟာ မြန်မာလူမျိုးတို့ရဲ့ နေ့ထူးနေ့မြတ်ဆိုတော့ မဟာမုနိရုပ်ရှင်တော်မှာ မနက်ကတည်းက ဘုရားဖူးတွေ အပြည့်ပါပဲ။ သီတင်းကျွတ်လပြည့်နေ့ တစ်ရက်ကိုတော့ ဘုရားတံခါးကို အချိန်တိုးဖွင့်လှစ်ပေးခဲ့ပါတယ်။ ညပိုင်းမှာ ဘုရားဖူးရဟန်းရှင်လူ၊ ပြည်သူအလှူရှင်တွေက ဘုရားရင်ပြင်တော်အတွင်း ကွက်လပ်မှာရယ်၊ တနင်္ဂနွေထောင့်မှာရယ်၊စနေထောင့်မှာရယ် ဆီမီး ၁၀၀၀၀ ကို ထွန်းညှိပူဇော်သွားမှာဖြစ်ပါတယ်" ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၂၉၆၀၆၉ ဦး လာရောက်ဖူးမြော်ကြကြောင်း၊ ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်၌ ဘုရားရင်ပြင်တော်ပေါ်တွင် ဆီမီး ၇၀၀၀ ထွန်းညှိပူဇော်ပွဲကို ညနေ ၆ နာရီမှစ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၃၅၀၀ ဝင်ရောက်ဖူးမြော်ခဲ့ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

မန္တလေးတောင်တော်၌ ယနေ့ညနေထိ ဘုရားဖူး ၂၃၀၁၈ ဦး ဝင်ရောက်ဖူးမြော်ခဲ့ပြီး ဆီမီး ၉၀၀၀ ကို ရင်ပြင်တော်တွင် ညနေ ၆ နာရီမှစ၍ ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

အလားတူ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်တို့၌လည်း ဘုရားဖူးသူများဖြင့် မနက်အစောပိုင်းမှစတင်၍ စည်ကားများပြားခဲ့ကြောင်း သိရသည်။ (၁၈၅)

# မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ ရှပ်ပြေးအမြန်ရေယာဉ်ဖြင့် ဆန်နှင့်ကြက်သွန်နီတင်ပို့မှု များပြား

မန္တလေး အောက်တိုဘာ ၉

မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ ရှပ်ပြေးအမြန်ရေယာဉ်များဖြင့် ဆန်နှင့်ကြက်သွန်နီတင်ပို့မှုများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဆိပ်ကမ်းမှ ဆန်၊ ကြက်သွန်၊ ဆီ၊ ဆား၊ ငရုတ်၊ ငါးပိ၊ ငါးခြောက်အပါအဝင် အဝတ်အထည်၊ အခြားလူသုံးကုန်နှင့်အလှကုန်ပစ္စည်းများကို ရန်ကုန်၊ မုံရွာ၊ သပိတ်ကျင်း၊ ရွှေကူ၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ မြစ်ကြီးနား စသည့်မြို့များသို့ တင်ပို့လျက်ရှိကြောင်း၊ ယခုလက်ရှိ မန္တလေးဆိပ်ကမ်းမှ ရှပ်ပြေးအမြန်ရေယာဉ်များဖြင့် ကုန်စည်တင်ပို့မှု များပြားလာကြောင်း သိရသည်။

"အခု မန္တလေးဆိပ်ကမ်းကနေ အခြားမြို့တွေကို တင်ပို့တဲ့အထဲ ကုန်ခြောက်နဲ့ အခြားစားသောက်ကုန်တွေ တင်ပို့မှုပြန်များလာတယ်။ ကျန်တဲ့အဝတ်အထည်တို့၊ အလှကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေက ပုံမှန်အနေအထားမှာရှိတယ်။ အခုက ကုန်စည်တင်ပို့တဲ့အခါ ကုန်တင်သင်္ဘောကြီးတွေက သွားလာနေတာတွေတော့ရှိတယ်။ အခုနောက်ပိုင်းတော့ ကုန်တင်သင်္ဘောတွေထက် ရှပ်ပြေးအမြန်ရေယာဉ်တွေနဲ့ ကုန်စည်တင်ပို့မှုက တော်တော်လေး အားကောင်းလာတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ သပိတ်ကျင်း၊ ကသာ၊ ထီးချိုင့်နှင့် အခြားမြို့များသို့ စက်တင်ဘာလနောက်ဆုံးပတ်က ဆန်နှင့် ကြက်သွန်နီတင်ပို့သည့် ရှပ်ပြေးအမြန်ရေယာဉ်မှာ တစ်ရက်လျှင် အစီးရေ ၃၀ ကျော်သာရှိခဲ့သော်လည်း အောက်တိုဘာ ၇ရက်မှစ၍ တစ်ရက်လျှင် ရှပ်ပြေးအမြန်ရေယာဉ်အစီးရေ ၈၀ ကျော်ထိရှိလာကြောင်း သိရသည်။ (၁၈၄)

# ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ တည်ငြိမ်မှုမရှိ ကမ္ဘာ့ရွှေဈေးနှုန်း အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာ

မန္တလေး အောက်တိုဘာ ၉

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ အတက်အကျရှိနေသောကြောင့် ဈေးနှုန်းများ တည်ငြိမ်မှုမရှိဘဲ ကမ္ဘာ့ရွှေဈေးများလည်း အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာကြောင်း မန္တလေး ရွှေဈေးကွက်အတွင်းမှ သိရသည်။

ကမ္ဘာ့ရွှေဈေးကွက်တွင် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၀ ဖြင့် ဈေးတန်းဖွင့်ခဲ့ပြီး ၁၇၂၅ ဒေါ်လာထိ အမြင့်ဆုံးတက်ခဲ့ကြောင်း၊ ထို့နောက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၀၀ ထိ အနိမ့်ဆုံးကျဆင်း၍ ၁၇၁၆ ဒေါ်လာဖြင့် ဈေးတန်းပိတ်ခဲ့ကြောင်း သိရသည်။

"ဒီတစ်ပတ်ထဲမှာ မြန်မာ့ရွှေကော ကမ္ဘာ့ရွှေပါ ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ အလှုပ်အခတ်တွေ များခဲ့တယ်။ အရောင်းအဝယ်ကတော့ တည်ငြိမ်နေဆဲပါ"ဟု မန္တလေးမြို့မှ ရွှေကုန်သည် ဦးရဲမင်းက ပြောပြသည်။

အောက်တိုဘာ ၂ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၆၇ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၅၅၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ်၂၄၀၆၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာတစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။

အောက်တိုဘာ ၈ ရက်တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၁၆ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည်တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၄၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ်၂၄၆၆၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိခဲ့ကြောင်း သိရသည်။

ယနေ့တွင် ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၇၁၅ ဒေါ်လာ၊ ပြည်တွင်းအခေါက်ရွှေ ၁၆ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၆၂၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ငွေကျပ် ၂၄၆၀၀၀၀၊ ငွေလဲလှယ်နှုန်းမှာ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ငွေကျပ် ၂၁၀၀ ရှိကြောင်း သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတ်ပုံအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာ၌ ကုန်ထုတ်လမ်းဆောင်ရွက်နေမှု စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကျောင်းစုကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းကို ကျောက်ရောမြေနီခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ Pipe Culvert သုံးစင်းတည်ဆောက်နေမှုအခြေအနေများ၊ Slab Culvert တစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးလှဒွေးမောင်နှင့် တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် ဝန်ထမ်းများက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ပွင့်ဖြူမြို့နယ် ကျောင်းစုကျေးရွာ၌ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေကျပ် ၄၆ ဒသမ ၉၆၅ သန်းအသုံးပြုပြီး အရှည် ၇၆၀၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိသော ကျောက်ရောမြေခင်းခြင်းလုပ်ငန်း၊ အချင်းတစ်ပေ၊ အရှည် ပေ ၂၀ရှိသော Pipe Culvert တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ၁၈ ပေ၊ အကျယ် ၁၃ ပေ၊ အမြင့် ကိုးပေရှိသော Slab Culvert တည်ဆောက်ခြင်းလုပ်ငန်းများကို Shwe Group ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာသုံးရွာမှ တောင်သူများ၏ စိုက်ပျိုးမြေဧက ၄၀၀ မှထွက်ရှိမည့် စိုက်ပျိုးသီးနှံများကို ဈေးကွက်အတွင်းသို့အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**

# ချောင်းဆုံမြို့နယ် ဒေါင်းရပ်အရှေ့ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ချောင်းဆုံ အောက်တိုဘာ ၉**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒေါင်းရပ်အရှေ့ကျေးရွာတွင် ကျေးလက်စီးပွားမြင့်မားရေး စီမံကိန်း (RBF)ရန်ပုံငွေလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးဦးက ကျေးရွာသူ၊ ကျေးရွာသားများ လိုက်နာရမည့်တာဝန်များ၊ စီမံကိန်းမတည်ရန်ပုံငွေဖြင့် သတ်မှတ်ထားသောလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က ကျေးလက်စီးပွားမြင့်မားရေးစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို စီမံကိန်းကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သုတ**

# သီတင်းကျွတ်လပြည့်နေ့တွင် တောင်သမန်တံတားနှင့် အင်းအတွင်းသို့ ခရီးသွားဦးရေ ၃၀၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့



**မန္တလေး အောက်တိုဘာ ၉**

သီတင်းကျွတ်လပြည့်နေ့တွင် တောင်သမန်တံတားနှင့် အင်းအတွင်းသို့ ခရီးသွားဦးရေ ၃၀၀၀၀ ကျော်ထိ လာရောက်လည်ပတ်ခဲ့ကြောင်း အဆိုပါ တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင် တောင်သမန်တံတားမှာ ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့်နေရာများထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ၎င်း တောင်သမန်တံတားနှင့် အင်းအတွင်းသို့ ယနေ့တွင် ခရီးသွားများဝင်ရောက်လည်ပတ်မှုများပြားခဲ့ကြောင်း သိရသည်။

"သီတင်းကျွတ်လပြည့်နေ့မှာ တောင်သမန်အင်းနဲ့တံတားပေါ်ကို ပြည်တွင်းခရီးသွားတွေ အနားယူအပန်းဖြေရင်း လာရောက်လည်ပတ်မှုက တော်တော်လေးများခဲ့တယ်။ အခုက သီတင်းကျွတ်လပြည့်နေ့လဲဖြစ်တဲ့အပြင် ရုံးပိတ်ရက်လဲဖြစ်တာကြောင့် ခရီးသွားဝင်ရောက်လည်ပတ်မှု တော်တော်လေးများတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ယခင်ရက်က တောင်သမန်အင်းနှင့်တံတားပေါ်သို့ ပြည်တွင်းခရီးသွားတစ်ရက်လျှင် ဦးရေ ၂၀၀ ကျော်သာရှိခဲ့သော်လည်း ယခုလက်ရှိ သီတင်းကျွတ်လပြည့်နေ့တွင် ပြည်တွင်းခရီးသွားဦးရေ ၃၀၀၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

တောင်သမန်အင်းအတွင်း၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ နေဝင်ဆည်းဆာအလှကို ၎က်လှေများဖြင့် သွားရောက်ကြည့်ရှုနိုင်ရန် ၎က်လှေအစီးရေ ၅၀ ကျော်ဖြင့် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

(၁၈၄)

# မိုင်းလားမြို့နယ် ပန်ဟုတ်(အောက်)ကျေးရွာ၌ ငါးကန်ပြန်လည်တူးဖော်နေမှု စစ်ဆေး

**မိုင်းလား အောက်တိုဘာ ၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝမ်တာပင်းကျေးရွာအုပ်စု ပန်ဟုတ်(အောက်)ကျေးရွာ၌ အများပိုင် ကျေးရွာငါးကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဇာရဲမောင်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပန်ဟုတ်(အောက်)ကျေးရွာတွင် အလျားပေ ၈၀၊ အနံပေ ၈၀၊ အမြင့် ခုနစ်ပေရှိ အများပိုင်ကျေးရွာငါးကန်ပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ဇာဇာရဲမောင်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းကို Cash For Work စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာပံ့ပိုး၍ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဇာဇာရဲမောင်ထံမှ သိရသည်။

**ရှိုသန်းညွန့်**

# သဲကုန်းမြို့နယ် တောင်ကြို့ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**သဲကုန်း အောက်တိုဘာ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် တောင်ကြို့ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့်ဝန်ထမ်းများက တောင်ကြို့ကုန်းကျေးရွာ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့သည်။

တောင်ကြို့ကုန်းကျေးရွာတွင် ကုန်ထုတ်လမ်းအရှည်ပေ ၄၂၀၀၊ အကျယ် ၁၂ ပေ၊ မြေနီကျောက်စရစ်ကိုးလက်မခင်းခြင်းလုပ်ငန်းနှင့် အလျား ၁၈ ပေ၊ အနံ သုံးပေ၊ အမြင့် နှစ်ပေ ခြောက်လက်မရှိ Box Culvert နှစ်စင်းတည်ဆောက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၄ ဒသမ ၁၁၂သန်းဖြင့် တင်ဒါအောင်မြင်သည့် H.Y.K.K ကုမ္ပဏီက ဇူလိုင်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၁၀၂ စုမှ လူ ၃၄၈ ဦး၏ လယ်ယာမြေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အချိန်မီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာအေးထံမှ သိရသည်။

**အေးမြတ်**



# စကားလက်ဆောင်

## ချစ်နိုင်(စိတ်ပညာ)

အသက်ကြီးသွားပြီဆိုတော့ အရာရာမှာတက်တက်ကြွကြွ၊ ထက်ထက်သန်သန်၊ လျင်လျင်မြန်မြန်တော့ မရှိလှတော့ပါ။ ငယ်သူရွယ်သူ၊ တက်ကြွဖျတ်လတ်ထူးချွန်တဲ့ နောက်လူတွေကို မိမိတို့ရဲ့ ပခုံးပေါ် တက်ပြီး ရပ်ကြပါ။ ရှေ့ကို ပိုဝေးဝေးမြော်မြင်တတ်တဲ့ သူတွေဖြစ်အောင် မိမိကိုယ်ကို ဖြည့်ဆည်းမြှင့်တင်ကြပါလို့ ပြောလိုပါတယ်။ ဆရာတွေတော်ဖို့လိုပါတယ်။ မိဘတွေလည်း တော်ဖို့လိုတာပါပဲ။ အကြောင်းတရားက ဒီလိုပါ။

တပည့်တွေက ရှေ့ကဆရာထက်ပိုတော်ပါမှ ခေတ်က ပိုမိုတိုးတက်သွားမယ်မဟုတ်လား။ ဆရာ့ထက် တပည့်က ညံ့၊ တပည့်ရဲ့တပည့်က ပိုဖျင်းပို့အ။ ဒီလို အရည်အသွေးကျဆင်းရင် အဲဒီပညာရပ်နယ်ပယ်ဟာ ဘယ်မှာတိုးတက်ထွန်းကားပါတော့မလဲ။ တပည့်များကို ကိုယ့်ထက်သာတဲ့၊ ကိုယ့်ထက်ပိုတော်၊ ပိုချွန်၊ ပိုထက်မြက်တဲ့ တပည့်တွေအဖြစ် စေတနာကောင်းကောင်း၊ ထက်ထက်သန်သန်နဲ့ ပျိုးထောင်သင်ကြားမှ တာဝန်ကျေတဲ့ ဆရာကောင်းဖြစ်မယ်လေ။ စာရေးသူရဲ့စိတ်ကူးမဟုတ်ပါဘူး။ မြန်မာတစ်မျိုးသားလုံးအတွက် ကျေးဇူးတရားအလွန်ကြီးမားစွာ အကျိုးပြုခဲ့တဲ့ဆရာကြီး ဦးဖေမောင်တင်(၁၈၈၈-၁၉၇၃)က ပြောလည်းပြော၊ ဟောလည်းဟော၊ ရေးလည်းရေး၊ သူကိုယ်တိုင်လည်း တကယ်လက်တွေ့ လိုက်နာကျင့်သုံးတဲ့ "တပည့်ဟာ ဆရာထက်ပိုတော်ကြပါစေ"ဆိုတဲ့စကားကို လက်ဆင့်ကမ်းခြင်းသာဖြစ်ပါတယ်။ ဒါဟာ တိုင်းပြုပြည်ပြုသဘောထားမူဝါဒပါပဲ။

ဒီတော့ ငါအသက်ကြီးပြီဆိုပြီး တရားစခန်းဝင်၊ ဝိပဿနာရှုနိုင်ရင်တော့ ကောင်းတာပေါ့။ ဘဝတိုတိုမှာ အိုလာပြီဆိုရင် နာပြီး သေဖို့ရာပဲရှိတော့တာလေ။ မသေခင်မှာ ဘာတွေများ ကောင်းကျိုးပြုနိုင်အောင် ချန်ထားနိုင်မလဲ စဉ်းစားတဲ့အခါ ဌာနဆိုင်ရာအကြီးအကဲဖြစ်ခဲ့ရစဉ်က လုပ်ဖော်ကိုင်ဖက်တွေကို ဆွေးနွေးအကြံပေးခဲ့တာတွေ၊ စာရေးနည်းသင်တန်း၊ လုပ်ငန်းခွင်သင်တန်း၊ ဝန်ထမ်းရေးရာသင်တန်း စတဲ့ အရာထမ်းဝန်ထမ်းတွေကို ဟောပြောပို့ချခဲ့တာတွေရေးထားဖို့ သတိရမိတယ်။

တကယ်တော့ ခေတ်တွေက လျင်လျင်မြန်မြန်ပြောင်းနေတာ၊ အချိန်နဲ့အမျှ စီးဆင်းနေတဲ့ ရေအလျဉ်လိုပဲ ဘာမှမမြဲ။ အဟောင်းအဟောင်းတွေက ချုပ်ငြိမ်းပျောက်ကွယ်သွားကြပြီး အသစ်အသစ်တွေဟာ အဆက်မပြတ်ဖြစ်ထွန်းပေါ်ပေါက်နေတာ။ အသစ်အသစ်တွေဟာ အရေအတွက်သာမက အရည်အသွေးပိုင်းကလည်း ကောင်းမွန်စေရမယ်။ မိမိတို့ရဲ့ စေတနာလည်းကောင်းရမယ်။ အခက်အခဲအကျပ်အတည်း၊ အတားအဆီးအနှောင့်အယှက်တွေ ဘယ်လိုပဲ တွေ့တွေ့ ရဲဝံ့ထက်သန်တဲ့ ဗွဲသတ္တိနဲ့ မဖြစ်မနေဖြတ်ကျော်နိုင်တဲ့ စိတ်ဓာတ်မွေးရမယ်။ စည်းကမ်း၊ စနစ်၊ ကျင့်ဝတ်လည်းကောင်းရမယ်။

အခုပြောမှာကတော့ စွမ်းဆောင်ရည်နဲ့ဆိုင်တဲ့ အချက် ၁၂ ချက်(လက်ဆင့်ကမ်းလက်ဆောင်တစ်ဒါဇင်)ဆိုပါတော့။ အသက် ၇၅ နှစ်ထဲ ရောက်တော့မယ့် စိန်ရတုဘိုးဘိုးတစ်ဦးရဲ့ အထူးမေတ္တာ လက်ဆောင်လေးပါ။ ပေါ့သေးသေးတော့ မမှတ်ယူစေလို။ မိမိကိုယ်တိုင် ကျင့်သုံးခဲ့လို့ စီမံထူးချွန်(ပထမဆင့်)တံဆိပ် ဂုဏ်ပြုခံခဲ့ရတယ်။ ပေးသမျှတာဝန်ကို ကျေပွန်အောင် ဦးလည်မသုန်ထမ်းရွက်သွားတဲ့ အဘိုးအိုဖြစ်တယ်ဆိုတဲ့ နာမည်ကောင်းရှိခဲ့ပါလိမ့်မယ်။ အများအလွှင်းမကောင်းပေမယ့် နာမည်ပျက်မရှိခဲ့ဖူးပါ။ ကိုယ်တိုင်လက်စွဲလိုက်နာကျင့်သုံးတဲ့ ၁၂ ချက်ဆိုတာ ဘာတွေလဲ။

**❖ ခေတ်တွေက လျင်လျင်မြန်မြန် ပြောင်းနေတာ၊ အချိန်နဲ့အမျှ စီးဆင်းနေတဲ့ ရေအလျဉ်လိုပဲ ဘာမှမမြဲ။ အဟောင်းအဟောင်းတွေက ချုပ်ငြိမ်းပျောက်ကွယ်သွားကြပြီး အသစ်အသစ်တွေဟာ အဆက်မပြတ် ဖြစ်ထွန်းပေါ်ပေါက်နေတာ။ အသစ်အသစ်တွေဟာ အရေအတွက်သာမက အရည်အသွေးပိုင်းကလည်း ကောင်းမွန်စေရမယ်။ မိမိတို့ရဲ့ စေတနာ လည်းကောင်းရမယ်။ အခက်အခဲအကျပ်အတည်း၊ အတားအဆီးအနှောင့် အယှက်တွေ ဘယ်လိုပဲတွေ့တွေ့ ရဲဝံ့ထက်သန်တဲ့ ဗွဲသတ္တိနဲ့ မဖြစ်မနေ ဖြတ်ကျော်နိုင်တဲ့ စိတ်ဓာတ်မွေးရမယ်။ စည်းကမ်း၊ စနစ်၊ ကျင့်ဝတ်လည်း ကောင်းရမယ်။ ❖**

ဒါတွေပဲ-

မြန်မာရာဇဝင်ပျူခေတ်က ဒိသာပါမောက္ခဆရာကြီးက အတတ်ပညာ ၁၈ ရပ်ကို သင်ပေးပေမယ့် သင်ခဲ့သမျှ အားမရလို့ သူ့ဘဝအတွက် အထောက်အပံ့လေးရပါစေဆိုပြီး စကားသုံးခွန်းပဲ တပည့်လေး မောင်ပေါက်ကျိုင်းကို ပေးခဲ့လိုက်တာလေ။ တကောင်းပြည်ကြီးမှာ နဂါးနိုင်မင်းမောင်ပေါက်ကျိုင်း ဘုရင်ဖြစ်ကရောမဟုတ်လား။ (မေးဖန်များစကားရ၊ သွားဖန်များ ခရီးရောက်၊ မအိပ်မနေအသက်ရှည်) စကားရှည်မနေတော့ပါဘူး။ အရိပ်ပြရင် အကောင်ထင်၊ အသွေးမြင်အသွင်သိ၊ အငွေ့မြင်အပင်သိ၊ တစ်ထွာပြလျှင် တစ်လံမြင်ကြတဲ့ ပညာရှိစာဖတ်သူတွေပဲ။ အနှစ်သာရအကျဉ်းချုပ်ကိုသာ ဖော်ပြလိုက်ပေရဲ့-

၁။ **အမြင်(Perspective Vision)**

ခေါင်းဆောင်ဖြစ်ချင်ရင် အမြော်အမြင်ရှိရမယ်။ ရှေ့အလားအလာကို မိုးကုပ်စက်ဝိုင်းဟိုဘက်ထိ ကြိုမြင်နိုင်လေ ကောင်းလေ။ အခြေအနေကို ကောင်းစွာသိဖို့က စာများများဖတ်၊ လေ့လာမှတ်သားရပါမယ်။

၂။ **ကြိုတင်ပြင်ဆင်မှု(Preparation)**

ကြိုတင်မြော်မြင်ရုံနဲ့လည်း မပြီးသေး၊ ကြိုတင်ပြင်ဆင်စီမံရမယ်။ ရေဘူးနဲ့ ဖိနပ်မပါရင် ခွေခါမှသိ။ အခက်အခဲပြဿနာ တွေ့လာရင် ကျော်လွှားနိုင်အောင် အဘက်ဘက်က ကြိုတင်ပြင်ဆင်သွားရမယ်။ စီမံရမယ်။

၃။ **စီမံချက်(Planning)**

အစီအစဉ်မဲ့ ပရမ်းပတာလုပ်ကိုင်လို့မရ။ အစုလိုက်အဖွဲ့လိုက် တာဝန်အသီးသီးခွဲဝေပြီး စီမံချက်ရေးဆွဲညွှန်ပြပေးရမယ်။ တိကျမှ ထောင့်စေ့ပါတယ်။

၄။ **စီမံကိန်း(Project)**

အသေးစိတ်စီမံကိန်းတွေ အောင်မြင်မှ ချိတ်ဆက်ရိုက်ခတ်မဲ့ ကောင်းကျိုးတွေ ပေါ်ပေါက်လာမယ်။

၅။ **ထုတ်လုပ်မှု(Production)**

ထုတ်ကုန်စွမ်းအား ကောင်းမွန်သလို ထုတ်ကုန်အရည်အသွေးလည်း မြင့်မားအောင် စီမံပြင်ဆင်ထားခဲ့ရပါမယ်။ အရည်အသွေးလည်း ကောင်း၊ အရေအတွက်လည်း များမှ ထိရောက်ပါမယ်။ Quality Product and Productivity

၆။ **အခြေခံသဘောတရား၊ ဥပဒေသ (Principle)**

အလုပ်လုပ်တဲ့နေရာမှာ အောင်မြင်စေတဲ့ အခြေခံသဘောတရား Hard Power စည်းမျဉ်းတွေက ရှိကြပြီးသား လိုက်နာကျင့်သုံးရပါမယ်။ စစ်ရေးတွင် သစ္စာ၊ ဓမ္မ၊ ဝီရိယနဲ့ စာဂဟူသည် ရန်သူကိုအောင်မှုဖြစ်တယ်။ ပြန်ကြားရေးမှာ မှန်ရမည်၊ မြန်ရမည်၊ ထိရောက်ရမည်။ ခေါင်းဆောင်မှု ရှေ့ကစံပြဖြစ်ရမည်။

၇။ **ဆောင်ရွက်စဉ်(Procedure)**

လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေက အခြေအနေအရ ပြုပြင်ပြောင်းလဲနိုင်ပေမယ့် မပြင်ခင် လိုက်နာရအုံးမှာပဲ။ အစီအစဉ်တကျ လုပ်ဆောင်မှ တက်ညီလက်ညီ အောင်မြင်ပါတယ်။ ဟန်ချက်ညီရမယ်။

၈။ **မူဝါဒ(Policy)**

ဘာကိုရည်ရွယ်တာ၊ ဘာကိုဦးစားပေးမယ်၊ ဘယ်လိုအစီအစဉ်တွေနဲ့ သွားမယ်ဆိုတာ မူဝါဒချမှတ်ရပါမယ်။ တရားသေမထားဘဲ အခြေအနေပြောင်းလဲရင် ပျော့ပျောင်းစွာ ပြောင်းလဲပြင်ဆင်ရပါတယ်။ မူဝါဒဟာ မတင်းကျပ်ရဘူး။ Soft Power တိတိကျကျနဲ့ ထိထိမိမိချမှတ်ရပါမယ်။ အခြေအနေမှန်နဲ့ အံဝင်ခွင်ကျစနစ်ရှိရမယ်၊ ဝါစဉ်၊ နာရီလက်တံ၊ အက္ခရာစဉ် အဘိဓာန်အတိုင်းကျင့်သုံးရမယ်။

၉။ **လူထု၏အားပေးမှု(Public Support)**

အသင်းဝင်တွေတင်မက ပြင်ပက ပြည်သူတွေ၊ ဒေသခံရဟန်းရှင်လူတွေကပါ အားပေးကူညီ၊ ပါဝင်၊ လက်ခံကြရင် ပိုမိုအောင်မြင်စေတယ်။

၁၀။ **ပေါ်လွင်မြင်သာမှု(Publicity)**

ပွင့်လင်းမြင်သာစွာ အောင်မြင်တိုးတက်မှုကို လူအများသိမြင်စေရပါမယ်။ အားတက်စေ၊ ပျော်ရွှင်စေတယ်။ ချစ်ခင်စည်းလုံးမှု ပိုရတယ်။

၁၁။ **အကောင်းဆုံး လုပ်ဆောင်ပြခြင်း(Ideal Performance)**

ကိုယ်တိုင်စံပြ ရှေ့က နမူနာဖြစ်ရမယ်။ "သူကိုကြည့်၊ အတုယူ၊ သူကခေါင်းသူကြီး" ငါဟာ ခေါင်းတွဲ၊ တွဲအားလုံးပါအောင်ဆွဲမယ်။

၁၂။ **ရိုးဖြောင့်တည်ကြည်ခြင်း(Probity)**

လူလိမ်လူကောက်မဖြစ်ရဘူး။ ဖြောင့်မတ်ရပါတယ်။ ဒါမှသာ အောင်မြင်နိုင်မယ်။ ခေါင်းဆောင်မှုမှာ ဒီအချက်ကင်းမဲ့ရင် ကျဆုံးတာပဲ။ Honesty is the best Policy အင်္ဂလိပ်စကားပုံရှိပါတယ်။ ရိုးသားခြင်းဟာ အကောင်းဆုံးမူဝါဒပါတဲ့။ ကောက်သော် မစားလောက်၊ ဖြောင့်သော် စားမနိုင်တဲ့။ ဖြောင့်မတ်ပါ။

# ချောက်မြို့နယ် ပေပင်ကုန်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ချောက် အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပေပင်ကုန်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့်ဝန်ထမ်းများက ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ ပေပင်ကုန်းကျေးရွာ၌ အိမ်တိုင်ရာရောက်ရေရရှိရေးအတွက် ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပေပင်ကုန်းကျေးရွာ၌ အိမ်တိုင်ရာရောက် ရေရရှိရေးအတွက် အရှည်ပေ ၇၉၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၅ ဒသမ ၆ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီပေးပြီး ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်ထံမှ သိရသည်။ **နွဲ့ယဉ်**



# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားချက်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လောက်သာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ချင်းပြည်နယ်အတွင်း ခရိုင် လေးခရိုင်၌ ဝဥ ၄၀၁၁ ဧက စိုက်ပျိုးပြီးစီး

**ဟားခါး အောက်တိုဘာ ၉**

ယခုနှစ် စိုက်ပျိုးရာသီ၌ ချင်းပြည်နယ်အတွင်းရှိ ခရိုင် လေးခရိုင်တွင် ဝဥ ၄၀၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြ၍ သိရသည်။

ယခုနှစ် စိုက်ပျိုးရာသီ၌ ချင်းပြည်နယ်တွင် ဝါဥစိုက်ပျိုးမှုကို ဧပြီလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဝဥ ၄၀၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ဝဥစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဖလမ်းခရိုင်တွင် ဧက ၁၀၅၀၊ ပလက်ဝခရိုင်တွင် ဧက ၂၈၀၊ မတူပီခရိုင်တွင် ၁၅၆၅ ဧက၊ တီးတိန်ခရိုင်တွင် ၁၁၁၆ ဧက စုစုပေါင်း ၄၀၁၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ချင်းပြည်နယ် ခရိုင်လေးခုမှာ ဝဥဧက လေးထောင်းကျော် စိုက်ပျိုးပြီးစီးနေပါပြီ။ ဝဥမျိုးကွဲပေါင်း ၁၃၀ ရှိတဲ့အနက် ချင်းပြည်နယ်မှာ ဝဥမျိုး ငါးမျိုးကို စိုက်ပျိုးနေပါတယ်။ အဓိကစိုက်ပျိုးတဲ့မျိုးတွေက ဝဥအဖြူမျိုး၊ အနီမျိုးနဲ့ အဝါမျိုးတွေဖြစ်ပါတယ်။ ဝဥသီးနှံဟာ ချင်းပြည်နယ်ရဲ့ ရေမြေဒေသနဲ့ကိုက်ညီပြီး စိုက်ပျိုးဖြစ်ထွန်းမှုရှိလို့ တောင်သူတွေလူနေမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနဲ့ ဆင်းရဲမှုလျော့ကျစေရေးအတွက် ရည်ရွယ်ပြီး ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီကနေ ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီထိ ဝဥစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး သုံးနှစ်စီမံချက်ကိုရေးဆွဲပြီး ဆောင်ရွက်နေပါတယ်"ဟု ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးဦးက ပြောပြသည်။

ချင်းပြည်နယ်တွင် ဝဥကို ဟားခါး၊ ထန်တလန်၊ ကန်ပက်လက်၊ မတူပီနှင့် မင်းတပ်မြို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းခန့်ကုန်ကျကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းမှ သိန်း ၃၀ ထိရရှိနိုင်သဖြင့် တောင်သူများ ဝင်ငွေတိုးပွားစေရေးအတွက် ဝဥစိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေး သုံးနှစ်စီမံချက်ကို ၂၀၂၀-၂၀၂၁ ခုနှစ် စိုက်ပျိုးရာသီမှ စတင်၍ ဆောင်ရွက်နေကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ဝဥသည် သဘာဝပေါက်ပင်ဖြစ်သော်လည်း ယခုအခါ တူးဖော်မှုများပြားလာသည့်အတွက် ဝဥမျိုးများရှားပါးလာသဖြင့် လုပ်ကွက်ငယ်တောင်သူများ နှစ်စဉ်ဝင်ငွေရရှိမှုတိုးတက်လာစေရန်နှင့် ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ကာ အမြဲတမ်းတောင်ယာစနစ်သို့ ရောက်ရှိစေရန်အတွက် အဆိုပါစီမံချက်ကို ရေးဆွဲကာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

(၂၀၆)



# ဇလွန်မြို့နယ် စိန်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇလွန် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြာအင်းကျေးရွာအုပ်စု စိန်ကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဟိန်းက ကျေးရွာရှိရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး စိန်ကလေးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၃ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက စိန်ကလေးကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ ကျေးရွာရှိစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၄၄၂ ဦးကို နဝမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၉၃ သိန်းထုတ်ချေးပေးခဲ့ကြောင်း ဇလွန်မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းထံမှ သိရသည်။

**မောင်ခိုင်**

## သီတင်းကျွတ် ကင်းလွတ်မြူတိမ် လှပချိန်

- တာဝတိံသာ ထိုနတ်ရွာ
  သာယာခေါင်ထွတ် သီတင်းကျွတ်
  လွတ်မြောက်စေကာ သံသရာ
  မာတာမိဟောင်း ဒေဝါပေါင်း
  ဟောကြောင်းတရား ထိုလေးပါး
  ကြားတယ်လေ့ ကြားတယ်လေး။
- ဟောကြားပြီးကာ မြတ်ဗုဒ္ဓါ
  ဆင်းကာလှမ်းထွက် ပလ္လင်ထက်
  ရတ်တရက်စွေကာ မိုးဒေဝါ
  ရွာတယ်လေ့ ရွာတယ်လေး။
- စောင်းတန်းသုံးသွယ် အလယ်ဝယ်
  ကြွတယ်ဗုဒ္ဓ သ္မာဘေးက
  ဗေလုဝစောင်း သံသာပျောင်း
  နတ်ပေါင်းပြဟ္မာ ခြံရံကာ
  ကာတယ်လေ့ ကာတယ်လေး။
- ဖြူပြာနီဆုံး မီးပုံးတွေ
  ထွန်းညှိကာသာ ကြိုဆိုနေ
  လူ့ပြေ(ပြည်)တိုင်းကား လွန်စည်ငြား
  များတယ်လေ့ များတယ်လေး။
- တူရာသီထွတ် သီတင်းကျွတ်
  ပင်လုံးညွှတ်မျှ ပွင့်ရာကြ
  ကြာကငါးမည် စုံလှသည်
  မွှေးသည်လေ့ မွှေးသည်လေး။
- မမေ့အပ်ရာ သည်ချိန်ခါ
  ခေါ်စရာမှတ် သီတင်းကျွတ်
  ကင်းလွတ်မြူတိမ် လှပချိန်
  ဝတိံသာမည် ကောင်းကင်ဆီ
  ကြည်တယ်လေ့ ကြည်တယ်လေး။ ။

**ဘိုမျိုး(ရွှေဘို)**

# ကျေးသီးမြို့နယ် စန်စေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျေးသီး အောက်တိုဘာ ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မိုင်းနှင်ကျေးရွာအုပ်စု စန်စေကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးနိုင်၊ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဟိန်းမင်းသူနှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ စန်စေကျေးရွာတွင် အရှည်ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၄ ဒသမ ၀၉၆ သန်းဖြင့် ဇူလိုင်လ ဒုတိယပတ်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရှိုသန်းညွန့်**

## နိုင်ငံတကာ သတင်းများ

# မက္ကဆီကိုနိုင်ငံ ချီယာပက်စ်ပြည်နယ်၌ ကျောင်းသား ၅၇ ဦး အဆိပ်မိမှုဖြစ်ပွား

**မက္ကဆီကိုစီးတီး အောက်တိုဘာ ၉**

မက္ကဆီကို နိုင်ငံတောင်ပိုင်း ချီယာပက်စ်ပြည်နယ် ကျေးလက်အလယ်တန်းကျောင်း တစ်ကျောင်း၌ အမျိုးအမည်မသိ ဓာတ်ပစ္စည်းတစ်မျိုးကြောင့်ကျောင်းသား ၅၇ဦး အဆိပ်မိခဲ့ရကြောင်း ရိုက်တာသတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ဖော်ပြခဲ့သည်။

ထူးထူးဆန်းဆန်း အဆိပ်မိခဲ့သည့် ကျောင်းသား ၅၇ ဦးကို ဆေးရုံ၌ဆေးဝါးကုသမှုများ ပြုလုပ်ပေးနေကြောင်း မက္ကဆီကိုတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကျောင်းသားများအဆိပ်မိရခြင်း၏ နောက်ခံအကြောင်းအရင်းကို မက္ကဆီကိုတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

သို့သော် အဆိုပါကျောင်းသားများသည် ညစ်ညမ်းနေသည့်ရေ သို့မဟုတ် အစားအစာတို့ကြောင့် အဆိပ်မိခဲ့ရကြောင်း ဖြစ်နိုင်သည်ဟု ကျောင်းသားမိဘများက ယူဆထားသည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းကလည်း ချီယာပက်စ်ပြည်နယ် ကျောင်းနှစ်ကျောင်း၌ ကျောင်းသားများထူးထူးဆန်းဆန်း အဆိပ်သင့်ခဲ့ရာ ကျောင်းသားမိဘများ အမျက်ထွက်ခဲ့ကြရသည်။

လက်ရှိအချိန်တွင် မက္ကဆီကိုတာဝန်ရှိသူများသည် ကျောင်းသားများ ထူးထူးဆန်းဆန်းအဆိပ်သင့်မှုပြဿနာအတွက်အဆိပ်အတောက်စစ်ဆေးမှု ၁၅ မျိုး ပြုလုပ်ခဲ့ရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် လက္ခဏာမျိုးမတွေ့ရသေးကြောင်း သိရသည်။

KKO

# သတ္တမမြောက် ဒုံးကျည်စမ်းသပ်မှု မြောက်ကိုရီးယားနိုင်ငံ ပြုလုပ်

**ပြုံယမ်း အောက်တိုဘာ ၉**

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့နံနက်ပိုင်းတွင် တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်းကို ပင်လယ်ရေပြင်အတွင်းသို့ ပစ်လွှတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဒုံးကျည်ပစ်လွှတ်မှုများသည် မြောက်ကိုရီးယားနိုင်ငံက ရက်သတ္တနှစ်ပတ်တာကာလအတွင်း သတ္တမအကြိမ်အဖြစ် ပြုလုပ်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံ မန်ချွန်ဒေသမှတစ်ဆင့် အရှေ့ပင်လယ်ရေပြင်အတွင်းသို့ပစ်လွှတ်ခဲ့သည့် အဆိုပါဒုံးကျည်နှစ်စင်းစလုံးသည် အမြင့်မိုင် ၆၀ ထိ တက်ရောက်၍ ၂၁၈ မိုင်အကွာအဝေးထိ ပျံသန်းခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ ၎င်းဒုံးကျည်နှစ်စင်းစလုံးသည် ဂျပန်နိုင်ငံ၏ အထူးစီးပွားရေး ရေပြင်ဇုန်ပြင်ပ၌ ကျရောက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားက ပစ်လွှတ်ခဲ့သည့် ဒုံးကျည်များမှာ မည်သည့်ဒုံးကျည်အမျိုးအစားများ ဖြစ်ကြသည်ကို ဂျပန်နှင့်တောင်ကိုရီးယား တာဝန်ရှိသူများက လေ့လာဆန်းစစ်လျက်ရှိသည်။

ထို့ပြင် အမေရိကန်နိုင်ငံ၏ တိုက်ရိုက် စစ်ရေးခြိမ်းခြောက်မှုမှ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရေးအတွက် ဒုံးကျည်စမ်းသပ်မှုများ ပြုလုပ်နေရခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားက အောက်တိုဘာ ၅ရက်တွင် ပြောကြားထားကြောင်း သိရသည်။

KKO



# ဂျာမနီ၌ ရထားလမ်းကွန်ရက် ကေဘယ်လ်ကြိုးများ ဖြတ်တောက်ခံရ



**ဘာလင် အောက်တိုဘာ ၉**

ဂျာမနီနိုင်ငံမြောက်ပိုင်း၌ ရထားလမ်းကွန်ရက်အတွက် အရေးပါသော ကေဘယ်လ်ကြိုးများကို ရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်ထားမှုကြောင့် အောက်တိုဘာ ၈ ရက်တွင် ရထားခရီးစဉ်အားလုံးပြေးဆွဲမှု သုံးနာရီကြာ ရပ်ဆိုင်းထားခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရထားလမ်းကွန်ရက် ကေဘယ်လ်ကြိုးများ ဖြတ်တောက်ခံရမှုသည် ရည်ရွယ်ချက်ရှိရှိ ပြုလုပ်ခဲ့သော အဖျက်အမှောင့် လုပ်ရပ်ဖြစ်ကြောင်း ဂျာမနီတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ဂျာမနီဖက်ဒရယ်ရဲတပ်ဖွဲ့က ရထားလမ်းကွန်ရက် ကေဘယ်လ်ကြိုးများ ဖြတ်တောက်ခံရမှုပြဿနာကိုစုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်လျက်ရှိသည်။

လက်ရှိအချိန်တွင် ရထားလမ်းကွန်ရက် ကေဘယ်လ်ကြိုးများ ဖြတ်တောက်မှုအတွက် မည်သူတွင်တာဝန်ရှိကြောင်း မပြောနိုင်သေးဘဲ ဖြတ်တောက်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်း မသိရသေးကြောင်း ဂျာမနီဖက်ဒရယ်ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့သည်။

နော့ဒ်စထရမ်း သဘာဝဓာတ်ငွေ့ပိုက်လိုင်းစနစ် ပြဿနာကြောင့် ဥရောပ၏အရေးကြီးသည့် အခြေခံအဆောက်အအုံများကို ကာကွယ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ဥရောပသမဂ္ဂက အဆိုပြုထားချိန်တွင် ဂျာမနီမြောက်ပိုင်းရထားလမ်းစနစ် ကေဘယ်လ်ကြိုးများ ဖြတ်တောက်ခံရမှု ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ရုရှားမှ သဘာဝဓာတ်ငွေ့များအား ဂျာမနီသို့ပို့ပေးနေသည့် နော့ဒ်စထရမ်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း၌ ပြီးခဲ့သည့်လအတွင်း ဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပွားခဲ့ရာ အဖျက်အမှောင့် လုပ်ရပ်အဖြစ် ဥရောပသမဂ္ဂက သတ်မှတ်ထားကြောင်း သိရသည်။

KKO

# အလုပ်ခွင် အခွင့်အရေးများမြှင့်တင်ပေးရန် စပိန်တောမီးငြိမ်းသတ်ရေးသမားများ တောင်းဆို

**မက်ဒရစ် အောက်တိုဘာ ၉**



စပိန်တောမီး ငြိမ်းသတ်ရေးသမားဦးရေ ၂၀၀၀ ခန့်တို့သည် အောက်တိုဘာ ၈ရက်တွင်မက်ဒရစ်မြို့၌ အင်အားစုစည်း၍ အလုပ်ခွင်အခွင့်အရေးများ မြှင့်တင်ပေးရန် တောင်းဆိုခဲ့ကြကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မက်ဒရစ်မြို့ဆန္ဒပြပွဲတွင် စပိန်တောမီးငြိမ်းသတ်ရေး သမားများသည် မီးကပ်ပြားများကို လမ်းမတွင် ရိုက်ခတ်ဆန္ဒပြခဲ့ပြီး အလုပ်ခွင်အခွင့်အရေးများ အာမခံချက်ရရှိရေးအတွက် အမြဲတမ်းမီးသတ်တပ်ဖွဲ့ဝင်များအဖြစ် အဆင့်သတ်မှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

ထို့အတူ တောမီးများငြိမ်းသတ်စဉ်ရရှိခဲ့သည့် ဒဏ်ရာများကိုလည်း လုပ်ငန်းခွင် ထိခိုက်မှုများအဖြစ် အသိအမှတ်ပြုရန် ဆန္ဒပြသမားများက တောင်းဆိုခဲ့ကြသည်။

စပိန်နိုင်ငံ၌ တောမီးငြိမ်းသတ်သူများသည် အမြဲတမ်းမီးသတ်တပ်ဖွဲ့ဝင်များမဟုတ်ဘဲ နွေရာသီ တောမီး လောင်ကျွမ်းမှုများကို ကိုင်တွယ်ရေးအတွက် ဒေသန္တရအာဏာပိုင်များက ခန့်အပ်ထားသော အချိန်ပိုင်းမီးသတ်သမားများဖြစ်ကြသည်။

သို့ရာတွင် ယခုနှစ်နွေရာသီအတွင်း စပိန်နိုင်ငံတစ်ဝန်း၌ တောမီးများအကြီးအကျယ်လောင်ကျွမ်းခဲ့စဉ် တောမီးငြိမ်းသတ်ရေးသမားများမှာ အမြဲတမ်းမီးသတ်သမားများကဲ့သို့ပင် သက်စွန့်ဆံဖျားဖြင့် တောမီးများကို ထိန်းချုပ်ရန် ကြိုးပမ်းခဲ့ကြသည်။

ယခုနှစ်နွေရာသီအတွင်း စပိန်နိုင်ငံအပါအဝင် ဥရောပနိုင်ငံအများအပြား၌ တောမီးများ လောင်ကျွမ်းခဲ့ရာ သစ်တောမြေဟက်တာထောင်ပေါင်းများစွာဆုံးရှုံးခဲ့ရကြောင်း သိရသည်။ KKO

# ဖိလစ်ပိုင်နိုင်ငံ၌ အကျဉ်းထောင်အတွင်းတိုက်ခိုက်မှုနှင့် ဓားစာခံဖမ်းဆီးမှုပြုလုပ်ခဲ့သည့် အကျဉ်းသားသုံးဦးကို ပစ်ခတ်ရှင်းလင်း

**မနီလာ အောက်တိုဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် အကျဉ်းထောင်အတွင်း ဆူပူတိုက်ခိုက်မှုများပြုလုပ်ခဲ့သော စစ်သွေးကြွအကျဉ်းသားသုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်းလင်းခဲ့ရကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဖြစ်စဉ်သည် မနီလာမြို့ရဲဒေသအတွင်း ရဲဌာနချုပ်အချုပ်ထောင်တစ်ခု၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အကျဉ်းထောင်ဆူပူတိုက်ခိုက်မှုအတွင်း အဆိုပါအကျဉ်းသားများသည် ရဲတပ်ဖွဲ့ဝင်တစ်ဦးကို ဓားဖြင့်ထိုးခဲ့ပြီး အတိုက်အခံအထက်လွှတ်တော်အမတ်ဟောင်း တစ်ဦးကိုလည်း ဓားစာခံအဖြစ် ဖမ်းဆီးခဲ့ကြောင်း ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါအကျဉ်းသားများသည် အကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားစဉ်အတွင်း တိုက်ခိုက်မှုနှင့် ဓားစာခံဖမ်းဆီးမှုများ ကျူးလွန်ခဲ့ခြင်းဖြစ်သည်။

၎င်းအကျဉ်းသား သုံးဦးစလုံးသည် အစ္စလာမ်မစ်နိုင်ငံ အကြမ်းဖက်အုပ်စု (အိုင်အက်စ်)နှင့် အဆက်အစပ်ရှိသည့် ဖိလစ်ပိုင်အခြေစိုက်အဘူဆေယက်ဖ်စစ်သွေးကြွအုပ်စုဝင်များ ဖြစ်ကြသည်။

အဘူဆေယက်ဖ် စစ်သွေးကြွအုပ်စုကို အမေရိကန်နိုင်ငံနှင့် ဖိလစ်ပိုင်တို့က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက ပေတူဂြိုဟ်တုလမ်းညွှန်စနစ်အားဖြည့်ဂြိုဟ်တုနှစ်စင်းကို ပင်လယ်ရေပြင်ဒုံးပစ်စင်မှတစ်ဆင့် လွှတ်တင်ခဲ့



**ပေကျင်း အောက်တိုဘာ ၉**

တရုတ်နိုင်ငံသည် ပေတူဂြိုဟ်တု လမ်းညွှန်စနစ်အတွက် အားဖြည့်ဂြိုဟ်တုနှစ်စင်းကို အောက်တိုဘာ ၇ ရက်က ပင်လယ်ရေပြင်ဒုံးပစ်စင်မှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ ဂြိုဟ်တုနှစ်စင်းကို ပင်လယ်ဝါအတွင်းရှိ တွဲရေယာဉ် ဒုံးပစ်စင်မှတစ်ဆင့် လောင်းမတ်ချ်-၁၁ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်တီစပေ့စ်-၁ အက်စ် ၅ နှင့် အက်စ် ၆ ဟူ၍ အမည်ပေးထားသည့် အဆိုပါဂြိုဟ်တုနှစ်စင်းသည် ပေတူဂြိုဟ်တုလမ်းညွှန်နှင့် တည်နေရာပြစနစ် အချက်ပြလှိုင်းများ၏ တိကျမှုကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဂြိုဟ်တုနှစ်စင်းသည် ဂြိုဟ်တုအချင်းချင်းလေဆာရောင်ခြည်ဖြင့် ချိတ်ဆက်မှုနည်းပညာကိုလည်း စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၇ ရက်မစ်ရှင်သည် တရုတ်နိုင်ငံက ပြုလုပ်ခဲ့သည့် စတုတ္ထမြောက် ပင်လယ်ရေပြင်မှတစ်ဆင့် ဂြိုဟ်တုလွှတ်တင်မှုဖြစ်သည်။

ပင်လယ်ရေပြင်မှတစ်ဆင့် ပစ်လွှတ်ခဲ့သည့် မစ်ရှင်လေးခုလုံးတွင် တရုတ်နိုင်ငံသည် လောင်းမတ်ချ်-၁၁ ဒုံးပျံများကိုသာ အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## တရုတ်သိပ္ပံပညာရှင်များ ဦးဆောင်သော နိုင်ငံတကာသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က နဂါးငွေ့တန်းကြယ်စု၏ဒြပ်ထုကို တိကျစွာတိုင်းတာခဲ့

**ပေကျင်း အောက်တိုဘာ ၉**

နဂါးငွေ့တန်းကြယ်စု၏ဒြပ်ထုကို တရုတ်သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာသိပ္ပံပညာရှင်အဖွဲ့တစ်ဖွဲ့က တိကျစွာတိုင်းတာခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက အောက်တိုဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ တိုင်းတာချက်သစ်အရ နဂါးငွေ့တန်းကြယ်စု၏ဒြပ်ထုသည် နေဒြပ်ထုထက် အဆပေါင်း ဘီလီယံ ၅၅၀ ခန့် ပိုများသည်ဖြစ်ရာ အခြားသိပ္ပံပညာရှင်များ၏ တိုင်းတာမှုမှ ထွက်ပေါ်လာသည့် ပမာဏ၏ ထက်ဝက်နီးပါးသာရှိကြောင်း သိရသည်။

နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ထုသည် နေဒြပ်ထုထက် အဆပေါင်း ၁ ထရီလီယံခန့် ပိုများကြောင်း သိပ္ပံပညာရှင်များက ရှေးယခင်က တွက်ချက်ထားသည်။

သို့ဖြစ်ရာ မိမိတို့၏ထပ်မံတိုင်းတာချက်အရ နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ထုသည် ယခင်ထင်မှတ်ထားသကဲ့သို့မဟုတ်ဘဲ အလွန်နည်းပါးကြောင်း တရုတ်အမျိုးသား သိပ္ပံအကယ်ဒမီမှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။



နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ထု မျှော်လင့်ထားသကဲ့သို့မဟုတ်ဘဲ အလွန်နည်းပါးမှုသည် ကြယ်စုအတွင်း အလင်း ရောင်ထုတ်လွှတ်မှုမရှိသော်လည်း ဒြပ်ဆွဲအားရှိသော မဟူရာဒြပ်စင်များ အလွန်နည်းပါးနေသည့်သဘောဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

တရုတ်နှင့် နိုင်ငံတကာ သိပ္ပံပညာရှင်များသည် တရုတ်အခြေစိုက် LAMOST ရေဒီယိုတယ်လီစကုပ်နှင့် ဥရောပအာကာသအေဂျင်စီ၏ ဂိုင်ယာဂြိုဟ်တုတို့ကိုသုံး၍ နဂါးငွေ့တန်းကြယ်စု၏ ဒြပ်ထုကို တိုင်းတာခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။ KKO

## လွန်ခဲ့သောနှစ် သန်း ၂၄၀ ခန့်က ယနေ့ခေတ် စကော့တလန်နိုင်ငံနေရာ၌ ကြောင်တစ်ကောင်အရွယ်အစားရှိ ပုံသဏ္ဌာန်ထူးဆန်းသည့် တွားသွားသတ္တဝါတစ်မျိုးရှင်သန်နေထိုင်ခဲ့

**အီဒင်ဘတ် အောက်တိုဘာ ၉**

လွန်ခဲ့သောနှစ် သန်း ၂၄၀ ခန့်က ယနေ့ခေတ် စကော့တလန်နိုင်ငံနေရာ၌ ကြောင်တစ်ကောင်၏ အရွယ်အစားမျှသာရှိပြီး ပုံပန်းသဏ္ဌာန်ထူးဆန်းသည့် ကမ္ဘာဦး တွားသွားသတ္တဝါတစ်မျိုး ရှင်သန်နေထိုင်ခဲ့ဖူးကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

စကော့တလန် အမျိုးသားပြတိုက်မှ သိပ္ပံပညာရှင်များသည် အရွယ်အစားသေးငယ်သည့် ထရိုင်အားဆစ်ဘူမိခေတ် သက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ပြန်လည်လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

လေ့လာတွေ့ရှိချက်အရ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းသည် တာရိုဆောရပ်စ် (Pterosaurs) ခေါ် မိုးပျံ တွားသွားသတ္တဝါတစ်မျိုးနှင့် နီးစပ်မှုရှိကြောင်း စကော့တလန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Scleromochlus Taylori ခေါ် အဆိုပါသက်ရှိသည် ကြောင်တစ်ကောင်၏ အရွယ်အစားမျှသာရှိပြီး ပုံပန်းသဏ္ဌာန်မှာ ထူးဆန်းကြောင်း စကော့တလန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ထို့ပြင်Scleromochlus Taylori များသည် ဒိုင်နိုဆောသတ္တဝါများနှင့်အတူ ကမ္ဘာပေါ်၌ရှင်သန်ခဲ့သည့် တာရိုဆောရပ်စ် မိုးပျံတွားသွားသတ္တဝါများနှင့်လည်း မျိုးရိုးနီးစပ်မှုရှိကြောင်း သိရသည်။

Scleromochlus Taylori ကျောက်ဖြစ်ရုပ်ကြွင်းကို လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်ကပင် စကော့တလန် အရှေ့မြောက်ပိုင်း၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## အသီးအရွက်အဓိကစားသုံးသူများ စိတ်ကျဝေဒနာဝင်နိုင်ခြေ ပုံမှန်ထက်မြင့်မား

**ဘရာဇီးလ်းယား အောက်တိုဘာ ၉**

အသီးအရွက်အဓိကစားသုံးသူများသည် စိတ်ကျဝေဒနာဝင်ရောက်မှုကြိမ်ရေ ပုံမှန်ထက်ပိုမြင့်မားနေနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

ဘရာဇီး သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အသီးအရွက်ကိုသာ အဓိကစားသုံးသူများသည် အသားငါးပုံမှန်စားသုံးသူများထက် စိတ်ကျဝေဒနာဝင်နိုင်ခြေ နှစ်ဆကျော် ပိုမြင့်မားကြောင်း သိရသည်။

အသီးအရွက်စားသူများ၌ စိတ်ကျဝေဒနာဖြစ်နိုင်ခြေ မြင့်မားမှုသည် အစားအသောက်ရွေးချယ်ပုံကြောင့် အလှောင်ခံရခြင်းကဲ့သို့ ၎င်းတို့ရင်ဆိုင်ခံစားနေရသော လူမှုဆက်ဆံရေး အတွေ့အကြုံများနှင့် ဆက်စပ်နေနိုင်ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် စိတ်ကျဝေဒနာအခံရှိသူများ အသီးအရွက်စားသူများအဖြစ်သို့ ပြောင်းသွားခြင်းလည်း ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဘရာဇီး သုတေသနပညာရှင်များသည် အသက် ၃၅ နှစ်နှင့် ၇၄ နှစ်ကြား အရွယ်ရောက်သူ ၁၄၂၀၀ ကျော်တို့၏ အစားအစာစားသုံးပုံများကို လေ့လာခဲ့ရာ အသီးအရွက်စားသူများသည် အသားငါးစားသူများထက် စိတ်ကျဝေဒနာပေါ်ထွက်မှုကြိမ်ရေ ၂ ဒသမ ၇ ဆပိုများကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အစားအစာများကြား အာဟာရဓာတ်ပါဝင်မှုခြားနားချက်ကို ထည့်သွင်းတွက်ချက်ခဲ့လျှင်ပင် အသီးအရွက်စားသူများမှာ အသားစားသူများထက် စိတ်ကျဝေဒနာ ဝင်ရောက်မှုကြိမ်ရေ နှစ်ဆကျော် ပိုများသဲဖြစ်ကြောင်း သိရသည်။

KKO

## သမထထိုင်ခြင်း၊ ယောဂကျင့်ခြင်းတို့က သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို လျှော့ချနိုင်

**နယူးယောက် အောက်တိုဘာ ၉**

သမထထိုင်ခြင်း၊ ယောဂကျင့်ခြင်းတို့သည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို လျှော့ချရာတွင် ဆီးချိုရောဂါဆေးဝါးများကဲ့သို့ပင် ထိရောက်မှုရှိကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက အောက်တိုဘာ ၈ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတောင်ပိုင်း တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပြီးခဲ့သည့်နှစ် ၃၀ အတွင်း ကမ္ဘာတစ်ဝန်းပြုလုပ်ခဲ့သော စမ်းသပ်မှုပေါင်းများစွာတို့မှ အချက်အလက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ သမထထိုင်မှုပုံစံ အမျိုးမျိုးကြောင့် ပုံစံ-၂ ဆီးချိုရောဂါ လူနာများ၏ သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်း ကျဆင်းမှုအဆင့်မှာ သုည ဒသမ ၈ ရာခိုင်နှုန်းထိ မြင့်တက်လာကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သမထထိုင်မှုနှင့် ယောဂကျင့်စဉ်များကြောင့် သွေးအတွင်းသကြားဓာတ်ပါဝင်နှုန်း ကျဆင်းမှုသည် မက်ဖော်မင်ဆီးချိုဆေးတမျှ မြင့်မားမှုရှိကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပုံစံ-၂ ဆီးချိုရောဂါသည် အဖြစ်အများဆုံး ဆီးချိုရောဂါဖြစ်ပြီး လူ့ကိုယ်ခန္ဓာက အင်ဆူလင်ဟော်မုန်းများကို တုံ့ပြန်မှုမရှိချိန်တွင် ဖြစ်ပွားတတ်ကြောင်း၊ သမထထိုင်ခြင်းနှင့် ယောဂကျင့်ခြင်းကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အလေ့အကျင့်များဖြင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှုအဆင့်ကို ထိန်းချုပ်နိုင်ကြောင်း သုတေသနပညာရှင်များက တင်ပြခဲ့ဖူးသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# WBC ယာယီလိုက်မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ကို ဖန်ဒိုရာ ကာကွယ်နိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၉**

WBC ယာယီလိုက် မစ်ဒယ်ဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိ ယာယီချန်ပီယံ ဖန်ဒိုရာနှင့် စိန်ခေါ်သူ မက္ကဆီကို လက်ဝှေ့သမား ကားလို့စ်အိုကမ်ပို တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဖန်ဒိုရာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိကာ လက်ရှိ ယာယီချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့ကြောင်း Ring TV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဖန်ဒိုရာသည် ဒိုင်အမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သော်လည်း ရရှိခဲ့သည့် ရမှတ်များမှာ ပြတ်သားခဲ့ပြီး လက်ရှိ ယာယီချန်ပီယံဘွဲ့ကို ထိုက်ထိုက်တန်တန်ဖြင့် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် အမှတ်(၁) အမှတ်ပေးဒိုင်က (၁၁၇-၁၁၁) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၂) အမှတ်ပေးဒိုင်က (၁၁၈-၁၁၀) ရမှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃) အမှတ်ပေးဒိုင်က (၁၁၉-၁၀၉) ရမှတ်ဖြင့်လည်းကောင်း ဖန်ဒိုရာကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဖန်ဒိုရာသည် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့ပြီး ကားလို့စ်အိုကမ်ပိုအနေဖြင့် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဒုတိယမြောက်ရှုံးပွဲဖြင့် ရင်ဆိုင်ခဲ့ရသည်။

ဖန်ဒိုရာက "အိုကမ်ပိုဟာ ခက်ခဲတဲ့ ပြိုင်ဘက်တစ်ယောက်ပါ။ မက္ကဆီကို လက်ဝှေ့ကစားသမားတွေထဲမှာ အိုကမ်ပိုဟာ တော်တော်လေးကို မာပါတယ်။ ကျွန်တော့်အနေနဲ့ အရပ်အမြင့်က သူ့ထက် ခေါင်းတစ်လုံးလောက်ကို သာနေခဲ့တယ်။ ဒီအားသာချက်ကို အခွင့်ကောင်းရယူပြီး အနိုင်ရလဒ်ရရှိအောင် ကြိုးစားထိုးသတ်ခဲ့တာပါ။ အိုကမ်ပိုဟာ ကျွန်တော့်မျက်နှာကို ထိုးဖို့ အရပ်အမြင့်က ခေါင်းတစ်လုံးကွာနေတဲ့အတွက် ကျွန်တော့်ခန္ဓာကိုယ်ပိုင်းကိုပဲ ဦးစားပေးထိုးသတ်ခဲ့တယ်။ ကျွန်တော်ကိုယ်တိုင်ကလဲ သူ့အနေနဲ့ ကျွန်တော့်ခန္ဓာကိုယ်ကိုပဲ ဦးစားပေးပြီး ထိုးသတ်စေချင်ခဲ့တာပါ။ ဒါမှလဲ Upper ထိုးချက်တွေထိုးနိုင်ဖို့ အခွင့်အရေးရလာမယ်။ ပွဲစဉ်တစ်လျှောက်လုံး ရလာတဲ့အခွင့်အရေးတိုင်းကို အပြည့်အဝ အသုံးချနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။ AZL



**ပရီးမီးယားလိဂ် ပွဲစဉ် (၁၀) ရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၂ | - | ၁ | လိဒ် |
| ဝက်စ်ဟမ်း | ၃ | - | ၁ | ဖူလ်ဟမ် |
| အာဆင်နယ် | ၃ | - | ၂ | လီဗာပူး |

**စပိန်လာလီဂါ ပွဲစဉ် (၈) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဗယ်လာဒိုးလစ် | ၀ | - | ၀ | ဘက်တစ် |
| ကာဒီဇက် | ၂ | - | ၂ | အက်စ်ပန်ညို |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ပီအက်စ်ဂျီအသင်းနှင့် ရိမ်းအသင်းတို့ပွဲစဉ်တွင် ပွဲထွက်ကစားခွင့်ရရှိခဲ့သည့် ခံစစ်ကစားသမား ရာမို့စ်အနေဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသောကြောင့် ကစားသမားဘဝတစ်လျှောက် အနီကတ် ၂၈ ကြိမ်ထိ ရှိလာခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက ပစ်မှတ်ထားနေသည့် ပီအက်ဗွီတိုက်စစ်မှူး ဂတ်ပိုကို လိဒ်အသင်းက ခေါ်ယူရန်နီးစပ်နေကြောင်း သိရသည်။ ML

# မန်စီးတီးအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် ဒီဘရိုင်းစံချိန်သစ်တင်

**မန်ချက်စတာ အောက်တိုဘာ ၉**



ပြီးခဲ့သည့် အောက်တိုဘာ ၈ ရက်က ကစားခဲ့သည့် မန်စီးတီးအသင်းနှင့်ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည့် တိုက်စစ်မှူး ဒီဘရိုင်းသည် အသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှု ၉၄ ကြိမ်ထိ ရှိလာခဲ့သောကြောင့် ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယခင်က မန်စီးတီးအသင်းတွင် ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးဗားကအသင်းနှင့်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၃၀၉ ပွဲတွင် ဂိုးဖန်တီးမှု ၉၃ ကြိမ်ဖြင့် ထိပ်ဆုံးမှရပ်တည်နေသော်လည်း ယခုအခါ ဒီဘရိုင်းက ပြိုင်ပွဲစုံ ၂၁၅ ပွဲ ပါဝင်ကစားခဲ့ရာတွင် ဂိုးဖန်တီးမှု ၉၄ ကြိမ်ထိ ရှိလာခဲ့သောကြောင့် အသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပရီးမီးယားလိဂ်တွင် ဂိုးဖန်တီးမှု အများဆုံးကစားသမားများဖြစ်သည့် မန်ယူအသင်း ကွင်းလယ်ကစားသမားဟောင်း ရိုင်ယန်ဂစ်က ၁၆၂ ကြိမ်၊ အာဆင်နယ်ကစားသမားဟောင်း ဖာဘရီဂတ်စ်က ၁၁၁ ကြိမ်၊ မန်ယူအသင်းကစားသမားဟောင်း ရွန်းနီက ၁၀၃ ကြိမ်၊ ချဲလ်ဆီး ကစားသမားဟောင်း လမ်းပတ်က ၁၀၂ ကြိမ်တို့နောက်တွင် ပဥ္စမမြောက် ကစားသမားအဖြစ် ဒီဘရိုင်းက ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။ ML

# ပြင်သစ်လီဂူးပြိုင်ပွဲသမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ နှင့် ဂိုးဖန်တီးမှုအကြိမ်ရေ ၁၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် ပါယက် စံချိန်သစ်တင်

**ပဲရစ် အောက်တိုဘာ ၉**

မာဆေးအသင်း ဝါရင့်ကွင်းလယ်ကစားသမား ပါယက်သည် အေဂျက်စီယိုအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပြင်သစ်လီဂူးပြိုင်ပွဲ သမိုင်းတစ်လျှောက် သွင်းဂိုး ၁၀၀ နှင့် ဂိုးဖန်တီးမှုအကြိမ်ရေ ၁၀၀ ပြည့်မြောက်သည့် ပထမဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်ဟု L'Equipe သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် မာဆေးအသင်းသည် အိမ်ကွင်းတွင် အေဂျက်စီယိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ပါယက်သည် ပွဲချိန် ၁၅ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပြင်သစ်လီဂူးပြိုင်ပွဲတွင် သွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့ပြီး စံချိန်မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၅ နှစ်ရှိ ပါယက်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို နန့်တက်အသင်းနှင့်စတင်ခဲ့ပြီးနောက် စိန့်အက်တီယန်အသင်း၊ လိုင်လီအသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် မာဆေးအသင်းတို့တွင် ကစားခဲ့သူဖြစ်သည်။

ပါယက်သည် မာဆေးအသင်းတွင် ပထမတစ်ကြိမ်အဖြစ် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်ထိ ကစားခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင်လက မာဆေးအသင်းမှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ထို့နောက် ဝက်စ်ဟမ်းအသင်းတွင် သုံးနှစ်ကြာကစားခဲ့ပြီးနောက် ၂၀၁၇ ခုနှစ် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလက အသင်းဟောင်း မာဆေးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် လက်ရှိအချိန်ထိ အသင်းနှင့် အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ ပြင်သစ်လီဂူးပြိုင်ပွဲတွင် တစ်ဦးမျှမရရှိဖူးသည့် စံချိန်ကောင်းတစ်ရပ်ကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA



# Astana Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဂျိုကိုဗစ် တက်ရောက်

**အက်စ်တာနာ အောက်တိုဘာ ၉**

ကာဇက်စတန်နိုင်ငံတွင် ကျင်းပနေသည့် Astana Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ရုရှားတင်းနစ်ကစားသမားမျက်ဒဗျက်နှင့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ မျက်ဒဗျက်က ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲပြီးဆုံးအောင် ကစားနိုင်ခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် ဂျိုကိုဗစ်က ဗိုလ်လုပွဲစဉ်သို့ တက်ရောက်ခဲ့ကြောင်း 9News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပထမပွဲငယ်၌ မျက်ဒဗျက်က (၆-၄) ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဂျိုကိုဗစ်က(၇-၆) ရလဒ်ဖြင့် ပြန်လည်အနိုင်ရသည့်အတွက်ကြောင့် တစ်ပွဲစီအနိုင်ရထားပြီး သရေရလဒ် ထွက်ပေါ်နေချိန် မျက်ဒဗျက်သည် ဘယ်ဘက်ခြေထောက်ဒဏ်ရာ ရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဂျိုကိုဗစ်အနေဖြင့် မျက်ဒဗျက်ကို နောက်မှလိုက်ကစားခဲ့ရသော်လည်း မျက်ဒဗျက်ဒဏ်ရာကြောင့် ဆက်ကစားနိုင်ခြင်းမရှိသည့် အခြေအနေကြောင့် အနိုင်ရခဲ့ခြင်းအပေါ် အပြည့်အဝ စိတ်ကျေနပ်မှုမရခဲ့ကြောင်း သိရသည်။

ဂျိုကိုဗစ်က "ရုတ်တရက်ကြီး မျက်ဒဗျက်က ပြိုင်ပွဲကနေနုတ်ထွက်လိုက်ပြီလို့ ထုတ်ပြန်ကြေညာလိုက်တော့ ကျွန်တော်အံ့ဩသွားတယ်။ ဘယ်လိုဖြစ်တာလဲပေါ့။ နောက်မှ ခြေထောက်ဒဏ်ရာရသွားလို့ ဆက်ကစားသွားဖို့မဖြစ်နိုင်တော့တဲ့အတွက် ပြိုင်ပွဲကနေနုတ်ထွက်ခဲ့တဲ့အကြောင်း သိခဲ့ရတော့ စိတ်မကောင်းပါဘူး။ ဒီအဆင့်ထိရောက်လာခဲ့ပြီးမှ အခုလိုဒဏ်ရာပြဿနာနဲ့ ရင်ဆိုင်လိုက်ရတာ ကိုယ်ချင်းစာပါတယ်။ မျက်ဒဗျက်ဟာ တင်းနစ်လောကရဲ့ ဖိုက်တာတစ်ယောက်ပါ။ ကြီးကျယ်ခမ်းနားတဲ့ ကစားသမားတစ်ယောက်လဲ ဖြစ်ပါတယ်။ တော်ရုံဒဏ်ရာလောက်နဲ့တော့ သူပြိုင်ပွဲကနေနုတ်ထွက်မှာမဟုတ်ပါဘူး။ အခြေအနေဆိုးရွားလို့ အခုလိုဆုံးဖြတ်လိုက်တာလို့လဲ ကျွန်တော်ယုံကြည်တယ်။ မျက်ဒဗျက်အနေနဲ့ ဒဏ်ရာအခြေအနေ အမြန်ဆုံးတိုးတက်ကောင်းမွန်လာပါစေလို့ ဆုတောင်းပေးပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ISPE အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



**ရန်ကုန် အောက်တိုဘာ ၉**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ISPEအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ISPEအသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ISPE အသင်းက ခြေစွမ်းပိုင်း အသာစီးဖြင့် ရခိုင်ယူနိုက်တက်အသင်းကို ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန်၄၀မိနစ်တွင် မြင့်မြတ်စိုးက ISPEအသင်းအတွက်ဦးဆောင်ဂိုး သွင်းယူပေးနိုင်ခဲ့သော်လည်း ပွဲချိန် ၄၃ မိနစ်တွင် သိန်းသန်းဝင်းက ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်း ပြန်လည်စတင်ချိန်တွင် ISPE အသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ပြီး ပထမပိုင်းကထက် ဂိုးသွင်းခွင့်များပိုမိုရရှိခဲ့ကာ ပွဲချိန် ၅၁ မိနစ်နှင့် ၅၅ မိနစ်တွင် သိန်းဇော်သီဟက ISPEအသင်းအတွက် ဦးဆောင်ဂိုး နှစ်ဂိုး ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။

လက်ကျန်ပွဲချိန်များတွင် ရခိုင်ယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားခဲ့သော်လည်း ISPEအသင်း ခံစစ်ပိုင်းကို ကျော်ဖြတ်ရန် ခက်ခဲခဲ့ပြီး ပွဲပြီးဆုံးခါနီး နာကျင်အချိန်ပို လေးမိနစ်တွင် ကျော်မျိုးနိုင်က ISPE အသင်းအတွက် စတုတ္ထဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPEအသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၅)အဖြစ် အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် ရောဝတီယူနိုက်တက်နှင့်ဟံသာဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

STA

# ယူရို ၂၀၂၄ ခြေစစ်ပွဲ အုပ်စုမဲခွဲမှုတွင် အင်္ဂလန်နှင့် အီတလီအသင်းတို့ တစ်အုပ်စုတည်းကျရောက်

**လန်ဒန် အောက်တိုဘာ ၉**

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိထားသည့် ယူရို ၂၀၂၄ ပြိုင်ပွဲခြေစစ်ပွဲအဆင့်အတွက် အုပ်စုမဲခွဲမှုကို ယနေ့တွင် ပြုလုပ်ခဲ့ရာ အင်္ဂလန်အသင်းနှင့် အီတလီအသင်းတို့တစ်အုပ်စုတည်း ကျရောက်ခဲ့သည်ဟု The Telegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီအသင်းနှင့် အင်္ဂလန်အသင်းတို့သည် ပြီးခဲ့သည့် ယူရို ၂၀၂၀ ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် တွေ့ဆုံခဲ့ပြီး အီတလီအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ကာ ပြိုင်ပွဲတစ်လျှောက်ရှုံးပွဲမရှိခဲ့ဘဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ယခုအခါတွင်လည်း ၎င်းတို့နှစ်သင်း အုပ်စုအဆင့်တွင်ပင် ပြန်လည်ထိပ်တိုက်တွေ့ဆုံနေခြင်းဖြစ်သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ဥရောပတစ်ဝန်းမှအသင်းပေါင်း ၅၃ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ခြေစစ်ပွဲအဆင့်တွင် ငါးသင်းပါ အုပ်စုခုနစ်ခုနှင့် ခြောက်သင်းပါ အုပ်စု သုံးအုပ်စု ခွဲခြားထားပြီး အုပ်စုပွဲစဉ်များကို ၂၀၂၃ ခုနှစ် မတ် ၂၃ ရက်မှ နိုဝင်ဘာ ၂၁ ရက်ထိ ကစားသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲအတွက် အုပ်စုမဲခွဲမှုအပြီး အုပ်စု(A)တွင်စပိန်၊ စကော့တလန်၊ နော်ဝေ၊ ဂျော်ဂျီယာနှင့် ဆိုက်ပရပ်အသင်း၊ အုပ်စု (B)တွင် နယ်သာလန်၊ ပြင်သစ်၊ အိုင်ယာလန်၊ ဂရိနှင့် ဂျီဘရော်တာအသင်း၊အုပ်စု (C)တွင် အီတလီ၊အင်္ဂလန်၊ယူကရိန်း၊ မြောက်မက်ဆီဒိုးနီးယားနှင့်မော်လ်တာအသင်း၊အုပ်စု(D)တွင် ခရိုအေးရှား၊ ဝေးလ်၊ အယ်မေးနီးယား၊ တူရကီနှင့်လက်ဗီးယားအသင်း၊အုပ်စု(E) တွင် ပိုလန်၊ ချက်၊ အယ်ဘေးနီးယား၊ ပြင်သစ်နှင့်မော်ဒိုဗာအသင်း၊အုပ်စု (F)တွင် ဘယ်လ်ဂျီယံ၊ဩစတြီးယား၊ ဆွီဒင်၊ အဇာဘိုင်ဂျန်နှင့်အက်စ်တိုးနီးယားအသင်း၊ အုပ်စု (G)တွင် ဟန်ဂေရီ၊ဆားဘီးယား၊မွန်တီနီဂရိုး၊ ဘူဂေးလ်ရီးယားနှင့် လစ်သူယေးနီးယား၊ အုပ်စု(H)တွင် ဒိန်းမတ်၊ ဖင်လန်၊ ဆလိုဗေးနီးယား၊ကာဇက်စတန်၊ မြောက်အိုင်ယာလန်နှင့် ဆန်မာရီနိုအသင်း၊ အုပ်စု(I)တွင် ဆွစ်ဇာလန်၊ အစ္စရေး၊ ရိုမေးနီးယား၊ ကိုဆိုဗို၊ ဘီလာရုစ်နှင့် အန်ဒိုရာ၊ အုပ်စု(J)တွင် ပေါ်တူဂီ၊ ဘော့စနီးယား၊ အိုက်စလန်၊ လူဇင်ဘတ်၊ ဆလိုဗက်ကီးယားနှင့်လက်ချင်စတိန်းအသင်းတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။

STA

# မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက စီရော်နယ်ဒိုကို တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၃၀ ဖြင့် ကမ်းလှမ်း

**မန်ချက်စတာ အောက်တိုဘာ ၉**

ယခုနှစ်ဘောလုံးရာသီ၌ မန်ယူအသင်းတွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် တိုက်စစ်မှူး စီရော်နယ်ဒိုကို ရလဒ်ဆိုးများမှ ရုန်းထွက်နိုင်ရန်အတွက် မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းက တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူရန်ကမ်းလှမ်းခဲ့ကြောင်း Daily Star သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်း ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းပိုင်ဆိုင်သည့် အင်တာမီယာမီအသင်းက ရာသီကုန်တွင် အသင်းမှ တိုက်စစ်မှူး အီဂူအင်အနားယူမည်ဖြစ်သောကြောင့် လစ်လပ်သွားသည့်တိုက်စစ်ပိုင်းတွင် စီရော်နယ်ဒိုနှင့် အစားထိုးနိုင်ရန်အတွက် တစ်နှစ်လုပ်ခ စတာလင်ပေါင် သန်း ၃၀ ပေး၍ လာမည့် ဇန်နဝါရီအပြောင်းအရွှေ့တွင် ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အင်တာမီယာမီအသင်းနည်းပြ ဂယ်ရီနဗီးလ်ကလည်း အသင်းအနေဖြင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် စီရော်နယ်ဒိုကို မခေါ်ဆိုနိုင်ပါက ရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။

ML




# ဒဏ်ရာခွဲစိတ်ရမည့် ကွင်းလယ်ကစားသမား အာသာ လေးလခန့်အနားယူရမည်ဟု လီဗာပူးအသင်းပြောကြား

**လန်ဒန် အောက်တိုဘာ ၉**

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ဂျူဗင်တပ်အသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အာသာအနေဖြင့် ဒဏ်ရာပြဿနာကြောင့် လေ့ကျင့်ခန်းပြန်လည်ပြုလုပ်နိုင်သော်လည်း ၎င်း၏ ဒဏ်ရာမှာ ခွဲစိတ်ကုသမှု ခံရမည်ဖြစ်၍ လေးလခန့် အနားယူရမည်ဖြစ်ကြောင်း လီဗာပူးအသင်းက ပြောကြားခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား အာသာသည် လီဗာပူးအသင်းသို့ ရောက်ရှိခဲ့စဉ်က ဒဏ်ရာကြောင့် ကြံ့ခိုင်မှုမပြည့်ဝသေးသဖြင့် ပွဲထွက်ခွင့်မရရှိခဲ့သော်လည်း ၎င်းအနေဖြင့် နိုင်ငံတကာပြိုင်ပွဲကာလအတွင်း အပြင်းအထန်လေ့ကျင့်မှုများ ပြုလုပ်၍ ကြံ့ခိုင်မှု အားကောင်းလာခဲ့ရာ ရိန်းဂျားအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ပါဝင်ကစားရန်အတွက် ဆေးစစ်မှုခံယူခဲ့ချိန်တွင် ကြွက်သားဒဏ်ရာကြောင့် ထပ်မံလွဲချော်ခဲ့ရကြောင်း သိရသည်။

လက်ရှိတွင် လီဗာပူးအသင်းအနေဖြင့် အာသာကို ဆေးစစ်မှုအကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီးနောက် ၎င်း၏ဒဏ်ရာကို ခွဲစိတ်ကုသရန် ဆုံးဖြတ်ခဲ့ပြီး ရက်ပိုင်းအတွင်းခွဲစိတ်မှုပြုလုပ်မည်ဖြစ်သောကြောင့် ၎င်းသည် ဒဏ်ရာမှပြန်လည်ကောင်းမွန်ရန်အတွက် သုံးလကျော် လေးလခန့်အနားယူရမည်ဖြစ်၍ လာမည့်နှစ် ဇန်နဝါရီလနောက်ပိုင်းမှသာ အသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်သည်။

လီဗာပူးအသင်းသည် ကွင်းလယ်ကစားသမား အာသာကို ခေါ်ယူပြီးနောက် ယူ-၂၃ အသင်းတွင် ဖလားပြိုင်ပွဲနှင့် အမှတ်ပေးပြိုင်ပွဲများတွင် ပါဝင်ကစားစေခဲ့ပြီး နာပိုလီအသင်းကိုရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ၁၃ မိနစ်ခန့်သာအသုံးပြုခဲ့ရသော်လည်း ကစားသမားအနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်သဖြင့် ဂျူဗင်တပ်အသင်းထံမှအငှားစာချုပ်တန်ကြေး စတာလင်ပေါင် ၃၃ သန်းကို လျှော့ချတောင်းဆို၍ နောက်ထပ်တစ်နှစ်အငှားစာချုပ် ချုပ်ဆိုနိုင်ဖွယ်ရှိကြောင်း သိရသည်။

ML

## ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**ဒေါ့မွန် Vs ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၁၂-၁၀-၂၀၂၂ (နံနက် ၀၁း၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**ဆီဗီလာ ၁ - ၄ ဒေါ့မွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **ဒေါ့မွန်** | **-** | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |
| **ဆီဗီလာ** | **-** | **အိမ်(ရှုံး)** | **အိမ်(ရှုံး)** | **အိမ်(သရေ)** |

လက်ရှိအချိန်ထိ ခြေစွမ်းပိုင်းတိုးတက်လာခြင်းမရှိသေးတဲ့ ဆီဗီလာအသင်းအတွက် အဝေးကွင်းမှာ ဆက်လက်ရုန်းကန်ရဖို့ ရှိနေပါတယ်။ လက်ရှိ ဒေါ့မွန်အသင်းရဲ့ခြေစွမ်းပိုင်းကလဲ ကောင်းမွန်နေလို့ ဆီဗီလာအသင်းကို ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဒေါ့မွန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - ဒေါ့မွန် ၂ - ၀ ဆီဗီလာ**

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၉) ရလဒ်

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၅ | - | ၂ | ကိုလုံး |
| ဟာသာဘာလင် | ၂ | - | ၂ | ဖရိုင်းဘတ် |

## အီတလီစီးရီးအေ ပွဲစဉ် (၉) ရလဒ်

| | | | | |
|---|---|---|---|---|
| တိုရီနို | ၁ | - | ၁ | အမ်ပိုလီ |
| မွန်ဇာ | ၂ | - | ၀ | စပီဇီယာ |
| အူဒီးနီးစ် | ၂ | - | ၂ | အတ္တလန်တာ |

## ပြင်သစ်လီဂူး ပွဲစဉ် (၁၀) ရလဒ်

| | | | | |
|---|---|---|---|---|
| အန်ဂါ | ၂ | - | ၃ | စထရာဘော့ |
| ဘရက် | ၁ | - | ၂ | လိုရီယန့် |
| နိုက် | ၃ | - | ၂ | ထရွိုင်းယက် |
| ရင်းနက် | ၃ | - | ၀ | နန့်တက် |
| ကလဲယားမောင့် | ၂ | - | ၁ | အော်ဇေး |

(၀၄၀)

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ ထူးခြားချက်များ

ပိုက်တင်

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် ယူရေးရှားဟုခေါ်တွင်သော ဥရောပနှင့် အာရှဒေသရှိ နိုင်ငံတချို့က စီးပွားရေး၊ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် ဖွဲ့စည်းလိုက်သော အဖွဲ့အစည်းဖြစ်လေ၏။

၁၉၉၆ ခုနှစ်က နိုင်ငံငါးနိုင်ငံ(တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်)ပူးပေါင်းဖွဲ့စည်းခဲ့သည့် Shanghai 5 ဟုခေါ်တွင်သော အဖွဲ့အစည်းကို ပိုမိုနက်ရှိုင်းသော စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်လျက် (အမည်ပြောင်း)ချဲ့ထွင်ဖွဲ့စည်းလိုက်ခြင်းလည်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ အိန္ဒိယ၊ အီရန်၊ ပါကစ္စတန်၊ ဥဇဘက်ကစ္စတန်နိုင်ငံတို့ဖြစ်ပြီး လေ့လာစောင့်ကြည့်သူနိုင်ငံများအဖြစ် အာဖဂန်နစ္စတန်၊ ဘယ်လာရုစ်နှင့် မွန်ဂိုလီးယား၊ ဆွေးနွေးဖက်နိုင်ငံများအဖြစ် အာမေးနီးယား၊ အဇာဘိုင်ဂျန်၊ ကမ္ဘောဒီးယား၊ အီဂျစ်၊ နီပေါ၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ သီရိလင်္ကာနှင့် တူရကီနိုင်ငံတို့ပါဝင်ကြသည်။ နောက်ထပ် ဆွေးနွေးဖက်နိုင်ငံများအဖြစ် မြန်မာနိုင်ငံကိုလက်ခံရန် ဆုံးဖြတ်ထားပြီးလည်းဖြစ်သည်။

SCO သည် လက်ရှိကမ္ဘာတွင် ပြိုင်ဘက်မရှိ အကြီးမားဆုံးဒေသတွင်း အဖွဲ့အစည်းဖြစ်သည်။ ဥရောပနှင့် အာရှဒေသ၏ ၆၀ ရာခိုင်နှုန်းကို လွှမ်းခြုံထားပြီး ကမ္ဘာ့လူဦးရေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းပါဝင်ကာ တစ်ကမ္ဘာလုံး GDP ၏ ၃၀ ရာခိုင်နှုန်းကျော်ထိရှိသည်ဟုလည်း ဆိုလေ၏။

**SCO အဖွဲ့အစည်း၏ ထူးခြားချက်များမှာ-**

၁။ အမေရိကန်နိုင်ငံ၏ စောင့်ကြည့်လေ့လာသူအဖြစ် လျှောက်ထားမှုကို ငြင်းဆိုခဲ့သည်။ ၂၀၀၅ ခုနှစ် ဇူလိုင်လတွင် ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေးတစ်ခုတွင် SCO သည် ၎င်း၏အဖွဲ့ဝင်နိုင်ငံများဖြစ်သော ဥဇဘက်ကစ္စတန်နှင့် ကာဂျစ်စတန်နိုင်ငံတို့ရှိ အမေရိကန်တပ်များရုပ်သိမ်းရေးအတွက် တိကျရှင်းလင်းသည့် အချိန်ဇယားသတ်မှတ်ပေးရန် တောင်းဆိုခဲ့သည်။ ထို့နောက် များမကြာမီကာလတွင် ဥဇဘက်ကစ္စတန်နိုင်ငံက ၎င်းတို့နိုင်ငံရှိ အမေရိကန်လေတပ်အခြေစိုက်စခန်း ( K2 airbase)ကို ဖယ်ရှားပေးရန် တောင်းဆိုခဲ့သည်။ SCO အဖွဲ့ဝင်နိုင်ငံများအတွင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းများကိစ္စကို SCO သည် မည်သည့်အခါမှ တိုက်ရိုက်ထုတ်ဖော်ပြောကြားမှုမရှိသော်လည်း ထုတ်ပြန်ကြေညာချက်များတွင် သွယ်ဝိုက်ဖော်ပြလေ့ရှိသည်။ ထင်ရှားသည့်အချက်မှာ ဝါရှင်တန်နှင့် ပေကျင်းကြားရှိ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာအားပြိုင်မှု အရှိန်မြင့်လာသည့်အချိန်တွင် SCO အဖွဲ့အစည်းသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏အားသာချက်ကို ပုံဖော်နိုင်မည့် အင်အားတစ်စိတ်တစ်ပိုင်းဖြစ်သည်ဟူသော အချက်ပင်ဖြစ်သည်။ ထို့မျှမကပါ အနောက်ကမ္ဘာ၏ နောက်ထပ်အဓိကပြိုင်ဘက်ဖြစ်သော ရုရှားနိုင်ငံအတွက်လည်း အင်အားတစ်ရပ်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ယူဆနိုင်သလို အာရှဒေသ၏ အင်အားချိန်ခွင်လျှာအသာရရှိရေးအတွက် အတိုင်းအတာတစ်ခုထိ ကြီးကြီးမားမားသက်ရောက်လာနိုင်သည့်အကြောင်းတရားတစ်ရပ်လည်း ဖြစ်သည်ဟု ဆိုသော် မှားမည်မဟုတ်ပေ။ အခြားတစ်ဖက်တွင် အမေရိကန်နိုင်ငံ၏ စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေးဆိုင်ရာအင်အားကြီးထွားနေခြင်းကို အရှိန်လျော့ကျစေရန် ရည်ရွယ်ချက်ရှိသော အဖွဲ့အစည်းလည်းဖြစ်သလို ကမ္ဘာကြီး၏ ပါဝါချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်နေခြင်းကိုလည်း ပြန်လည်ချိန်ညှိလျက် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းသာယာဝပြောရေးအတွက်လည်း ပြန်လည်ထိန်းညှိရန်ရည်ရွယ်ကြောင်း အထင်အရှားမြင်တွေ့နိုင်လေ၏။

၂။ အိန္ဒိယနိုင်ငံကို အမေရိကန်နိုင်ငံနှင့် နီးကပ်နေသည့်အခြေအနေမှ အာရှနှင့် ပိုမိုနီးကပ်စေခဲ့သည်။ အိန္ဒိယနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံပြီးလျှင် ကမ္ဘာတွင် စီးပွားရေးအရ အင်အားအကြီးမားဆုံးနိုင်ငံအဖြစ် မုချ ရပ်တည်လိမ့်မည်ဖြစ်သည်။ အဓိပ္ပာယ်မှာ လက်ရှိ ကမ္ဘာ့စူပါပါဝါအဖြစ် သတ်မှတ်ထားသော အမေရိကန်နိုင်ငံသည် စီးပွားရေးအရ အိန္ဒိယနိုင်ငံ၏နောက်တွင် ရပ်တည်ရတော့မည်ဖြစ်သည်။ ကမ္ဘာ့ဒုတိယ အင်အားအကြီးမားဆုံးသောနိုင်ငံဖြစ်လာမည့် အိန္ဒိယနိုင်ငံသည် အမေရိကန်နိုင်ငံနှင့် အလွန်နီးကပ်သော ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့သည့် နိုင်ငံဖြစ်သော်လည်း ပါလီမန်ရွေးကောက်ပွဲများတွင် ကွန်ဂရက်အိုင်ပါတီအကြီးအကျယ်ရှုံးနိမ့်လျက် မစ္စတာမိုဒီဝန်ကြီးချုပ်ဖြစ်လာသည့်နောက်ပိုင်းတွင် အာရှဆန်သည့် အတွေးအခေါ်သစ်တစ်ရပ်က အိန္ဒိယနိုင်ငံရေးကို လွှမ်းမိုးလာခဲ့လေ၏။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အိန္ဒိယဆိုင်ရာစီးပွားရေးပေါ်လစီအမှားသည် ဝန်ကြီးချုပ်မိုဒီ၏ အရှေ့မျှော်မူဝါဒကို အားဖြည့်ပေးသကဲ့သို့ ဖြစ်ခဲ့သည်။ အမေရိကန်နိုင်ငံနှင့်တတ်နိုင်သမျှဝေးကွာရေးနှင့် အာရှပေါင်းစည်းညီညွတ်ရေးကို ဝန်ကြီးချုပ်မိုဒီအနေဖြင့် အထူးအလေးထားပုံလည်း ရှိသည်။ အိန္ဒိယ၊ တရုတ်နှင့် ရုရှားတို့၏ ညီညွတ်ပေါင်းစည်းမှုကိုလည်း အားဖြည့်ပေးသလို ဖြစ်ခဲ့ပေရာ အာရှ၏အင်အားသည် SCO ၏ ပံ့ပိုးမှုဖြင့် တစ်ဟုန်ထိုးတိုးတက်မြင့်မားလာရန် ရှိလေ၏။ စီးပွားရေး၊ နိုင်ငံရေးသာမက လုံခြုံရေးဆိုင်ရာ မျှော်မှန်းချက်များသည်လည်း နက်နက်ရှိုင်းရှိုင်းပါဝင်နေသည်ဖြစ်ရာ ရေရှည်တွင် ကမ္ဘာကြီးကို အနောက်အင်အားစု၏လွှမ်းမိုးမှုကို ကျော်လွှားလျက် ညီညွတ်မျှတသော ကမ္ဘာသစ်ကို ပုံဖော်ပေးနိုင်စေရန် အထူးရည်ရွယ်ကြောင်း ထင်ရှားပေ၏။

၃။ BRICS၊ R&B နှင့် SCO ကြား ဆက်နွယ်မှုသည် အဖွဲ့ဝင်နိုင်ငံများ၏အင်အားကို အဆများစွာ ဖွံ့ဖြိုးတိုးတက်စေလိမ့်မည်ဖြစ်သည့်အပြင် အရှေ့တိုင်းလွှမ်းမိုးသော ခေတ်သစ်တစ်ခုဆီ တည့်တည့်မတ်မတ်ဦးတည်စေလိမ့်မည်။ ၂၀၁၅ ခုနှစ် ဇူလိုင်လက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားနိုင်ငံတို့အတွက် အလွန်အင်မတန်အရေးကြီးလှသော ထိပ်သီးအစည်းအဝေးကြီး နှစ်ခုကို ရုရှားနိုင်ငံ အူဖာ(Ufa) မြို့တွင် တစ်ပြိုင်တည်းကျင်းပခဲ့လေ၏။ ခုနစ်ကြိမ်မြောက် BRICS ထိပ်သီးအစည်းအဝေးနှင့် ၁၅ ကြိမ်မြောက် SCO ထိပ်သီးအစည်းအဝေးတို့ဖြစ်၏။ ထိုထိပ်သီးအစည်းအဝေးကြီးများနှင့် ထိုထိပ်သီးကမ္ဘာ့အဖွဲ့အစည်းကြီးများသည် ကမ္ဘာတွင် နံပါတ်(၁) စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် ရောက်ရှိလာရန် ဦးတည်လျက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ၎င်း၏စီးပွားရေး မဟာဗျူဟာဖြစ်သော Belt & Road(B&R) အောင်မြင်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ရန် အခွင့်အရေးကို ကောင်းစွာရရှိခဲ့စေလေ၏။ (တရုတ်သမ္မတရှီကျင့်ဖျင်သည် ၂၀၁၃ ခုနှစ်က Nazarbaev တက္ကသိုလ်တွင် ခေတ်သစ်ပိုးလမ်းမ မဟာဗျူဟာဖြင့် ကမ္ဘာလုံးဆိုင်ရာဆက်နွယ်မှု၊ ယဉ်ကျေးမှုများကို အပြန်အလှန်နားလည်မှု၊ ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် ပေါင်းစည်းညီညွတ်ရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်နိုင်မည့် B&R အစီအစဉ်ကို ထုတ်ဖော်ကြေညာခဲ့ခြင်းဖြစ်သည်။) ဗဟိုနှင့် တောင်အာရှဒေသများတွင် စွမ်းအင်နှင့် အခြေခံအဆောက်အအုံဆိုင်ရာအထောက်အပံ့ရန်ပုံငွေများ ကူညီသုံးစွဲခြင်းဖြင့် စတင်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ B&R မဟာဗျူဟာသည် ယခုအခါ အမေရိကန်ဦးဆောင်သည့် ပစိဖိတ်အုပ်စုမှ ပြတ်ပြတ်သားသားနုတ်ထွက်ပြီး ရှန်ဟိုင်းအဖွဲ့ဝင်ဖြစ်လာသော အိန္ဒိယနိုင်ငံနှင့် ယူရေးရှားဒေသတွင် အနောက်အုပ်စု၏ အဓိကပြိုင်ဘက်ဖြစ်သော အင်အားကြီးရုရှားနိုင်ငံတို့ကို SCO အဖွဲ့ဝင်များအဖြစ် သိမ်မွေ့စွာဆွဲဆောင်ပြီး အာရှပါဝါကို အထူးမြှင့်တင်နိုင်ခဲ့ပြီဖြစ်သည်။ BRICS နိုင်ငံများ (ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက) ထူထောင်ထားသော BRICS ဘဏ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက B&R အစီအစဉ်အတွက် ထူထောင်ထားသော (အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုအတွက် ရည်ရွယ်သော) AIIB(The Asian Infrastructure Investment Bank)တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အဖွဲ့ဝင်နိုင်ငံများ ထိုမှတစ်ဆင့် ကမ္ဘာအနှံ့မှ စီးပွားရေး၊ နိုင်ငံရေးဖွံ့ဖြိုးတိုးတက်လိုသော အခြားနိုင်ငံများသည် အနာဂတ်တွင် ငြိမ်းချမ်းစွာတိုးတက်ဖွံ့ဖြိုးလာနိုင်ကြစေရန် ငြိမ်းချမ်းသာယာစည်ပင်ဝပြောသော ကမ္ဘာကြီးဖြစ်တည်လာစေရန် ကြီးမားသော ရည်ရွယ်ချက်ဖြင့် တည်ထောင်ထားကြခြင်းဖြစ်ကာ ဓနအင်အားမှာလည်း လွန်စွာတောင့်တင်းသည်ဖြစ်သောကြောင့် အာရှ၏အနာဂတ်ကို ခန့်မှန်းတွေးဆကြည့်ရန် များစွာခက်ခဲလိမ့်မည်မဟုတ်ပါ။ (၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဖွဲ့စည်းခဲ့သော AIIB ဘဏ်သည် လက်ရှိအချိန်တွင် အဖွဲ့ဝင် ၁၀၅ နိုင်ငံပါဝင်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ရုံးစိုက်လေ၏။ BRICS ဘဏ်(New Development Bank) သည် အဖွဲ့ဝင်ကိုးနိုင်ငံရှိပြီး ရုံးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် တည်ရှိသည်။)




၄။ SCO အဖွဲ့အစည်းသည် စီးပွားရေး၊ နိုင်ငံရေးအပြင် လုံခြုံရေးဆိုင်ရာရည်မှန်းချက်နှင့် မူဝါဒများကိုလည်း အထူးအလေးပေးထည့်သွင်းထားသော အဖွဲ့အစည်းဖြစ်သည်။ နိုင်ငံတကာနိုင်ငံရေးနှင့် လုံခြုံရေးကို ပူးပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်ထားကြသည်။ တစ်နိုင်ငံတည်းက သို့တည်းမဟုတ် နိုင်ငံတချို့စုစည်းထားသောအုပ်စုတစ်စုက ကမ္ဘာ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့ကို စစ်အင်အားဖြင့်သော်လည်းကောင်း၊ ဓနအင်အားဖြင့်သော်လည်းကောင်း လွှမ်းမိုးထားမှုများ၊ အသာစီးရယူထားမှုများမရှိစေရေးကို ဦးတည်ဆောင်ရွက်ရန် ရည်ရွယ်ချက်များပါဝင်သည့် အဖွဲ့အစည်းဖြစ်သည်။ တစ်နည်းအားဖြင့် ကမ္ဘာတစ်ခုလုံး၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် စုစည်းဆောင်ရွက်ကြရန် ပိုင်းဖြတ်ထားမှုကို အခြားသော စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးရည်မှန်းချက်များနှင့်အတူ အလေးထားထည့်သွင်းထားလေ၏။

၅။ နိုင်ငံငယ်များအတွက် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်သည့် အဖွဲ့အစည်းဖြစ်သည်။ SCO ကို စတင်ဖွဲ့စည်းစဉ်ကတည်းက အင်အားအသင့်အတင့်သာရှိသော နိုင်ငံငယ်များပါဝင်နေပြီး ဒေသတွင်းရှိ အခြားသောအင်အားနည်းသည့် နိုင်ငံငယ်များအတွက် (အဖွဲ့ဝင်အဆင့်ထိ ဖြစ်လာနိုင်မည့်)နည်းလမ်းများကို ထည့်သွင်းထားလေ၏။ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သော ထိပ်သီးအစည်းအဝေးတွင် အီရန်နိုင်ငံကို အဖွဲ့ဝင်အဖြစ်လက်ခံလိုက်ပြီး ဘယ်လာရုစ်နိုင်ငံကို အဖွဲ့ဝင်သစ်အဖြစ် မကြာမီလက်ခံရန် ဆုံးဖြတ်ခဲ့သည့်အပြင် မြန်မာ၊ ဘာရိန်း၊ မော်လ်ဒိုက်၊ ယူအေအီးနှင့် ကူဝိတ်နိုင်ငံတို့ကို ဆွေးနွေးဖက်နိုင်ငံများအဖြစ် အသိအမှတ်ပြုခဲ့သည်။ (အဖွဲ့ဝင်သစ်များအဖြစ် နိုင်ငံငယ်များကို တဖြည်းဖြည်းလက်ခံပြီး အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်ရှိလေ၏။)

အချုပ်အားဖြင့်ဆိုလျှင် SCO သည် စီးပွားရေးပိတ်ဆို့သောမူဝါဒများကို တရားဝင်ဆန့်ကျင်ခြင်း၊ နိုင်ငံများကြား စီးပွားရေးဆိုင်ရာပိုမိုပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန်ရည်ရွယ်ခြင်း၊ ဆင်းရဲမှုတိုက်ဖျက်ရေးကို ထိထိရောက်ရောက်လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကို ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရန်တောင်းဆိုခြင်း၊ ဥရောပအာရှနိုင်ငံများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးနည်းလမ်းများရှာဖွေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ယဉ်ကျေးမှု၊ နည်းပညာ၊ ကျန်းမာရေး၊ ပညာရေးနှင့်ကပ်ဘေးများစီမံခန့်ခွဲရေး စသည်ဖြင့် တစ်ကမ္ဘာလုံး၏ ကောင်းကျိုးများကို လေးလေးနက်နက် ရည်ရွယ်ထားသည့် အပြုသဘောများစွာဆောင်သော အဖွဲ့အစည်းဖြစ်လေရာ အနာဂတ်တွင် တစ်ကမ္ဘာလုံး၏စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ကောင်းမွန်သည့်အဖြေများရရှိစေရေး များစွာအကူအညီရရှိစေမည့် တစ်ကမ္ဘာလုံးက တဖြည်းဖြည်းယုံကြည်စိတ်ချစွာ လက်တွဲဆောင်ရွက်လာကြမည့် အဖွဲ့အစည်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ကိုးကား**

- http://eng.sectsco.org/

# ကျောင်းကုန်းမြို့နယ် မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီးတွင် မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော် ကျင်းပ



**ကျောင်းကုန်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်ရှိ မျက်ရှင်တော် ပြည်လုံးချမ်းသာ ဘုရားကြီးတွင် မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော် ကျင်းပလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရတနာဦးက ပြောပြ၍ သိရသည်။

အဆိုပါ မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော်ကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ ကျင်းပလျက်ရှိပြီး နံနက်ပိုင်းတွင် ကျောင်းကုန်းမြို့နယ်ရှိ မျက်ရှင်တော်ပြည်လုံးချမ်းသာ ဘုရားကြီးအား ဆွမ်းတော်ကြီး တင်လှူကာ ညနေပိုင်းတွင် ဆီမီးမြင်းမိုရ်ပွဲကို ထွန်းညှိပူဇော် လျက်ရှိကြောင်း သိရသည်။

"ဆွမ်းတော်ကြီး တင်လှူပွဲနဲ့ ဆီမီးမြင်းမိုရ်ပွဲကတော့ နှစ်စဉ်ပြုလုပ်နေကျ ပွဲတော်ဖြစ်ပါတယ်။ ဒီနှစ်မှာလဲ စည်စည်ကားကား အေးအေးချမ်းချမ်းနဲ့ ပျော်ပျော်ရွှင်ရွှင် ကုသိုလ်ယူနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော် ကျင်းပရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရတနာဦးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် မြို့နယ်လုံးကျွတ် ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော်ကို အမှတ်(၂)ရပ်ကွက်ရှိ မျက်ရှင်တော် ပြည်လုံးချမ်းသာ ဘုရားကြီးတွင် အဓိက ကျင်းပလျက်ရှိပြီး အမှတ်(၁)ရပ်ကွက် မိုယ်းကောင်းဘုရားတန်ဆောင်းကြီးတွင်လည်းကောင်း၊ အမှတ်(၂)ရပ်ကွက် ရွှေဘုန်းပွင့်စေတီတွင်လည်းကောင်း၊ အမှတ်(၄)ရပ်ကွက် အမတရောင်ခြည်ဘုရားဖြူတွင်လည်းကောင်း ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဆီမီးမြင်းမိုရ်ပွဲတော်ကို အသီးသီးကျင်းပနေကြောင်း သိရသည်။ ASH

# ကားလာဂါဖဲ၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကားတွင် မင်းသား ဂျာရက်လီတို သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၉**

ကမ္ဘာကျော် ဂျာမန်ဖက်ရှင်ဒီဇိုင်နာ ကားလာဂါဖဲ၏ဘဝကို အခြေခံရိုက်ကူးမည့် ဘဝအတ္ထုပ္ပတ္တိဇာတ်ကားတွင် မင်းသား ဂျာရက်လီတို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

တရားဝင် ဇာတ်ကားနာမည် မပေးရသေးသော အဆိုပါရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဂျာရက်လီတိုသည် ကားလာဂါဖဲအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

မင်းသား ဂျာရက်လီတိုသည် ကားလာဂါဖဲ၏ ဘဝအတ္ထုပ္ပတ္တိဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့်အပြင် ထုတ်လုပ်သူတစ်ဦးအဖြစ်ပါ ပူးတွဲတာဝန်ယူမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို ထုတ်လုပ်သူများက လျှို့ဝှက်ထားဆဲဖြစ်သည်။

ထို့ပြင် အဆိုပါဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

မင်းသား ဂျာရက်လီတိုသည် Dallas Buyers Club (2013) ဇာတ်ကားဖြင့် အော်စကာဆုရရှိထားသူဖြစ်ကြောင်း သိရသည်။

KKO



# မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်များက ဆန်၊ ဆီ၊ စားသောက်ကုန်နှင့်ငွေ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ မွန်မြတ်စိတ်ထား တွယ်ရာမဲ့ဘိုးဘွားရိပ်သာသို့ သရုပ်ဆောင် ခန့်စည်သူနှင့် စေတနာရှင်များက ဆန်၊ ဆီ၊ စားသောက်ကုန်များနှင့် အလှူငွေများကို အောက်တိုဘာ ၈ ရက်က အဆိုပါရိပ်သာတွင် လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်မြတ်စိတ်ထား တွယ်ရာမဲ့ ဘိုးဘွားရိပ်သာတွင် ဘိုးဘွားဦးရေ ၃၀ အား ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ဝါကျွတ်ကန်တော့ငွေများနှင့် ဆန်တစ်တင်းခွဲအိတ် လေးအိတ်၊ ဆီ တစ်ပိဿာလေးပုံး အပါအဝင် စားသောက်ကုန်များ၊ အာဟာရမုန့်မျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၂၀ ဖိုးခန့်ကို လှူဒါန်းကန်တော့ခဲ့ကြောင်း သိရသည်။




"မွန်မြတ်စိတ်ထား တွယ်ရာမဲ့ ဘိုးဘွားရိပ်သာမှာရှိတဲ့ အဘိုးအဘွားတွေကို ဆန်၊ ဆီ၊ ဆေးဆား၊ အာဟာရမုန့်တွေ၊ အလှူငွေတွေနဲ့ တစ်ယောက်ချင်းစီကို သီတင်းကျွတ်ဂါရဝအဖြစ် လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိသေစွာ ကန်တော့ခဲ့ကြပါတယ်"ဟု သရုပ်ဆောင် ခန့်စည်သူက ပြောပြသည်။

မွန်မြတ်စိတ်ထား တွယ်ရာမဲ့ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို သီတင်းကျွတ် ဂါရဝပြုကန်တော့ရာတွင် သရုပ်ဆောင် ခန့်စည်သူနှင့်အတူ လှမျိုးသဥ္ဇာနွယ်နှင့် အခြားအနုပညာရှင်များ၊ စေတနာရှင် အလှူရှင်များ ပါဝင်လှူဒါန်းခဲ့ကြောင်း သိရသည်။ ASH

# Kingdom of the Planet of the Apes ဇာတ်ကား၌ မင်းသား အက်ကာဒါဝီး ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၉**

Kingdom of the Planet of the Apes ဇာတ်ကား၌ ဩစတြေးလျမင်းသား အက်ဂါဒါဝီး ပါဝင်လာကြောင်း Hollywood Reporter သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၈ ရက်တွင် ရေးသားတင်ပြထားသည်။

Kingdom of the Planet of the Apes ဇာတ်ကားသည် ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက စတင်ရိုက်ကူးထုတ်လုပ်ခဲ့သည့် The Planet of the Apes ဇာတ်ကားများ၏ နောက်ဆက်တွဲဇာတ်ကားသစ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား အက်ကာဒါဝီးသည် မင်းသား အိုဝင်တိတ်၊ မင်းသမီး ဖရီယာအယ်လန်၊ မင်းသား ပီတာမာကွန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Kingdom of the Planet of the Apes ဇာတ်ကားကို ဒါရိုက်တာ ဝပ်ဘဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားကို ၂၀၂၄ ခုနှစ်တွင် ရုံတင်ပြသရန် ၂၀ ရာစု ရုပ်ရှင်စတူဒီယိုက စီစဉ်ထားသည်။

၂၀ ရာစု ရုပ်ရှင်စတူဒီယိုသည် The Planet of the Apes ဇာတ်ကားများကို ၁၉၆၈ ခုနှစ်က စတင်ရိုက်ကူး ထုတ်လုပ်ခဲ့ကြောင်း သိရသည်။ KKO





# သထုံမြို့နယ် တောကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**သထုံ အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် တောကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ (နည်းပညာ) ဒေါ်အေးအေးအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တောကြီးကျေးရွာ၌ Cash For Work စီမံကိန်း ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိ (နည်းပညာ) ဒေါ်အေးအေးအောင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါ တောကြီးကျေးရွာ ကျေးရွာတွင်း လမ်းအရှည်ပေ ၂၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် လမ်းဘေး ဝဲ၊ ယာ ရေနုတ်မြောင်း အရှည်ပေ ၆၉၀၀၊ အကျယ် တစ်ပေ ကိုးလက်မ၊ အနက် တစ်ပေကိုးလက်မ တူးဖော်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Cash For Work စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဩဂုတ်လ ဒုတိယပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သထုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အေးအေးအောင်က ပြောပြ၍ သိရသည်။ **သန်းလွင်(မကွေး)**

# Plans to unearth and maintain water courses for irrigation in Bagan era this fiscal year



An ancient water storage facility in Bagan.

**Nay Pyi Taw October 9**

The Archaeology and National Museum Department will discover the water courses of Bagan era for irrigation and maintenance in Bagan ancient cultural region this fiscal year, said deputy director U Nyi Hmun of the Bagan branch of the department.

The emerald lake was located 250 feet upstream of Bagan to store water which fell from Tuyin Hill and creeks around the area to supply it to Alanbagan, Alei Lake, Minnanthu square-shaped lake, Nyaungletphet Lake and Shwehti Lake into the moat, according to the research surveys.

At present, these water supply courses are blocked, flooding ancient religious edifices and causing natural disasters to the environs. As such, the department coop-erates with Italian hydrologist Mr Messimo Sarti to ensure proper flow of water in the water courses.

"We will implement short- and long-term plans to unblock the water courses. We have found water courses from Minnanthu Village to Nyaungletphet Lake and then to Shwehti. A conduit was found near Bagan. We will carry out proper flow of water in the water courses. We will improve the waterway directions from the emerald lake to the moat of the wall of Bagan," said U Nyi Hmun.

At present, the department takes the advice and consultancy from the Italian expert to improve the water courses used in Bagan era in Bagan ancient cultural area in conducting the research works annually. ASH

# More than K46 billion disbursed as agricultural cost to monsoon crop growers in 2022

**Mandalay October 9**

The bank branch issued loans to farmers from 23 townships of the region as of June for cultivation of paddy and other crops. Now, K46,185 million has been disbursed to 74,000 farmers to grow more than 400,000 acres of monsoon paddy and other crops, said Region Bank Branch Manager U Soe Ko Ko Win.

"We issue loans to farmers for cultivation of monsoon, cold season and pre-monsoon crops annually. In this regard, K150,000 per acre was issued for paddy and K100,000 for other crops such as groundnut, green gram, sesame, cotton, black bean and others. The loans aim to enable farmers to easily grow the crops for development of agricultural sector and ensuring local food sufficiency," he added.



Women seen in transplanting process in a rice field.

More than K40 billion has been delivered to farmers from 23 townships in 2022—Amarapura, Patheingyi, PyinOoLwin, Madaya, Singu, Thabeikkyin, Kyaukse, Singaing, TadaU, Myittha, Meiktila, Wundwin, Mahlaing, Thazi, Myingyan, Taungtha, Natogyi, Ngazun, Yamethin, Pyawbwe, NyaungU and Kyaukpadaung townships. 185

# Myanmar's trade volume reaches US$16.318 billion from 1 April to 23 September 2022

**Nay Pyi Taw October 9**

The Trade Department of the Ministry of Commerce recently stated that Myanmar's trade volume reached US$16.318 billion during the period from 1 April to 23 September 2022 in the 2022-23 fiscal year.

Myanmar earned US$8,159.057 million from export and spent US$8,159.033 million for importation, totalling US$16,318.09 million of trade volume, said deputy director Daw Cho Thet Mu of Trade Policy Branch of the Trade Department.

Myanmar conducts trading with China, Thailand, India and other countries to export agricultural produce, forest products, marine products and others to foreign market whereas Myanamr imported personal goods, investment goods and worksite materials. 336

# Ukraine war: 'Russian attack' on city claimed by Moscow kills 17

**Zaporizhzhia October 9**

At least 17 people have been killed by Russian missile strikes on the south-eastern city of Zaporizhzhia, the Ukraine defence ministry has said.

Dozens more were wounded, and several residential buildings destroyed.

The city is under Ukrainian control, but it is part of a region that Russia says it annexed last month.

Zaporizhzhia has been hit repeatedly in recent weeks, as Russia hits back at urban areas after suffering defeats in the south and north-east of Ukraine.

Parts of the Zaporizhzhia region, including its nuclear power plant - which is around 30 miles (52km) from the city - have been under Russian control since early in the invasion.

The Ukrainian regional governor in Zaporizhzhia, Oleksandr Starukh, said 12 Russian missiles partially destroyed a nine-storey building, and levelled five other residential buildings.

"There may be more people under the rubble. A rescue operation is under way at the scene. Eight people have already been rescued," he said on Telegram.

Ukrainian President Zelensky called the shelling "merciless strikes on peaceful people again". BBC

# Hong Kong detains first teenagers under national security law

**Hong Kong October 9**

Five teenagers have been sentenced to three years' detention in Hong Kong for advocating overthrow of the Beijing government.

It is the first time the national security law has been used in court against under-18s in Hong Kong.

Beijing introduced the wide-ranging law - which made it easier to prosecute protesters - in the city in 2020.

Many who defy the Chinese government have since been jailed, removing much of the political opposition.

The court heard the defendants had used social media and street booths to advocate a "bloody revolution" to overthrow the Chinese state in the former British colony.

Judge Kwok Wai-kin said: "Even if one person is incited, Hong Kong's stability and residents' safety could have been greatly harmed."

The teenagers - aged between 16 and 19 - were members of Returning Valiant, a pro-Hong Kong independence group.

Mr Wai-kin said he appreciated the defendants' "age and immaturity", which meant they were sentenced to a detention facility for young people - also known as a training centre - instead of going to prison.

The judge also capped the length of their sentence to three years. How long they remain in custody will remain at the discretion of authorities. BBC



Hong Kong judge sentences first teenagers under Beijing-imposed national security law on 8 October.

# 50 container ships to dock at Yangon ports in October


Yangon port handling cargo containers.

**Yangon October 9**

A total of 465 container ships docked at ports of Yangon from January to September 2022, and 50 more container ships will arrive at there in October, according to the Myanma Port Authority.

A total of 55 container ships from 15 international shipping lines carried out freight-handling tasks at ports of Yangon in September 2022.

"This month, 50 container ships are scheduled to arrive here. They are 10 container ships from Sealand Maersk Asia shipping line, seven from New Golden Sea (COSCO), five each from SITC and Samudera lines in addition to .S.C Line , TI2 Container Line, P.I.L., R.C.L and Ever Green shipping lines. On 1 October, two container ships from New Golden Sea (COSCO) and TI2 Container Line are sure to dock at the international ports of Yangon, and one more from SITC Line on 2 October," said Assistant General Manager U Sein Lwin Zaw of the Myanma Port Authority

According to the local demand, a total of 49 container ships from 13 international shipping lines moored at the ports of Yangon in January 2022, 48 ships from 13 shipping lines in February, 50 ships from 12 shipping lines in March, 52 ships from 14 international shipping lines in April, 54 ships from 12 lines in May, 53 ships from 14 lines in June, 49 ships from 12 lines in July, 55 ships from 13 lines in August and 55 ships from 15 lines in September.

More and more container ships and general commodity ships arrived at the ports of Yangon as of May 2021. As such, more than 11,000 containers and 115,000 metric tonnes were handled at Yangon port, according to the Myanma Port Authority. ASH

# Three viss of gold auctioned in Yangon to stabilize gold market

**Yangon October 9**

The Yangon Region Gold Entrepreneurs Association-YGEA on 6 October stated that three lots of gold of which one lot weighs one viss was successfully auctioned in Yangon to stabilize the gold market.

The auction was held at the Myanma Gems Museum on Kaba Aye Pagoda Road in Yangon from 1 pm to 3 pm on 6 October.

The floor price of one viss of gold was set at K240 million. The first viss of gold was sold at K253,599,900, the second viss K256,999,900 and the third one K249,999,900. Three viss of gold were bought by a person.

On 7 October, seven viss of gold bullion and ingot were also auctioned in Mandalay, similar to that of Yangon. If necessary, goal auction will be held. Moreover, gold coins are on sale for stabilizing the gold market.

Price of gold declined to less than K2.7 million per tical as well as US$2,950 per ounce in the market on 6 October. In the market, one tical of gold is priced at K2,620,000, declining K160,000 per tical than the previous week price.

336


Gold bars to be auctioned.

# More than 5 million gallons of diesel and petroleum arrive at International Thilawa Terminal in Yangon Region

**Yangon October 9**

More than 5 million gallons of diesel and petroleum arrived at MITT in Yangon Region, so it is fuel sufficiency in the region, said U Aung Pyae Sone, central executive of Myanmar Fuel Dealers Association.

The association imports fuel as usual. MT Yu Hai carrying 1.87 million gallons of 92 Ron and 3.18 million gallons of premium diesel, totalling 5.05 million arrived at Myanmar International Thilawa Terminal in Yangon Region and now fuel is being unloaded.

"Now, the region is sufficient in fuel. Such fuel was parts of already ordered 80,499 tons of gasoline and 153,095.60 tons of diesel in September, and it flowed into the country. More volume of fuel will arrive here," said U Aung Pyae Sone.

The association distributes the fuel to regions and states depending on the volume of inventory of fuel. Some regions and states are importing fuel through border land. ASH

# Entertainment with traditional ethnic dances to resume from Thadingyut in National Races Village in Thaketa

**Yangon October 9**

Entertainment with traditional ethnic dances will resume starting from Thadingyut period in the National Races Village (Yangon) in Thaketa Township, Yangon Region, according to U San Hlaing, Deputy Director of the National Races Village (Yangon).

In the National Races Village (Yangon), a free performance with traditional ethnic songs and dances is held every Saturday and Sunday at the Union Hall in the National Races Village, but since the last rainy season in May, it has been temporarily suspended due to the low number of visitors, and it will resume this weekend.

National Races Village (Yangon) is located near Bago River in Thaketa Township, Yangon Region and built to include the landmarks of the ethnic groups living all over Myanmar. It is also reported that the construction of a pontoon bridge for visiting by leisure boat and ship via the Bago River to the National Races Village (Yangon) is underway. ASH

# Yangon allows five local and foreign investment projects

**Yangon October 9**

The Yangon Region Investment Committee has approved five local and foreign investment projects worth more than 1,392 million kyats and US$ 9.128 million in Yangon Region, according to Yangon Region Government Office Secretary U Nyi Nyi Min.

It is reported that one Myanmar citizen investment business and four foreign investment businesses in Yangon Region's industrial and service sectors were approved by the (9/2022) meeting of the Yangon Region Investment Committee held last week of September.

"The businesses that have been approved are the CMP system, various clothing sewing businesses, warehousing services and logistics services business and various communication signal cable manufacturing businesses operated under the CMP system. These businesses will create 3,149local employment opportunities," said U Nyi Nyi Min.

Similarly, the Yangon Region Investment Committee approved four foreign investment projects that will create more than 2,300 employment opportunities for workers in Yangon Region at the (8/2022) meeting of the Yangon Region Investment Committee in August. The investment amount of these projects is US$ 5.143 million. ASH


The worksite of a garment factory.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ပိုလန်ပိုင်နက်ပေါ်တွင် အမေရိကန်နျူကလီးယားလက်နက်များ တပ်ဖြန့်မည့်အကြောင်း ပိုလန်သမ္မတ ပြောကြား



ရုရှားနိုင်ငံ၏ ခြိမ်းခြောက်မှုတိုးလာနေသည့်အခြေအနေတွင် ပိုလန်နိုင်ငံသည် ၎င်း၏ပိုင်နက်ပေါ်တွင် အမေရိကန် နျူကလီးယားလက်နက်များ တပ်ဖြန့်မည့်အကြောင်း အမေရိကန်နှင့်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်ဟု ပိုလန်နိုင်ငံသမ္မတ Andrzej Duda က ပြောကြားလိုက်သည်။

"အဓိကပြဿနာက နျူကလီးယားလက်နက် မပိုင်ဆိုင်တာပါပဲ။ မဝေးတော့တဲ့အနာဂတ်မှာ ပိုလန်နိုင်ငံအနေနဲ့ နျူကလီးယားပိုင်ဆိုင်နိုင်မဲ့ အရိပ်အယောင်မရှိဘူး။ အမေရိကန်အနေနဲ့ ဒီလိုဖြစ်နိုင်ခြေကို စဉ်းစားပေးနေသလားဆိုတာ အမေရိကန် ခေါင်းဆောင်တွေနဲ့ စကားပြောပြီးပါပြီ။ ပွင့်ပွင့်လင်းလင်းပြောရမဲ့ကိစ္စဖြစ်ပြီး သူတို့ဘက်က တံခါးဖွင့်ထားဆဲပါ"ဟု Duda က အောက်တိုဘာ ၅ ရက်တွင် Gazeta Polska သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

သို့သော် အိမ်ဖြူတော်သည် ဤပြဿနာပေါ်ပေါက်လာသည်ကို သတိမထားမိသေးပါဘူးဟု အမေရိကန်အရာရှိတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ The Guardian သတင်းဌာနက ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် အမေရိကန်၏ နျူကလီးယားလက်နက်များကို ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်နှင့် တူရကီတို့တွင် နျူကလီးယားမျှဝေရေး အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖြန့်ကြက်ထားသည်။

NATO အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံတွင် အမေရိကန်ပိုင်ဆိုင်ထားသည့် နျူကလီးယားများကို လက်ခံထားခြင်းဖြစ်သည်။ Nuclear Sharing သည် NATO ၏ နျူကလီးယားတားဆီးရေးမူဝါဒတွင် အယူအဆတစ်ခုဖြစ်ပြီး နျူကလီးယားလက်နက်မရှိသော အဖွဲ့ဝင်နိုင်ငံများသည် NATO ၏ နျူကလီးယားလက်နက် အသုံးပြုမှုအစီအစဉ်တွင် ပါဝင်နိုင်စေမည့် အယူအဆတစ်ခု ဖြစ်သည်။

ရုရှားထံမှ နျူကလီးယားခြိမ်းခြောက်မှုနှင့် ပတ်သက်၍ Duda ကို မေးမြန်းခဲ့ရာ "ရုရှားက နျူကလီးယားစစ်ပွဲ စတင်ခဲ့မယ်ဆိုရင် သူတို့အတွက်အနာဂတ်ရှိမှာ မဟုတ်ပါဘူး။ သူတို့ရှင်သန်နေရင်တောင် ကမ္ဘာတစ်ဝန်းလုံး ကျိန်စာသင့်ခံကြရမှာပါ။ လက်သင့်မခံနိုင်တဲ့ လုပ်ရပ်တစ်ခုဆိုတာ သူတို့သဘောပေါက်ပါတယ်"ဟု ပိုလန်နိုင်ငံ သမ္မတ Andrzej Duda က ပြောကြားခဲ့သည်။

**Polish president sets out nuclear ambition ကို ဘာသာပြန်ဆိုပါသည်။**

## အမေရိကန်စစ်ဘက်က တောင်ကိုရီးယားသို့ လေယာဉ်တင်သင်္ဘောပြန်လည်တပ်ဖြန့်ခဲ့

မြောက်ကိုရီးယားနိုင်ငံ၏ မကြာသေးမီက ပစ်လွှတ်လိုက်သည့် ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုများအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် တောင်ကိုရီးယားကမ်းရိုးတန်းတွင် လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအဖွဲ့ကို အမေရိကန်စစ်ဘက်က စခန်းချခဲ့ပြီး ရေတပ် တပ်ဖွဲ့ကို နှစ်ပေါင်းများစွာအတွင်း ပထမဦးဆုံး အလည်အပတ်ရောက်ရှိခဲ့ပြီးနောက် ပြန်လည်တပ်ဖြန့်ခဲ့ခြင်းဖြစ်သည်။

USS Ronald Reagan ဦးဆောင်သော အမေရိကန်လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးသင်္ဘောအုပ်သည် မကြာမီ အရှေ့ပင်လယ်သို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်က အောက်တိုဘာ ၅ ရက်တွင် ကြေညာခဲ့သည်။

"ကိုရီးယားကျွန်းဆွယ်မှာ လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအဖွဲ့ကို ပြန်လည် တပ်ဖြန့်နေရာချထားတာဟာ သိပ်ကို ဆန်းကြယ်ပြီး ဆက်တိုက်ဆိုသလို မြောက်ကိုရီးယားရဲ့ ရန်စခြိမ်းခြောက်မှုတွေကို ဆန့်ကျင်တဲ့ တောင်ကိုရီးယား-အမေရိကန် မဟာမိတ်အဖွဲ့ရဲ့ ပြတ်သားတဲ့ဆန္ဒကို ပြသနေပါတယ်"ဟု တောင်ကိုရီးယားစစ်ဘက်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့် နီးကပ်သောပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယခု သီတင်းပတ် အစောပိုင်းတွင် မြောက်ကိုရီးယားက ဒုံးကျည်စမ်းသပ်မှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် ၂၀၁၈ ခုနှစ်နောက်ပိုင်း ကျွန်းဆွယ်သို့ ပထမဆုံးခရီးစဉ်အတွင်း တောင်ကိုရီးယားရေပိုင်နက်သို့ ပြီးခဲ့သောလက သွားရောက်ခဲ့သည့် အမေရိကန် လေယာဉ်တင်သင်္ဘောနှင့် ၎င်း၏ ထောက်ပံ့ရေးသင်္ဘောများကို တစ်ဖန် ပြန်လည်စေလွှတ်ခဲ့ခြင်းလည်း ဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်စမ်းသပ်မှုတွင် ဒုံးကျည်များသည် အရှေ့ပင်လယ်ဖြစ်သည့် ဂျပန်လေပိုင်နက်ထဲသို့ ဖြတ်ကျော်ဝင်ရောက်လာသည်ကို တွေ့ရှိခဲ့ရပြီး အမေရိကန်၊ တောင်ကိုရီးယားနှင့်ဂျပန်တို့က ချက်ချင်းပြစ်တင်ရှုတ်ချခဲ့ကြသည်။



မြောက်ကိုရီးယားနိုင်ငံသည် အောက်တိုဘာ ၆ ရက် အစောပိုင်းတွင် တာတိုပစ်ပဲ့ထိန်းဒုံးကျည်နှစ်စင်းစမ်းသပ်ပစ်လွှတ်ခဲ့ပြီး နောက်ထပ် လက်နက်စမ်းသပ်မှုဖြင့် လေယာဉ်တင် သင်္ဘောဖြန့်ကြက်တပ်စခန်းချထားမှုကို တုံ့ပြန်ခဲ့ကြောင်း တောင်ကိုရီးယား စစ်ဘက်တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ဒုံးကျည်တစ်စင်းသည် မြောက်ကိုရီးယားနိုင်ငံ၏မြို့တော်ဘက်မှ ပျံတက်လာကာ ၂၁၇ မိုင် (ကီလိုမီတာ ၃၅၀)နှင့်အခြားတစ်စင်းမှာ ၄၉၇ မိုင် (ကီလိုမီတာ ၈၀၀)အကွာထိ ပျံသန်းခဲ့ရာ ၂၂ မိနစ်ကြာမြင့်ခဲ့ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

**US redeploys aircraft carrier to Korea ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းသမ္မတ ဇီလန်စကီး တတိယကမ္ဘာစစ်ဖြစ်ပွားရန် ကြိုးပမ်းနေဟု ကရင်မလင် ပြောကြား

နျူကလီးယားလက်နက် အသုံးပြုမှုကို ဟန့်တားရန်အတွက် NATO အား ရုရှားကို ကြိုတင်ကာကွယ်မှုပြုလုပ်ရန် ယူကရိန်းသမ္မတ ဇီလန်စကီးက တောင်းဆိုခဲ့ပြီးနောက် တတိယကမ္ဘာစစ်ဖြစ်ပွားရန် ကြိုးပမ်းနေသည်ဟု ကရင်မလင်နန်းတော်က ပြောကြားထားကြောင်း သိရသည်။

အောက်တိုဘာ ၆ ရက်တွင် ဩစတြေးလျ Lowy Institute နှင့် အွန်လိုင်းအင်တာဗျူးတစ်ခုတွင် ဇီလန်စကီးက NATO သည် ယူကရိန်း၏တပ်ဖွဲ့များကို ရုရှားမှ နျူကလီးယားလက်နက်များ အသုံးမပြုနိုင်စေရန် အာမခံချက်ပေးသင့်သည်ဟု ပြောကြားခဲ့သည်။ ထိုသို့လုပ်ဆောင်နိုင်ရန်အတွက် အမေရိကန်ဦးဆောင်သည့် စစ်ဘက်အစုအဖွဲ့နှင့် နိုင်ငံတကာအသိုက်အဝန်းကို ရုရှားနိုင်ငံအပေါ် တားဆီးတိုက်ခိုက်မှုများ (Preventive Strikes) လုပ်ဆောင်သင့်ကြောင်း တောင်းဆိုခဲ့သည်။ ထို့ကြောင့် နျူကလီးယားလက်နက်များ အသုံးပြုရန်ဆုံးဖြတ်ပါက မျှော်မှန်းရမည့်အရာကို သိနိုင်စေရန်ဖြစ်သည်ဟု ဇီလန်စကီးက ဆိုသည်။



"NATO ဘာလုပ်သင့်လဲ။ ရုရှားရဲ့ နျူကလီးယားလက်နက်သုံးနိုင်ခြေကိုဖယ်ရှားပစ်ပါ။ ဖေဖော်ဝါရီ ၂၄ ရက်မတိုင်ခင်ကလို နိုင်ငံတကာအသိုင်းအဝိုင်းကို ထပ်ပြီးမေတ္တာရပ်ခံပါတယ်။ ရုရှားက အဲဒါကိုသုံးရင် တခြားနည်းနဲ့မဟုတ်ဘဲ သူတို့ဘာလုပ်မယ်ဆိုတာသိနိုင်အောင် ကြိုတင်တိုက်ခိုက်ထားတာပဲဖြစ်တယ်"ဟု ဇီလန်စကီးက အွန်လိုင်းကွန်ဖရင့်တွင် ပြောကြားခဲ့သည်။

ရုရှားသည် ဇီလန်စကီး၏အကြံပြုချက်ကိုပြစ်တင်ရှုတ်ချခဲ့ပြီး ကရင်မလင်နန်းတော်ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က ယူကရိန်းသမ္မတ၏ မှတ်ချက်သည် ကမ္ဘာစစ်ကြီးဖြစ်ပွားရန်ကြိုးပမ်းမှုမှာ အချိန်တိုအတွင်းရောက်ရှိသွားနိုင်ပြီး မမျှော်မှန်းနိုင်သော အန္တရာယ်များဆီသို့ ဦးတည်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဇီလန်စကီးသည် နျူကလီးယားစစ်ပွဲကို သွေးထိုးလှုံ့ဆော်ရန်ကြိုးပမ်းနေသည်ဟုလည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Maria Zakharova က စွပ်စွဲပြောကြားလိုက်သည်။

ဇီလန်စကီး၏ ထုတ်ပြန်ချက်များကို အထူးဂရုပြုရန် နိုင်ငံတကာအသိုင်းအဝိုင်းက ကရင်မလင်နန်းတော်သို့ တောင်းဆိုထားသည်။ အထူးသဖြင့် Peskov က ယူကရိန်း၏ လုပ်ရပ်များကို ထိန်းချုပ်နိုင်သည့် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့ကို တောင်းဆိုခဲ့ပြီး ယူကရိန်းသမ္မတ၏စကားအတွက် တာဝန်ရှိသည်ဟု ၎င်းကမှတ်ချက်ပေးထားသည်။

ယူကရိန်းနိုင်ငံအပေါ် နျူကလီးယားတိုက်ခိုက်မှုကို ထည့်သွင်းစဉ်းစားခြင်းမပြုသော်လည်း နိုင်ငံ၏နယ်နိမိတ်၊ ပြည်သူများနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန်အတွက် လိုအပ်သည့်နည်းလမ်းများကို အသုံးပြုသွားမည်ဟု သတိပေးထားကြောင်း ရုရှားနိုင်ငံက ထပ်တလဲလဲ ဖော်ပြခဲ့ပြီးဖြစ်သည်။

တစ်ချိန်တည်းတွင် အမေရိကန်နှင့် ဗြိတိန်တို့ကလည်း ရုရှားသည် ယူကရိန်းပဋိပက္ခတွင် နည်းဗျူဟာမြောက် နျူကလီးယားများ ဖြန့်ကြက်ချထားမည်မဟုတ်ဘဲ တိုက်ခိုက်ရန်ပြင်ဆင်နေသည့် အရိပ်အယောင်မျိုး မတွေ့ရကြောင်းဝန်ခံထားခဲ့ကြပြီးဖြစ်သည်။

**Kremlin accuses Zelensky of trying to start a world war ကို ဘာသာပြန်ဆိုပါသည်။**

**မင်းမျိုး**

# မော်လိုက်ခရိုင်တွင် မိုးစပါး ၇၃၀၆၈ ဧက စိုက်ပျိုးပြီးစီး



**မော်လိုက် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၇၃၀၆၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် မိုးစပါး ၇၄၀၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၃၀၆၈ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မော်လိုက်ခရိုင်မှာ မိုးစပါးဧက ၇၄၀၀၀ ကျော်စိုက်ဖို့ လျာထားတာ။ ဒီနေ့ထိ ၇၃၀၆၈ ဧက စိုက်ပျိုးပြီးပါပြီ။ မော်လိုက်ခရိုင်မှာ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီနှစ် ဆိုရင် ရာသီဥတုကောင်းမွန်တော့ မိုးစပါးလျာထားချက်ပြည့်မီအောင် စိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်" ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေး ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် မော်လိုက်ခရိုင်၌ မိုးစပါးလျာထားချက်တွင် မြို့နယ်အနေဖြင့် မော်လိုက်မြို့နယ်တွင် ၁၉၅၀၀ ဧကနှင့် ဖောင်းပြင်မြို့နယ် တွင် ၅၄၅၁၃ ဧကတို့ဖြစ်ပြီး မိုးစပါး စိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက် မြို့နယ်တွင် ၁၈၅၅၃ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၅၄၅၁၅ ဧကတို့ဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများ အရ သိရသည်။

မော်လိုက်ခရိုင်တွင် မိုးစပါးစိုက်ပျိုးရန်အတွက် ရေရရှိရေးနည်းလမ်းများအနေဖြင့် ချောင်းရေ၊ မြောင်းရေ၊ မိုးကောင်းသောက်နှင့် အခြားဆည်၊ ကန်တို့ကို အသုံးပြုစိုက်ပျိုးထားကြောင်း၊ တောင်သူများအနေဖြင့် မိုးစပါးများကို ဆက်လက်စိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရာသီ အကုန်တွင် စိုက်ဧကလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် မော်လိုက်ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း၊ မျိုးသန့်များစိုက်ပျိုးရန်အတွက် မျိုးစေ့များဖြန့်ဖြူးပေးခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းပညာများ၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကံမမြို့နယ် ထုံးကြီးကျေးရွာတွင် ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှုစစ်ဆေး

**ကံမ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကလေးကျေးရွာအုပ်စု ထုံးကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ၄၀၀ ဗို့ဓာတ်အားလိုင်းသွယ်တန်းပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသီတာထွေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ထုံးကြီးကျေးရွာ စီမံကိန်းအဖွဲ့ဝင်များနှင့် အတူ ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းအဖွဲ့ဝင်များကို မြစိမ်းရောင်အတိုးရငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် စာရင်းဇယားများကို စနစ်တကျဆောင်ရွက်ရန်နှင့် ကျေးရွာသူ၊ ကျေးရွာသားများကို ချပြဆွေးနွေးရန် မှာကြားခဲ့သည်။

ကံမမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထုံးကြီးကျေးရွာရှိ အိမ်ထောင်စု ၂၄၄ စုအတွက် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၄ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားပြီး အဆိုပါစီမံကိန်းအတိုးရငွေမှ ငွေကျပ် ၅ ဒသမ ၉၉၁၉ သန်းနှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း ပေ ၁၂၅၀ တည်ဆောက်ခြင်းကို စက်တင်ဘာ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး တိုးပွားလာသောရန်ပုံငွေများမှ ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **အထွေး**

# ပေါင်မြို့နယ် တောင်သူစုကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပေါင် အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက ကျုံကကျေးရွာအုပ်စု တောင်သူစုကျေးရွာ စာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(VDP)အကောင်အထည်ဖော်ရခြင်းရည်ရွယ်ချက်နှင့် စီမံကိန်း လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပွင့်ဖူးခိုင်က ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသား၊ ရပ်မိရပ်ဖများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို ကျေးရွာရှစ်ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ တောင်သူစုကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာလူထုထည့်ဝင်ငွေများ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးကျော်ကျော်လတ်က ပြောပြ၍ သိရသည်။ **မေသဲ**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီးဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၉-၁၀-၂၀၂၂**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၆၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၁၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန် စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲသို့ တက်ရောက်၊ ဆွမ်းဆန်တော်လောင်းလှူ



**စစ်တွေ အောက်တိုဘာ ၉**

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး ဆွမ်းဆန်တော်များ လောင်းလှူကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်အေးနုစိန်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များကို ဆွမ်းဆန်တော်များ၊ အချိုရည်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စေတနာထက်သန်စွာဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် စစ်တွေမြို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော်အပါး ၅၀၀ ကျော်နှင့် သီလရှင်အပါး ၁၀၀ ကျော်တို့သည် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးမှ စတင်၍ ဝက်ပါကွင်းတစ်ပတ် ကြွရောက်ကာ ဆွမ်းဆန်တော်များ အလှူခံကြသည်။

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့၌ အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးဂေါပကအဖွဲ့က ဦးဆောင်ကာ နှစ်စဉ်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မွန်ပြည်နယ် ပွင့်နေခြည်ဇာတ်သဘင်အဖွဲ့အတွက် ထောက်ပံ့ငွေ ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၉**

မြဝတီအာရှ လမ်းမကြီးပေါ်တွင် အောက်တိုဘာ ၅ ရက်က ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သော မြန်မာနိုင်ငံသဘင်အစည်းအရုံးဝင် မွန်ပြည်နယ်မှ ပွင့်နေခြည် ဇာတ်အဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်ပြီး ထောက်ပံ့ငွေ ပေးအပ်၍ ကရုဏာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွှန့်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်ဝန်ထမ်းများ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုကဲ့သို့ပွင့်လင်းရာသီကာလ၌ သဘင်အနုပညာရှင်များအနေဖြင့် ကပ်ရောဂါဘေးဆိုးကြီးအကြားမှ ရုန်းကန်လှုပ်ရှားရန် ကြိုးပမ်းရင်းဖြင့် ယခုကဲ့သို့ ကြုံတွေ့သွားရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘင်အစည်းအရုံးမှတာဝန်ရှိသူများအနေဖြင့် သတင်းရလျှင်ရချင်း ကူညီဆောင်ရွက်သင့်သည်များကို ငွေအားလူအားဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းအတွက် အသိအမှတ်ပြုလေးစားပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံသဘင်အစည်းအရုံးကြီးကို ကူညီချင်သောစေတနာ၊ စာနာတတ်သောစိတ်ထားများဖြင့် အလေးအနက်ထား၍ ယခုကဲ့သို့ အခမ်းအနားကျင်းပကာ ကူညီထောက်ပံ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)သို့ ငွေကျပ် ၂၂ သိန်းကိုထောက်ပံ့




ပေးအပ်ရာ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဗဟိုကော်မတီဝင် ဦးမြစည်သူတို့က လက်ခံရယူကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော အနုပညာရှင်ဝန်ထမ်းများကငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ အနုပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက ငွေကျပ်နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုကော်မတီဝင် ဦးဌေးလွင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးစိန်မြအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**ရေဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့အတွင်းရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။**

**နေပြည်တော် အောက်တိုဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၅၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှတာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များတပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ မဟာသန္တရုံစေတီတော်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်းနှင့် ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲပြုလုပ်



အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီးနှင့် ရွှေသင်္ကန်း ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အတွင်း တည်ထားကိုးကွယ်ထားသည့် မဟာသန္တရုံစေတီတော်ကြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့် မဟာ ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်း အောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်ကြီး မဏ္ဍပ်အတွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ကျောက်မဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇာတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက မဏ္ဍပ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီးနှင့်ရွှေသင်္ကန်းတို့ကို ဆက်ကပ် ပူဇော်သည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စေတီတော် ကြီးကို ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းကြ ပြီး ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော် ကြသည်။ ယင်းနောက် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် တော်မူကြပြီး တိုင်းမှူးနှင့် တက်ရောက်လာ ကြသူများက သံဃာတော်များကို အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာပဋ္ဌာန်းကျမ်းမြတ် ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲမင်္ဂလာကို ဆက်လက်ပြုလုပ်ကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောက်မဲ ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များကို လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ များ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဇီဝိတဒါနငါးလွှတ် ကုသိုလ်ပြုခြင်းနှင့် ကျိုင်းတုံမြို့ သံဃာမဟာပဝါရဏာလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များ သည် တရားဘာဝနာများကျင့်ကြံအားထုတ် ခြင်း၊ သံဃာတော်များကို လှူဖွယ်ပစ္စည်း များ ဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါနကုသိုလ်ပြုခြင်း အစရှိသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြ သည့်နည်းတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ (ဝစီပိတ်ဆရာတော်)နှင့် သံဃာတော်များ ကိုအမှူးထား၍ ကြိုဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ ကျိုင်းဖောင်းချောင်းသို့ သွားရောက်ကာ သီတင်းကျွတ်လပြည့်နေ့ ဇီဝိတဒါန ငါးလွှတ်ကုသိုလ်ပြုလုပ် ကြသည်။


ဆက်လက်၍ ကျိုင်းတုံမြို့ မြို့လုံးကျွတ် သံဃာမဟာပဝါရဏာ လောင်းလှူပွဲကို သံသရာအေး ကျောင်းတိုက်အတွင်း၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြ ပြီး မိုင်းဇင်းကျေးရွာအုပ်စု ဇေယာမေဒိနီ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော ကျိုင်းတုံမြို့နယ်ရှိ ဘုန်းကြီး ကျောင်း ၅၆ ကျောင်းမှ သံဃာတော် ၂၀၂ ပါးကို ဆွမ်းဆန်တော်၊ ဆီ၊ဆား အစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ များကို လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤



သံဃာတော်များကို ကြိုဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြစဉ်။

# ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ မဟာသံဃိကဒါန အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူ



ဆရာတော်ထံ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၏ အဋ္ဌာရသမ(၁၈)နှစ်မြောက် ဝါတွင်းကာလ မဟာသံဃိကဒါန အရုဏ်ဆွမ်းဆက်ကပ် လောင်းလှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး အရှေ့ ဘက်မုခ်ရှိ ဝိသာခါမဏ္ဍပ်၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက သံဃာတော် ၂၂၁၉ ပါးကို အရုဏ်ဆွမ်းများ ဆက်ကပ် လောင်းလှူကြသည်။

ထို့နောက် အရုဏ်ဆွမ်းဆက်ကပ် လောင်းလှူပူဇော်ပွဲ ရေစက်ချမင်္ဂလာကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့်တက်ရောက် လာကြသူများက ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလခံယူဆောက်တည် ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့် တော်မူသော ပရိတ်တရားတော်များ နာယူ ကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူး နှင့် တက်ရောက်လာကြသူများက သံဃာ တော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများဆက်ကပ်လှူဒါန်းပြီး ပုသိမ်မြို့ မြောင်းမြကျောင်း ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တပညာသီရိထံမှ အနုမောဒနာ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များကို အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# အောက်တိုဘာ ၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၆ ဦးတွေ့ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

အောက်တိုဘာ ၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲ နမူနာစုစုပေါင်း ၈၅၀၁ ခုကို စစ်ဆေး ပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် ၁၉၆ ဦး တွေ့ရှိ ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**


| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၂၆၄၅၈ ဦး |
| သေဆုံးသူ | ၁၉၄၆၇ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၀၂၆၆ ဦး |

# မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအက်ိုရ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တအက်ိုရ(အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော် ၉၀ နှစ် သိက္ခာတော် ၇၀ ဝါအရ ၁၃၈၄ ခုနှစ် သီတင်းကျွတ်လဆန်း ၁၅ ရက် ယနေ့ တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အောက်တိုဘာ ၁၅ ရက်တွင် အန္တိမအဂ္ဂိဈာပနပူဇာကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဩဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက် အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တအက်ိုရ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာတွင် ခမည်းတော် ဦးစံထိုက်+မယ်တော် ဒေါ်အေးပုံတို့မှ ၁၂၉၅ ခုနှစ် ကဆုန်လပြည့်ကျော် ၁၃ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပေါရာဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူသည်။ ၁၃၁၅ ခုနှစ် ဒုတိယဝါဆို လဆန်း ၅ ရက်တွင် ငါန်းဇွန်မြို့နယ် ရွာဦးကျောင်း ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ညီမလေး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ် သူဌေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပေါရာဏ၊ မန္တလေးမြို့ မဏိရတနာ မြတောင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသာဘိဝံသ စသည့် ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ ပြီး **"သာသနဓဇဓမ္မာစရိယ"** ဘွဲ့ကို ရရှိတော်မူခဲ့သည်။

### သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဏိရတနာမြတောင်ကျောင်းတိုက်၌ စာသင်သား ရဟန်း၊ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်ကျေးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ်လည်းကောင်း၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီးဝိနည်းဓိုရ် ဆရာတော်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်အဖြစ်လည်းကောင်း ယနေ့ထိ သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

### ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဧရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရဋ္ဌညျမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၂ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၉၀ နှစ် သိက္ခာတော် ၇၀ ဝါ အရ ၁၃၈၄ ခုနှစ် သီတင်းကျွတ် လဆန်း ၁၅ ရက်၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၉ ရက် တနင်္ဂနွေနေ့ နံနက် ၈ နာရီ ၄၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အောက်တိုဘာ ၁၅ ရက်တွင် အန္တိမအဂ္ဂိဈာပနပူဇာကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

# မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးဦးစီးကော်မတီ အကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီပူးပေါင်းညှိနှိုင်းအစည်းအဝေး(၃၆/၂၀၂၂)ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက်ဆောင်ရွက်ခဲ့မှုကို မျိုးဆက်သစ်များ လေ့လာနိုင်ရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ စက်မှုကဏ္ဍနှင့်ပတ်သက်၍ သင်ခန်းစာဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းပြုစုခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေးဦးစီးကော်မတီ အကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ ပူးပေါင်းညှိနှိုင်းအစည်းအဝေး(၃၆/၂၀၂၂)ကို အောက်တိုဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းပြုစုရေး ဦးစီးကော်မတီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းစာအုပ်တွင် ပါဝင်မည့် အတွေ့အကြုံ၊ လောကဓံနှင့် သုံးသပ်ချက်များသည် အနာဂတ်လူငယ်မျိုးဆက်သစ်များအတွက် အရေးကြီးကြောင်း၊ စက်မှုလက်မှုကဏ္ဍအတွက်လိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းပေးနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကတည်းကဆောင်ရွက်ခဲ့သလို ယခုအချိန်တွင် ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်း ပြုစုရေးအဖွဲ့ဝင် ပညာရှင်များ၏ အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများနှင့် နားလည်သဘောပေါက်မှုများကို အနာဂတ်မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအတွက် အထောက်အကူဖြစ်စေရန် ပြည့်ပြည့်စုံစုံ လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း၊ ယခုပြုစုနေသည့် မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းစာအုပ်သည် နောင်လာနောက်သားမျိုးဆက်သစ်များအနေဖြင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ကြိုးစား၍ ပြုစုနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းကို သတ်မှတ်ချိန်တွင် ပြီးစီးနိုင်ရေးအတွက် အားလုံးပူးပေါင်း ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ အကြံပေးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သတင်းအချက်အလက်ရှာဖွေစုဆောင်းရေး ဆပ်ကော်မတီဝင်များ၊ ဘဏ္ဍာရေး ဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက မြန်မာနိုင်ငံစက်မှုလက်မှုသမိုင်းကို ပြည့်စုံအောင်ရေးသားထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွန်ပြည်နယ် ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနား၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ပုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားများ ကျင်းပ





**နေပြည်တော် အောက်တိုဘာ ၉**

သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ စေတီများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ ယနေ့နံနက်ပိုင်းက သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)အခမ်းအနားကို ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး သာသနာ့ဗိမာန်တော် ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ တက်ရောက်ဖူးမြော်ကြည်ညိုကြပြီး ကျိုက္ခမီမြို့ အဘိဓမ္မာအသင်းမှ မျှော်ချင့်ပဋ္ဌာနကန်တော့လွှာဖြင့် ရွတ်ဆိုပူဇော်ခြင်း၊ အေးရိပ်သာ မန္တလေးကျောင်းတိုက်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ မေတ္တာသုတ်ပရိတ်တော်နာယူကြည်ညိုခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်၍ အလှူငွေများပေးအပ်ခြင်းတို့ဆောင်ရွက်ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဂေါပကအဖွဲ့တာဝန်ရှိသူများက ဘုရားကြီးဘက်စုံမွမ်းမံ ဆောင်ရွက်ထားရှိမှု၊ ဘုရားဖူးများတည်းခိုနေထိုင်ရေး စီစဉ်ဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးမြော်နိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များအညီဖြစ်စေရေးကို အလေးထားဆောင်ရွက်ပေးကြရန် မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလားတူ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးမြတ်သွင်နှင့် တာဝန်ရှိသူများ တက်ရောက်ပူဇော်ကြည်ညိုကြသည်။

ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားတွင် အဘယသုတကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသာသနထံမှ ရှစ်ပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်ကြီးများထံမှ မေတ္တာသုတ်ပရိတ်တရားတော်နာယူကြည်ညိုခြင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားခြင်း၊ လှူဖွယ်ဝတ္ထုများဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခြင်းတို့ ဆောင်ရွက်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား၌ ဘုရားဖူးလာပြည်သူများနှင့်အတူ ဆီမီးထွန်းညှိပူဇော်





**မန္တလေး အောက်တိုဘာ ၉**

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးမြို့၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံအလှများဖြင့် ထွန်းညှိခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ်ကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြသူများ၊ ရုံးများ၊ လူနေအိမ်များ၊ လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ခြင်းနှင့် လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့သည် ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်ပြီး ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးပြည်သူများနှင့်အတူ ဆီမီးထွန်းညှိပူဇော်ခဲ့ကြသည်။



ၡင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရတနာပုံဥယျာဉ်တွင်ကျင်းပသည့် မြန်မာ့ရိုးရာသီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မန္တလေးနန်းမြို့အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်က ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်များသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ အမရပူရမြို့နယ်ရှိ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်တွင်လည်း ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ဝတ်ရွတ်ပူဇော်ပွဲနှင့် အဋ္ဌမအာကြိမ်ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲများကို ကျင်းပခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်၊ ရပ်ကွက်များရှိတန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများနှင့် ဓမ္မာရုံများတွင် ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဉပုသ်သီလ ဆောက်တည်ကြခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ စသည့်ကောင်းမှုဒါနကုသိုလ်ပြုခဲ့ကြသူများ၊ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမနှင့် လေ့ကျင့်ရေးဇာတ်ရုံတို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည်ဖြစ်ရာ ယင်းအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုင်၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

**MRTV**

# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ( BE.FALLS) တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားနေမှုကိုတွေ့ရစဉ်။

**ပြင်ဦးလွင် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)ကို နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလကစတင်ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့်ခေတ်မီ 5D LED DIGITAL မှန်တံတား၊ ခေတ်မီကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရအလှဓာတ်ပုံ ရိုက်ကူးရန်နေရာများ၊ အဆင့်မြင့်ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်များနှင့် ဒေသထွက်အစားအစာစားသောက်ဆိုင်များ စီစဉ်ထားသည့်အပြင် ဆင်လိမ္မာလေးများ၏ အလှပြကစားမှုများ၊ တေးဂီတ (Unplugged) ဖျော်ဖြေရေးအစီအစဉ်များကို စီစဉ်ထားရှိကြောင်း၊ အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှု အပန်းဖြေရာတွင် Buggy ယာဉ်ငယ်များဖြင့်လည်း လှည့်လည်ကြည့်ရှုအပန်းဖြေနိုင်ရေး စီစဉ်ပေးထားကြောင်း၊ လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကြောင်း သိရသည်။

ယခုအခါ သီတင်းကျွတ်အခါသမယဖြစ်သည့်အားလျော်စွာ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS)သို့ ပြင်ဦးလွင်ဒေသခံပြည်သူများ သာမက အနယ်နယ်အရပ်ရပ်မှ မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း လာရောက်လည်ပတ်အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားလျက်ရှိပြီး ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် လူဦးရေတစ်သောင်းကျော် လာရောက်အပန်းဖြေခဲ့ကြောင်း သတင်းရရှိသည်။

**အေးမင်း**

# ရေကြည်မြို့နယ်တွင် ယခုနှစ်မိုးစပါးစိုက်ရာသီ၌ ပေါ်ဆန်းမွှေးစပါး ဧက ၂၆၈၀ စိုက်ပျိုးမှုပြီးစီး

**ရေကြည် အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပေါ်ဆန်းမွှေးစပါးအမျိုးအစား ဧက ၂၆၈၀ ရာနှုန်းပြည့်စိုက်ပျိုးပြီးဖြစ်ကြောင်း ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေကြည်မြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ၌ မျိုးကောင်းမျိုးသန့်ပေါ်ဆန်းမွှေးစပါးအမျိုးအစား ဧက ၂၆၈၀ သီးသန့်စိုက်ပျိုးမှုကို ဩဂုတ်လ တတိယအပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ပေါ်ဆန်းမွှေးစပါးအမျိုးအစားကို သီးသန့်စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

"ရေကြည်မြို့နယ်က စပါးစိုက်ပျိုးတဲ့တောင်သူများက ယခင်ကကာလများက မိရိုးဖလာနည်းနဲ့ပဲ စပါးကိုစိုက်ပျိုးခဲ့ကြပါတယ်။ အခုနောက်ပိုင်းမှာ စိုက်ပျိုးရေးဦးစီးဌာနကနေ နည်းပညာတွေရယူအသုံးချပြီးတော့ ခေတ်နဲ့အညီစိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာလဲ အထွက်နှုန်းကောင်း ဒေသမြေအနေအထားနဲ့ ကိုက်ညီတဲ့ ပေါ်ဆန်းမွှေးစပါးအမျိုးအစားကို ဧက ၂၆၈၀ သီးသန့်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပေါ်ဆန်းမွှေးစပါးက အခြားစပါးတွေနဲ့ယှဉ်တဲ့အခါ ဈေးကောင်းလည်းရပြီး စားလို့လည်းကောင်းသလို ဈေးကွက်လဲအခိုင်အမာရှိပါတယ်"ဟု ရေကြည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးဦးစီးမှူး ဦးလှမိုးနွယ်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၇၃၅ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၈၂၀ |
| HSD (500 ppm) | ၂၈၀၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၅ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း ) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၁၉၇၃ | ၂၀၄၆ |
| HSD (500 ppm) | ၂၆၉၁ | ၂၇၇၄ |
| HSD (50 ppm) | ၂၇၆၂ | ၂၈၄၇ |
| HSD (10 ppm) | ၂၇၆၂ | ၂၈၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# သီတင်းကျွတ်ပွဲတော်ကာလကို အကျိုးရှိစွာဖြတ်သန်းသွားစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)



စဉ်ဆက်မပြတ်လည်ပတ်နေသော ရာသီစက်ဝန်း အရ သီတင်းကျွတ်ပြန်လေပြီ။ ယခုနှစ် သီတင်းကျွတ် ပွဲတော်ကာလတွင် ရုံးပိတ်ရက် သုံးရက်ရှိသည်။ ကလေးများလည်း ကျောင်းပိတ်ကြသည်။ မွေးရပ်မြေရှိ မိဘ၊ ဘိုးဘွားများကို သွားရောက်ကန်တော့ရန် အချိန်ပိုမိုရကြမည်ဖြစ်သည်။ အလှူအတန်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။ လက်ထပ်ထိမ်းမြားရန် စီစဉ် ထားသူများမှာမူ မင်္ဂလာခန်းမရွေးပြီးနေလောက် ပါပြီ။ အပန်းဖြေခရီးသွားချိန်လည်း ရမည်ဖြစ်သည်။ တတ်နိုင်ပါက ပြည်ပနိုင်ငံများထိပင် သွားရောက်နိုင် သည်။ ကောင်းမှုကုသိုလ်ပြုလုပ်လိုသူများမှာမူ ဥပုသ်သီတင်းသီလ ဆောက်တည်နိုင်ကြမည်ဖြစ် သည်။ အတုမရှိမြတ်စွာဘုရားကိုရည်မှန်းလျက် ဆီမီး ထွန်းညှိပူဇော်ကာ ကုသိုလ်ကောင်းမှုပြုနိုင်မည်ဖြစ် သည်။ ဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

**သီတင်းကျွတ်လဆိုသည်မှာ**

သီတင်းကျွတ်လသည် မြန်မာ ၁၂ လတွင် သတ္တမ မြောက်လဖြစ်သည်။ မိုးဥတုတွင်ပါဝင်သည်။ ရှေး ယခင်က သီတင်းကျွတ်လဟုမခေါ်ကြဘဲ သန်တူလဟု ခေါ်ဆိုရေးသားကြသည်။ သန်တူလ၏ အဓိပ္ပာယ်မှာ ဝဿာနမိုးဥတုရာသီကိုသန်ဟူ၍ ရှေးသူတော်ကောင်း များကခေါ်ဆိုကြသည်ဟု လှေသင်းအတွင်းဝန်ရေး သော ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ဆိုသည်။ ထို့ပြင် သီတင်းကျွတ်လခေါ်ဆိုသည်မှာ ဝါဆိုလပြည့်နေ့မှစ၍ ဝါတွင်းသုံးလ၊ ရက်ပေါင်း ၉၀ ၊ သီတင်းကျွတ်လပြည့် ကျော် ၁ ရက်နေ့ သီတင်းကျွတ်သောကြောင့် သီတင်းကျွတ်လဟူ၍ သာသနာကျမ်းအလိုခေါ်ဆို ကြောင်း ပါရှိလေသည်။ ဗေဒင်အလိုအားဖြင့် သီတင်း ကျွတ်လကို တူရာသီဟုခေါ်ဆိုသည်။ တူရာသီ၏ အရုပ်သည် ချိန်ခွင်ကိုင်ထားသော ယောကျ်ားပုံစံ ဖြစ်သည်။ ရာသီပန်းသည် ကြာပန်းဖြစ်သည်။ နံနက် ၅ နာရီ ၅၅ မိနစ် နေထွက်၍ ညနေ ၅ နာရီ ၃၇ မိနစ်ခန့်တွင် နေဝင်သည်။

**သီတင်းကျွတ်လပြည့်နေ့ဆိုသည်မှာ**

သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်များ အတွက် နေ့ထူးနေ့မြတ်ကြီးပင်ဖြစ်သည်။ သီတင်း ကျွတ်လပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ကြွမြန်း ဆင်းသက်တော်မူလာသည့်နေ့ဖြစ်သဖြင့် ထူးမြတ် သောနေ့ပင်ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်ကြွမြန်း လာသည်ကိုရည်မှန်း၍ ဘုရား၊ ကျောင်းကန်၊ နေအိမ် များတွင် ဆီမီးများထွန်းကာပူဇော်လေ့ရှိသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အကြောင်းပြု၍ "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" အစရှိသည်ဖြင့် အဘိဓမ္မာ ခုနစ် ကျမ်းကိုဟောတော်မူပြီးနောက် သီတင်းကျွတ်လပြည့် နေ့တွင် တာဝတိံသာ၌ပဝါရဏာပြု၍ လူ့ပြည်သို့ သက်ဆင်းတော်မူသည်ကိုအကြောင်းပြုလျက် ထိုနေ့ ကို အဘိဓမ္မာအခါတော်နေ့ဟူ၍ သတ်မှတ်ကာ အဘိ ဓမ္မာပူဇော်ပွဲများ ကျင်းပကြသည်။

မြတ်စွာဘုရားသည် လူ့ပြည်သို့ မဆင်းသက်မီ တာဝတိံသာနတ်ပြည်၌ ရေအစုံ မီးအစုံ တန်ခိုးပြာဋိ ဟာပြတော်မူခဲ့သည်။ မြတ်စွာဘုရား၏ တန်ခိုးတော် အားဖြင့် စကြဝဠာတစ်ခုလုံးသည် ဟင်းလင်းပြင်ဖြစ် သွားသည်။ မြတ်စွာဘုရား၏လောကဝိဝရဏတန်ခိုး တော်အားဖြင့် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲသားအားလုံး သည် တစ်ဦးကိုတစ်ဦးထင်ရှားစွာတွေ့မြင်ရလေသည်။

ဆိုရလျှင် သီတင်းကျွတ်လပြည့်နေ့သည် ရဟန်း တော်များ ဝါမှထသောနေ့၊ ပဝါရဏာပြုကြသောနေ့၊ မြတ်စွာဘုရားရှင်သည် တာဝတိံသာ၌ အဘိဓမ္မာ တရားတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားတော် မူသည်မှာ အောင်မြင်စွာပြီးဆုံးသောနေ့၊ အဘိဓမ္မာ အခါတော်နေ့၊ နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ဆင်းသက်တော် မူသောနေ့၊ ဗြဟ္မာ နတ် လူ သုံးဘုံသူတို့ မြတ်စွာဘုရား အား အတူတကွကြည်ဖြူကော်ရော် ပူဇော်ကြသောနေ့၊ လောကဝိဝရဏတန်ခိုးတော်ကြောင့် စကြဝဠာ တစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသည့်ဂုဏ်ထူးဝိသေသအထူးထူးနှင့် ပြည့်စုံသော နေ့ပင်ဖြစ်သည်။

**ထိန်းထိန်းသိမ်းသိမ်းပျော်စေချင်**

အမှန်တော့ ဝါလကင်းလွတ်သီတင်းကျွတ်ပွဲတော် ကာလတွင် ကျေးလက်နေ တောင်သူဦးကြီးများသည် ကောက်ပဲသီးနှံများ ရိတ်သိမ်းခြွေလှေ့ရောင်းချပြီးဖြစ် ၍ ငွေပေါ်နေပြီဖြစ်သည်။ ထို့ပြင် သီတင်းကျွတ်ပွဲ တော်ကာလတွင် မိုးလေကင်းစင်သဖြင့် မြန်မာနိုင်ငံ ၌ ဘုရားပွဲတော်များ၊ ရှင်ပြုအလှူများ၊ စာပေဟောပြော ပွဲများ၊ မီးပုံးပျံလွှတ်ပွဲများ၊ ဆီမီးထွန်းပွဲများ စည်ကား သိုက်မြိုက်စွာကျင်းပလေ့ရှိသည်။ ထိုသို့အလှူအတန်း များ ပျော်ပွဲရွှင်ပွဲများပြုလုပ်ရာတွင် အပျော်မလွန် ကျူးမိရန်လိုပါသည်။ အပျော်လွန်လျှင် ပျက်တတ် သည်မှာ သဘာဝပင်ဖြစ်သည်။

သီတင်းကျွတ်ပွဲတော်ကာလတွင် အခြေခံပညာ ကျောင်းများပါပိတ်ထားသဖြင့် ကလေးများလည်း အနားရပြီး စိတ်လွတ်ကိုယ်လွတ်ပျော်ရွှင်နိုင်ကြမည် ဖြစ်သည်။ ကျောင်းပိတ်ထားသဖြင့် အညာကျေးလက် ဒေသများ၊ ဇာတိချက်ကြွေ မွေးရပ်မြေများသို့ပြန်ကာ ဘိုးဘွား၊ မိဘနှင့်ဆရာများကို ကန်တော့ခွင့်ရရှိကြ မည်ဖြစ်သည်။ မိသားစုလိုက် ဘုရားဖူးထွက်နိုင်မည် ကြမည်ဖြစ်သည်။ ပေ့ါပေ့ါပါးပါးခရီးထွက်နိုင်ကြမည် ဖြစ်သည်။ ပင်ပန်းနွမ်းနယ်မှုများ ဖြေဖျောက်နိုင်ကြ မည်ဖြစ်သည်။

သို့သော် မည်သည့်အရာတွင်မဆို အလွန်အကျူး မဖြစ်မိရန်လိုပါသည်။ အထူးသဖြင့် အပျော်မကျူး မိရန်လိုပါသည်။ ဘုရားဖူးခရီးထွက်ရာတွင် အပျော် လွန်ပြီး ကားများကိုပြိုင်မောင်းခြင်း၊ တစ်စီးကို တစ်စီးကျော်တက်ခြင်း၊ ရှန့်ရင်းကြမ်းတမ်းစွာ နောက် ပြောင်ပြောဆိုခြင်းမျိုး မပြုလုပ်သင့်ပေ။ ဘာသာရေး ဆိုင်ရာအဆောက်အအုံများ၊ စေတီပုထိုးများ၊ ဘုရား ကျောင်းကန်များသို့ ရောက်ရှိလျှင်လည်း အဂါရဝ ဖြစ်စေမည့် ဝတ်စားဆင်ယင်မှု၊ ပြောဆိုမှုပုံစံများကို ရှောင်ကြဉ်သွားသင့်ပါသည်။ မိမိသွားရောက်လည်ပတ် အနားယူ အပန်းဖြေခဲ့သော နေရာများ၊ ပန်းခြံများ၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများတွင် အမှိုက်များ၊ စားကြွင်းစားကျန်များ စွန့်ပစ်ခဲ့ခြင်းမရှိဘဲ စနစ်တကျသိမ်းဆည်း စွန့်ပစ်သွားသင့်ပေသည်။ ဒီမိုကရေစီနိုင်ငံကြီးသားများပီသစွာ ပြုမူကျင့်ကြံ ဆောင်ရွက်သွားသင့်ပေသည်။

**သီတင်းကျွတ်ပွဲတော်ကာလကို အကျိုးရှိစွာဖြတ်သန်း သွားစေလို**

အမှန်တော့ ဘာသာတရားကိုင်းရှိုင်းသည့် မြန်မာ တို့သည် သီတင်းကျွတ်ကာလတွင် မြတ်စွာဘုရားအမှူး ပြုသော အနန္တောအနန္တငါးပါးဂိုဏ်းဝင် သံဃာ၊ ဆရာ၊ မိဘများနှင့် အသက်အားဖြင့်သော်လည်းကောင်း၊ ဂုဏ်အားဖြင့်သော်လည်းကောင်း ကြီးမြတ်ရှိသေ လေးစားထိုက်သူများကို ကန်တော့လေ့ရှိကြသည်။ အထူးသဖြင့် မိဘများနှင့် သက်ကြီးဘိုးဘွား၊ ဆရာ သမားများကို စိတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့် သော်လည်းကောင်း ပြစ်မှားမှုများရှိခဲ့သော် ခွင့်လွှတ် ပေးရန် တောင်းပန်ကန်တော့ခြင်းဖြစ်သည်။ သက်ကြီး ရွယ်အို၊ ဆရာ၊ မိဘများကလည်း တပည့်၊ သားသမီး များကို လွန်ကဲစွာပြောဆို၊ ပြုမူခဲ့မှုများရှိလျှင် ခွင့် လွှတ်ပေးပါရန် ပြန်လည်တောင်းပန်လေ့ရှိကြသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ကြီးသူနှင့်ငယ်ရွယ်သူတို့ ကြား အကျိတ်အခဲများ၊ အာဃာတများကို အပြန် အလှန်သင်ပုန်းချေကြခြင်းဖြစ်သည်။ ချစ်စရာကောင်း သော အလေ့အထပင်ဖြစ်သည်။

ထိုသို့ သက်ကြီးဘိုးဘွား၊ မိဘ၊ ဆရာသမားများကို ကန်တော့ပြီးချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွား သလိုခံစားရလေ့ရှိပါသည်။ လူကြီးသူမများ၊ မိဘ၊ ဆရာသမားများ၏ ပို့သသောဆုတောင်းမေတ္တာသည် စာရေးသူတို့အပေါ် ကျရောက်လာနိုင်သည့်မကောင်း သောဘေးအန္တရာယ်များကို ကျော်လွှားနိုင်စွမ်းရှိစေ ပါသည်။ ရိုသေထိုက်သူကိုရိုသေခြင်း၊ ကျေးဇူးရှိသူ မိဘ၊ ဆရာသမားများ၏ ကျေးဇူးတရားကို သိတတ် ခြင်းသည် မင်္ဂလာတရားပင်ဖြစ်သည်။ ထိုအလေ့ အထသည် မြန်မာနိုင်ငံတွင်သာတွေ့မြင်ရပါသည်။ သီတင်းကျွတ်ကာလ၌ မိဘ၊ ဆရာသမားများအား ကန်တော့ရာတွင် ငွေနှင့်ပစ္စည်းတန်ဖိုးသည် အခရာ မကျပေ။ ကျေးဇူးသိတတ်ခြင်းသည်သာလျှင် အဓိက ကျလျက်ရှိသည်။ မိဘ၊ ဆရာသမားများကလည်း လက်ဆောင်ပစ္စည်းကို မျှော်လင့်တောင့်တလေ့မရှိဘဲ တပည့်၊ သားသမီးများ၏ ကျေးဇူးသိတတ်မှုစိတ်ဓာတ် ကိုသာ တမ်းတလေ့ရှိကြသည်။ အချို့သောဆရာ၊ မိဘများသည် အကြောင်းအမျိုးမျိုးရှာကာ တပည့်၊ သားသမီးများကို မုန့်ဖိုးပေးလေ့ရှိကြသည်။ အထူး သဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ငွေကြေးတတ် နိုင်သူ မိဘ၊ ဆရာသမားများသည် လာရောက် ကန်တော့ကြသည့် တပည့်၊ သားသမီးများကို ချီးမြှောက်ပေးလေ့ရှိကြသည်။

ဆိုရလျှင် သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓ ဘာသာမြန်မာလူမျိုးများသည် တာဝတိံသာနတ်ပြည် မှ လူ့ပြည်သို့ ပြန်လည်ကြွမြန်းလာသည့် ဗုဒ္ဓမြတ်စွာ ဘုရားကို ဆီမီးထွန်းညှိပူဇော်ခြင်း၊ မြတ်ဗုဒ္ဓ၏ တပည့် သံဃာတော်များက ပဝါရဏာကျင်းပကြခြင်း နှင့် သားသမီးများက ဘိုးဘွား၊ မိဘ၊ ဆရာများအား ကန်တော့ကြခြင်း စသည့်ကောင်းမှုကုသိုလ်အဝဝ ကိုပြုလုပ်ကြမည်ဖြစ်သည်။ မြန်မာလူမှုအသိုက် အဝန်းတွင် မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ ကြီးသူနှင့် ငယ်ရွယ်သူတို့ကြား အပြန်အလှန်နားလည် မှုနှင့် ခွင့်လွှတ်သည်းခံမှုများ ရရှိသောအချိန်အခါ လည်းဖြစ်သည်။ ထိုသို့ အကျိုးများသော ပွဲတော် ကာလအတွင်း သောက်စားပျော်ပါးခြင်းဖြင့် အချိန် ဖြုန်းသွားမည်ဆိုလျှင် ကုသိုလ်မရသည့်အပြင် အကု သိုလ်ပင်ရရှိနိုင်ပေသည်။ ထို့ကြောင့် အမျိုးကောင်း သား၊ အမျိုးကောင်းသမီးများအနေဖြင့် အနန္တော အနန္တငါးပါးဂုဏ်ကျေးဇူးကို အောက်မေ့သတိရလျက် သီတင်းကျွတ်ပွဲတော်ကာလကို အကျိုးရှိစွာဖြတ်သန်း သွားစေလိုပါသည်။

❖ သက်ကြီးဘိုးဘွား၊ မိဘ၊ ဆရာသမားများကို ကန်တော့ပြီးချိန်တွင် ခန္ဓာကိုယ်တစ်ခုလုံး ပေါ့ပါးသွားသလိုခံစားရလေ့ရှိပါသည်။ လူကြီးသူမများ၊ မိဘ၊ ဆရာသမားများ၏ ပို့သသောဆုတောင်းမေတ္တာသည် စာရေးသူတို့အပေါ် ကျရောက်လာနိုင်သည့် မကောင်းသောဘေးအန္တရာယ်များကို ကျော်လွှားနိုင်စွမ်းရှိစေပါသည်။ ရိုသေထိုက်သူကိုရိုသေခြင်း၊ ကျေးဇူးရှိသူ မိဘ၊ ဆရာသမားများ၏ ကျေးဇူးတရားကို သိတတ်ခြင်းသည် မင်္ဂလာတရားပင်ဖြစ်သည်။ ထိုအလေ့အထသည် မြန်မာနိုင်ငံတွင်သာ တွေ့မြင်ရပါသည်။ ❖

# ပါကစ္စတန်ရေဘေးဒုက္ခသည်များကို ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ ၂ ဘီလီယံပံ့ပိုးမည်



**အစ္စလာမ်မာဘတ် အောက်တိုဘာ ၉**

ပါကစ္စတန်နိုင်ငံ ရေဘေးဒဏ်သင့်ဧရိယာများမှ ဒေသခံများကို ကူညီပံ့ပိုးပေးရန် ရန်ပုံငွေအဖြစ် ကမ္ဘာ့ဘဏ်က အမေရိကန်ဒေါ်လာ ၂ ဘီလီယံပံ့ပိုးပေးအပ်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ထုတ်ပြန်ခဲ့သည်ဟု Nation သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင် ယခုနှစ်မိုးကာလအတွင်း ရေကြီးရေလျှံမှုကြောင့် လူဦးရေအမြောက်အမြား သေဆုံးခဲ့ရသကဲ့သို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည့် လူဦးရေအမြောက်အမြားရှိခဲ့ကြောင်း၊ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသောပြည်သူများမှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်နေရဆဲဖြစ်ပြီး အစိုးရအနေဖြင့် ဘဏ္ဍာရေးအခက်အခဲကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန် အခက်အခဲရှိနေကြောင်း သိရသည်။

“ပါကစ္စတန်နိုင်ငံရေဘေးဒဏ်သင့်ပြည်သူတွေကို ကူညီပံ့ပိုးဖို့အတွက် ကမ္ဘာ့ဘဏ်က တာဝန်ရှိသူတွေဟာ အောက်တိုဘာ ၈ ရက်မှာ အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အစည်းအဝေးဆုံးဖြတ်ချက်အရ ပါကစ္စတန်ပြည်သူတွေအတွက် အမေရိကန်ဒေါ်လာ ၂ ဘီလီယံထိပံ့ပိုးပေးသွားမှာပါ”ဟု ပါကစ္စတန်နိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ဒါရိုက်တာဖြစ်သူ ဘင်ဟက်ဆင်းက ပြောကြားခဲ့သည်။

ရေဘေးအန္တရာယ်ကြောင့် ပါကစ္စတန်နိုင်ငံ၏ စီးပွားရေးကဏ္ဍမှာလည်း အထိနာခဲ့ရပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိခိုက်ဆုံးရှုံးမှုများခဲ့ကြောင်း၊ စီးပွားရေးကဏ္ဍဆုံးရှုံးမှုပမာဏ မြင့်မားခဲ့သည့်အတွက် ပါကစ္စတန်အစိုးရအနေဖြင့် ရေဘေးဒဏ်သင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အခက်အခဲရှိနေကြောင်း သိရသည်။

အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ကလည်း အာရှနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့ပါက ရန်ပုံငွေကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း မူဝါဒသတ်မှတ်ထားသကဲ့သို့ ပါကစ္စတန်နိုင်ငံမှ ရေဘေးဒဏ်သင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံမှ ၂ ဒသမ ၅ ဘီလီယံထိ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြီးခဲ့သောရက်သတ္တပတ်က ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဂျူလီယာအပူပိုင်းမုန်တိုင်းက ဟာရီကိန်းအဖြစ်ရောက်ရှိပြီး အမေရိကတိုက်သို့ ဦးတည်တိုက်ခတ်နေ

**ဝါရှင်တန် အောက်တိုဘာ ၉**

ဂျူလီယာဟုအမည်ပေးထားသည့် အပူပိုင်းမုန်တိုင်းသည် အောက်တိုဘာ ၇ ရက်က ကာရေဘီယံဒေသတစ်ခုဖြစ်သည့် ဆန်အန်ဒရက်စ်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အောက်တိုဘာ ၈ ရက်တွင် မုန်တိုင်းအားပိုကောင်းလာခဲ့ပြီး အပူပိုင်းမုန်တိုင်းမှ ဟာရီကိန်းမုန်တိုင်းအဖြစ်ရောက်ရှိပြီး အမေရိကတိုက်အလယ်ပိုင်းသို့ ဦးတည်တိုက်ခတ်နေကြောင်း အမေရိကန်နေရှင်နယ် ဟာရီကိန်းစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂျူလီယာဟာရီကိန်းမုန်တိုင်းသည် ဆန်အန်ဒရက်စ်ကျွန်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် အောက်တိုဘာ ၈ ရက်တွင် ဟာရီကိန်းမုန်တိုင်းအသွင်ဖြင့် နီကာရာဂွာနိုင်ငံကို ဖြတ်သန်းခဲ့ပြီး တိုက်ခတ်နှုန်းမှာ တစ်နာရီ ၇၅ မိုင်နှုန်းထိရှိခဲ့ကြောင်း သိရသည်။

“ဂျူလီယာမုန်တိုင်းဟာ ဆန်အန်ဒရက်စ်ကျွန်းကို ဖြတ်သန်းပြီးတဲ့နောက် ဟာရီကိန်းမုန်တိုင်းအသွင်ကူးပြောင်းပြီး အမေရိကတိုက်အလယ်ပိုင်းကို ဝင်ရောက်လာ



ဖွယ်ရှိနေပါတယ်။ မက္ကဆီကိုနိုင်ငံတောင်ဘက်ပိုင်းဒေသတွေကိုလဲ ဖြတ်သန်းတိုက်ခတ်ဖွယ် ရှိနေပါတယ်။ ဟာရီကိန်းမုန်တိုင်းအသွင်ကူးပြောင်းသွားပြီဖြစ်တဲ့အတွက်ကြောင့် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်တဲ့ အဆင့်ဖြစ်ပါတယ်။ မုန်တိုင်းနောက်ဆက်တွဲပြဿနာတွေဖြစ်တဲ့ ရေကြီးရေလျှံမှုတွေ၊ မြေပြိုကျမှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့အခြေအနေဖြစ်ပါတယ်။ ဆန်အန်ဒရက်စ်ကျွန်းကနေ အမေရိကတိုက် အလယ်ပိုင်းဒေသတွေဆီကို တစ်နာရီ ၇၅ မိုင်နှုန်းနဲ့ ဦးတည်တိုက်ခတ်နေတဲ့အတွက်ကြောင့် မကြာခင် အမေရိကတိုက် အလယ်ပိုင်းဒေသတွေကို ရောက်ရှိလာနိုင်ပါတယ်”ဟု အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဂျူလီယာဟာရီကိန်းမုန်တိုင်းသည် လာမည့်ရက်ပိုင်းအတွင်း အမေရိကတိုက် အလယ်ပိုင်းဒေသများနှင့် မက္ကဆီကိုနိုင်ငံ တောင်ဘက်ပိုင်းဒေသများသို့ ဖြတ်သန်းတိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်နေရှင်နယ်ဟာရီကိန်းစင်တာမှ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# အင်္ဂလန်နှင့် ဝေလနိုင်ငံတို့တွင် ယခုနှစ် အပူလှိုင်းကြောင့် ပုံမှန်နွေရာသီထက် လူသေဆုံးမှုပိုမိုများပြား

**လန်ဒန် အောက်တိုဘာ ၉**

အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့တွင် ယခုနှစ် နွေကာလ အပူလှိုင်းဖြတ်သန်းမှုကြောင့် ပုံမှန်နွေကာလ၌ သေဆုံးခဲ့သည့် လူဦးရေပမာဏထက် ခြောက်ရာခိုင်နှုန်းပိုမိုများပြားခဲ့ကြောင်း အင်္ဂလန်အခြေစိုက်နေရှင်နယ်စာရင်းအင်းရုံးက ထုတ်ပြန်ခဲ့သည်ဟု Western Telegraph သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံတို့၌ ပြီးခဲ့သော ဇွန်လအလယ်ပိုင်းမှ ဩဂုတ် ၃ ရက်ထိ အပူလှိုင်းမကြာခဏဖြတ်သန်းခဲ့ပြီး အပူလှိုင်းကြောင့် စံချိန်တင်အပူချိန်မြင့်တက်မှုများဖြင့် ရင်ဆိုင်ခဲ့ရကာ အပူလှိုင်းကြောင့်လည်း အပူချိန်မြင့်တက်မှုနှင့်ဆက်စပ်သော ရောဂါဝေဒနာခံစားရသူအမြောက်အမြားရှိခဲ့ပြီး သေဆုံးသူလည်းရှိခဲ့သည်။

“ဒီနှစ် နွေကာလမှာ အပူချိန်တွေ စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ အပူချိန်စံချိန်တင်မြင့်တက်မှုနှင့်အတူ သေဆုံးသူလူဦးရေလဲ မြင့်တက်ခဲ့ပါတယ်။ ပြုစုထားတဲ့စာရင်းတွေအရ ငါးနှစ်တာကာလအတွင်း နွေရာသီမှာ သေဆုံးသူ ၅၆၃၀၃ ယောက်ထိရှိခဲ့တယ်။ စာရင်းအရ နှစ်နိုင်ငံပေါင်း တစ်နှစ်ကို လူဦးရေ ၁၁၀၀၀ ကျော်လောက် သေဆုံးနေတယ်။ ဒါပေမဲ့လဲ ဒီနှစ်မှာတော့ ပုံမှန်သေဆုံးလေ့ရှိတဲ့ ပမာဏထက်ကို ခြောက်ရာခိုင်နှုန်းပိုများခဲ့ပါတယ်။ သေဆုံးသူပမာဏမြင့်တက်လာတာက ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်တက်လာမှုအပေါ် မူတည်နေတယ်။ ရာသီဥတုဖောက်ပြန်မှုကို လျှော့ချနိုင်အောင် ဆောင်ရွက်နိုင်တာမရှိဘူးဆိုရင် သေဆုံးသူပမာဏ ပိုပြီး မြင့်တက်လာဖို့ပဲရှိပါတယ်”ဟု နေရှင်နယ်စာရင်းအင်းရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဆာရာဟက်က ပြောကြားခဲ့သည်။

အပူလှိုင်းကြောင့် ငါးနှစ်တာကာလအတွင်း သေဆုံးခဲ့သူများအနက် အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုအရေအတွက် ပိုမိုများပြားခဲ့ကြောင်း၊ မှတ်တမ်းများအရ အင်္ဂလန်နှင့်ဝေလနိုင်ငံတို့တွင် နွေကာလ၌ နှစ်စဉ်သေဆုံးသူ ၁၁၀၀၀ ကျော်ရှိခဲ့ပြီး ယခုနှစ် နွေကာလတွင် ၁၂၀၀၀ ကျော်ထိရှိခဲ့ကြောင်း အဆိုပါစာရင်းအင်းရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# ရာဂျာစတန်ပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် လူလေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိ

**နယူးဒေလီ အောက်တိုဘာ ၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ရာဂျာစတန်ပြည်နယ်တွင် မိုးကြိုးပစ်မှုကြောင့် လူလေးဦးသေဆုံးခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နယူးအိတ်တင်း သတင်းဌာနက အောက်တိုဘာ ၈ ရက်တွင် ဖော်ပြထားသည်။

ရာဂျာစတန်ပြည်နယ်အတွင်းရှိ Pali ခရိုင်နှင့် Chittorgarh ခရိုင်တို့တွင် အောက်တိုဘာ ၈ ရက် မွန်းလွဲပိုင်းက မိုးများစွာရွာသွန်းခဲ့ပြီး မိုးကြိုးပစ်မှုကြောင့် Pali ခရိုင်တွင် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး Chittorgarh ခရိုင်တွင် အမျိုးသားတစ်ဦး မိုးကြိုးထိမှန်၍ သေဆုံးခဲ့ကြောင်း သိရသည်။

Pali ခရိုင် ချိုတီလာကျေးရွာရှိ ရွာသားတချို့မှာ လယ်ကွင်းတစ်ခုအတွင်း အလုပ်လုပ်နေစဉ် မိုးကြိုးပစ်ခဲ့ခြင်းဖြစ်ပြီး သုံးဦးမှာ နေရာတွင်ပင် သေဆုံးခဲ့ရာ ဒဏ်ရာရသူ ခုနစ်ဦးအနက် စိုးရိမ်ရသူငါးဦးကို ပြည်နယ်အတွင်းရှိ ဂျော်ဒါပူရဆေးရုံသို့ ပို့ဆောင်ခဲ့ရကြောင်း ဒေသခံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Chittorgarh ခရိုင်ရှိ မိုးကြိုးထိမှန်သူတစ်ဦးမှာ ၎င်းနေအိမ်လသာဆောင်တွင်ရှိနေစဉ် မိုးကြိုးထိမှန်ခြင်းဖြစ်ပြီး နေရာတွင်ပင် သေဆုံးခဲ့ကြောင်း နယ်မြေရဲတပ်ဖွဲ့အဆိုအရ သိရသည်။

ပြည်နယ်မိုးလေဝသဌာနပြောရေးဆိုခွင့်ရှိသူအဆိုအရ ပြီးခဲ့သည့် ၂၄ နာရီအတွင်း ပြည်နယ်နေရာအနှံ့အပြားတွင် မိုးအနည်းငယ်မှ အလယ်အလတ်ရွာသွန်းခဲ့ပြီး အချို့ဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း Chittorgarh ပြည်နယ်အတွင်း အချို့နေရာများတွင် အမြင့်ဆုံးမိုးရေချိန် ၁၁၈ မီလီ မီတာထိရွာသွန်းခဲ့ပြီးနောက် နှစ်ရက်ခန့်ထိ မိုးများနိုင်ကြောင်း ပြည်နယ်မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**AZH**

# ဂျာမနီနိုင်ငံအနေဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှုများပြားလာ၍ လာမည့်ဆောင်းကာလတွင် ဓာတ်ငွေ့အကျပ်အတည်းနှင့် ကြုံလာရနိုင်

**ဘာလင် အောက်တိုဘာ ၉**

ဂျာမနီနိုင်ငံအနေဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အလွန်များပြားလာ၍ လာမည့်ဆောင်းကာလတွင် သဘာဝဓာတ်ငွေ့အကျပ်အတည်းနှင့် ကြုံလာရနိုင်ကြောင်း ဂျာမနီကွန်ရက် ထိန်းသိမ်းရေးအေဂျင်စီအကြီးအကဲက သတိပေးပြောကြားခဲ့သည်ဟု Oil Prize. com က အောက်တိုဘာ ၈ ရက်တွင် ဖော်ပြထားသည်။

ဘောလ်တစ်ပင်လယ်အတွင်းရှိ ရုရှားပိုင် နော့ဒ်စထရင်းဓာတ်ငွေ့ပိုက်လိုင်း တိုက်ခိုက်ခံခဲ့ရခြင်းနှင့် ရုရှား-ယူကရိန်းပဋိပက္ခကြောင့် ရုရှားမှ သဘာဝဓာတ်ငွေ့ပေးပို့မှု လျော့ကျသွားခြင်းတို့ကြောင့် ဂျာမနီနိုင်ငံအနေဖြင့် နေအိမ်သုံးစွဲမှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် သဘာဝဓာတ်ငွေ့လိုအပ်ချက်များ များပြားလာကြောင်း သိရသည်။

“ပုဂ္ဂလိက ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုကဏ္ဍတွေမှာဓာတ်ငွေ့သုံးစွဲမှုကို အနည်းဆုံး ၂၀ ရာခိုင်နှုန်း မချွေတာဘဲ ဆောင်းရာသီမှာ လိုအပ်မဲ့ ဓာတ်ငွေ့အကျပ်အတည်းကို ရှောင်လွှဲလို့မရနိုင်ပါဘူး”ဟု ဂျာမနီကွန်ရက် ထိန်းသိမ်းရေးအေဂျင်စီအကြီးအကဲက ပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံတွင် ယခုလအတွင်း ပျမ်းမျှ ၅ ဒီဂရီထိ အပူချိန်လျော့ကျခဲ့ပြီး အပူပေးရာသီစတင်ရောက်ရှိလာပြီဖြစ်ရာ စွမ်းအင်သုံးစွဲမှုကို ထိန်းသိမ်းရန်နှင့် သဘာဝဓာတ်ငွေ့သုံးစွဲမှုကိုထိန်းချုပ်နိုင်ခြင်းမရှိပါက ဓာတ်ငွေ့ဈေးနှုန်းများပိုမိုမြင့်တက်လာနိုင်ကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

ဂျာမနီနိုင်ငံတွင် ယခင်သီတင်းပတ်အတွင်း အိမ်ထောင်စုများနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် သဘာဝဓာတ်ငွေ့သုံးစွဲမှုသည် ၂၀၁၈ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကြား ပျမ်းမျှသုံးစွဲမှုအဆင့်ထက် ၁၀ ရာခိုင်နှုန်း ပိုမိုမြင့်မားခဲ့ကြောင်း သိရသည်။

**AZH**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုအနာဂတ်အလားအလာ

မနက်စာစားသုံးရန် လက်ဖက်ရည်ဆိုင်ထိုင်ကြသည့်အခါ "စီလုံတီး" တစ်ခွက်ပေးပါဟု မှာတတ်ကြသည်။ အမှန်တော့ "စီလုံ"ဆိုသည့်အမည်က သီရိလင်္ကာနိုင်ငံ၏ ယခင်အမည်ဟောင်းပါ။ သီရိလင်္ကာနိုင်ငံ သို့မဟုတ် စီလုံနိုင်ငံမှထွက်သည့် လက်ဖက်ခြောက်မှာ အရည်အသွေးအလွန်ကောင်းမွန်သဖြင့် "စီလုံတီး"က ကမ္ဘာကျော်ခဲ့သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များဆီက သီရိလင်္ကာသည် တောင်အာရှဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ မျက်မှောက်ကာလတွင်မူ အများကြားသိနေကြရသည့်အတိုင်း စီးပွားရေးအကျပ်အတည်းများဖြင့် ခက်ခဲသည့်ကာလကို ရင်ဆိုင်နေရသည့် တိုင်းပြည်တစ်ပြည်ဖြစ်နေသည်။

ပင်လယ်ရေမျက်နှာပြင်များ ဝန်းရံလျက်ရှိသည့် ကျွန်းနိုင်ငံဖြစ်သည့် သီရိလင်္ကာနိုင်ငံ၏ အဓိကဝင်ငွေမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဟုဆိုသည်။ ကိုဗစ်-၁၉ ရောဂါကာလများအတွင်း အသွားအလာကန့်သတ်ပိတ်ပင်မှုများကြောင့် ခရီးသွားလုပ်ငန်းကျဆင်းသွားရခြင်းသည် သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးကို အဓိကထိုးနှက်ချက်တစ်ခုဖြစ်ခဲ့သည်။ လက်ရှိကာလ စီးပွားရေးအကျပ်အတည်းကြောင့် နိုင်ငံ၏ ငွေကြေးစနစ်ပျက်ယွင်းခြင်း၊ ငွေကြေးဖောင်းပွခြင်း၊ ပြည်ပအရန်ငွေကြေးမရှိတော့ခြင်း စသည့်စိန်ခေါ်မှုများနှင့်ရင်ဆိုင်လာရပြီး နိုင်ငံအတွက် မရှိမဖြစ်လောင်စာဆီနှင့် ဆေးဝါးပစ္စည်းများ တင်သွင်းနိုင်ခြင်းမရှိတော့သည့် အခြေအနေဆိုးများဖြင့် ရင်ဆိုင်ခဲ့ရသည်။

လက်ရှိအခြေအနေဆိုးများနှင့် မကြုံတွေ့ရခင်က သီရိလင်္ကာနိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းမှာ အသက် ၇၅ ဒသမ ၅နှစ်ဖြစ်ခဲ့ပြီး ကမ္ဘာ့လူသားများ၏ ပျမ်းမျှသက်တမ်းထက် ၁၀ ရာခိုင်နှုန်းမြင့်မားခဲ့သည်။ ဝက်သက်ရောဂါနှင့် ဂျာမန်ဝက်သက်ရောဂါများကို မျှော်မှန်းထားခဲ့သည့် ၂၀၂၃ ခုနှစ်ထက် စောစီးစွာ အမြစ်ဖြတ်နိုင်ခဲ့သည်ဟု ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခံခဲ့ရသည့်နိုင်ငံလည်းဖြစ်ခဲ့သည်။

၁၉ ရာစု နှင့် ၂၀ ရာစုပိုင်းများထိ သီရိလင်္ကာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားခဲ့သည့် နိုင်ငံဖြစ်ခဲ့သည်။ ရော်ဘာ၊ စီလုံလက်ဖက်ခြောက်၊ ကော်ဖီ၊ ဟင်းခတ်အမွှေးအကြိုင်နှင့် ဆန်စပါးများကို ပြည်တွင်းတွင် စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ခဲ့သည်။ နောက်ပိုင်းတွင် စက်မှုလုပ်ငန်းများရော ဝန်ဆောင်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာခဲ့ပြီး ခရီးသွားကဏ္ဍအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများက ဂျီဒီပီ၏ ၅၉ဒသမ ၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍက ၂၆ ဒသမ ၂ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးကဏ္ဍက ၈ ဒသမ ၄ ရာခိုင်နှုန်းဖြစ်လာခဲ့သည်။ အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နေကြသည့် သီရိလင်္ကာနိုင်ငံသားများ၏ ဝင်ငွေကလည်း နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းက အားဖြည့်ပေးသည်ဟုဆိုသည်။

အမှန်တော့ သီရိလင်္ကာနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းက ၂၀၁၆ ခုနှစ်ကတည်းကစတင်နေခဲ့ပါပြီ။ ၂၀၁၆ ခုနှစ်တွင် နိုင်ငံမှပေးရန် အကြွေးများပြားလွန်းသဖြင့် ဒေဝါလီခံလုနီးပါးဖြစ်ခဲ့ရပြီး ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ထုတ်ချေးခဲ့ရသည်။ ၂၀၁၆ ခုနှစ်စတုတ္ထလေးလပတ်ကာလမှာပင် နိုင်ငံတော်ကပေးရန်ကျန်အကြွေးက အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၉ ဘီလီယံရှိနေပြီဖြစ်သည်။ ၂၀၁၈ခုနှစ်တွင် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ ဘီလီယံ ချေးမည်ဟုသဘောတူခဲ့သည်။ သို့သော် ၂၀၁၉-၂၀၂၀ ကိုဗစ်-၁၉ ရောဂါကာလနှင့် ထပ်မံရင်ဆိုင်လိုက်ရပြီးနောက် တိုင်းပြည်ဝင်ငွေ ရပ်ဆိုင်းသွားကာ ၂၀၂၁ ခုနှစ် စက်တင်ဘာလတွင် ကြီးမားသည့်စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရပြီဟု ထုတ်ပြန်ကြေညာခဲ့ရသည်။

လက်ရှိကာလ သီရိလင်္ကာနိုင်ငံပိုင် ဆေးရုံများတွင် ခွဲစိတ်ခန်းသုံးမေ့ဆေးများ လုံးဝမရှိတော့ဟုဆိုသည်။ ပဋိဇီဝဆေးများလည်း အတော်နည်းပါးနေပြီး ကူးစက်ရောဂါများဖြစ်ပွားနေသည့်လူနာများကို ပဋိဇီဝဆေးဝါးဆေးပတ်လည်အောင် ပေးနိုင်ခြင်းမရှိတော့ဘဲ စောစီးစွာဆေးရုံက ဆင်းပေးနေကြရသည်။ ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများတွင် ဆေးဝါးများအလုံအလောက်ရှိနေသေးသည်။ သို့ပေမဲ့ ငွေကြေးဖောင်းပွမှုနှုန်းက ၆၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီးနောက် ယခင်က ဝယ်ယူသုံးစွဲနိုင်သည့် ဆေးဝါးများကို နိုင်ငံသားအများစုဝယ်ယူနိုင်ကြခြင်းမရှိတော့ပါ။ ကင်ဆာဆေးဝါးများနှင့် သံလိုက်စက်ကွင်း ဓာတ်မှန်၊ ကွန်ပျူတာဓာတ်မှန်ရိုက်ယူရာတွင်အသုံးပြုသည့် Contrast ဆေးဝါးများလည်း အစိုးရဆေးရုံများတွင် မရှိတော့ဟုဆိုသည်။

> ❖ လက်ရှိကာလ သီရိလင်္ကာနိုင်ငံပိုင်ဆေးရုံများတွင် ခွဲစိတ်ခန်းသုံးမေ့ဆေးများ လုံးဝမရှိတော့ဟုဆိုသည်။ ပဋိဇီဝဆေးများလည်း အတော်နည်းပါးနေပြီး ကူးစက်ရောဂါများ ဖြစ်ပွားနေသည့်လူနာများကို ပဋိဇီဝဆေးဝါးဆေးပတ်လည်အောင် ပေးနိုင်ခြင်းမရှိတော့ဘဲ စောစီးစွာဆေးရုံက ဆင်းပေးနေကြရသည်။ ပုဂ္ဂလိကဆေးဝါးကုမ္ပဏီများတွင် ဆေးဝါးများအလုံအလောက်ရှိနေသေးသည်။ သို့ပေမဲ့ ငွေကြေးဖောင်းပွမှုနှုန်းက ၆၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီးနောက် ယခင်က ဝယ်ယူသုံးစွဲနိုင်သည့် ဆေးဝါးများကို နိုင်ငံသားအများစု ဝယ်ယူနိုင်ကြခြင်းမရှိတော့ပါ။ ❖

နှလုံးသွေးကြောချဲ့ရာတွင် အသုံးပြုရသည့် နှလုံးသွေးကြောထောက်ကန်ပိုက်(Stents)များ၊ သွေးကြောထိန်းရာတွင်အသုံးပြုသည့် သွေးကြောဖမ်းကလစ်များနှင့် ချုပ်ကြိုးများပင် ပြည်သူ့ဆေးရုံများတွင်မရှိတော့သည့်အခြေအနေဖြစ်သည်။ မေ့ဆေးပေးရာတွင် အသုံးပြုသည့်ဆေးဝါးများနှင့် ဓာတ်ငွေ့များမရှိသည့်အတွက် ခွဲစိတ်မှုများကိုလည်း ရွှေ့ဆိုင်းထားရသည်။ စက်သုံးဆီဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့် လူနာများအဖို့ဆေးရုံ၊ ဆေးခန်းများသို့ ခရီးစရိတ်များပြားစွာဖြင့်လာရောက်ကြရသော်လည်း ဆေးရုံများတွင် ဆေးဝါးမရှိသည့်အတွက် သည်အတိုင်းပြန်လွှတ်နေကြရသည်။

စက်သုံးလောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းက လူနာများကိုသာမက ကျန်းမာရေးဝန်ထမ်းများကိုပါ ထိခိုက်စေသည်။ တစ်ရက်လုပ်ခလစာ ရှုပီးငွေတစ်ထောင်ခန့်ရသည့် ကျန်းမာရေးဝန်ထမ်းတစ်ဦးအဖို့ ဆေးရုံသို့အသွားအပြန် ခရီးစရိတ်ရှုပီး ၄၅၀ ခန့်ကုန်ကျသွားသည့်အခါ အပင်ပန်းခံပြီး အလုပ်သို့မလာရောက်တော့ဘဲ ခွင့်ယူနေကြရသည့်ဖြစ်စဉ်များ များပြားလာသည်။ အဘက်ဘက်မှ ဖိစီးမှုများလွန်းသဖြင့် ကျန်းမာရေးဝန်ထမ်းတချို့ နိုင်ငံမှထွက်ခွာသွားကြပြီဟုဆိုသည်။

နိုင်ငံ၏စီးပွားရေးအကျပ်အတည်းကြောင့် နိုင်ငံသမ္မတဂေါ်တာဘာရာရာဂျာပက်စာ ရာထူးမှဖြုတ်ချသွားသည်။ ၂၀၂၂ ခုနှစ် မေလ သမ္မတဂေါ်တာဘာရာ နုတ်မထွက်ခင်တွင် သီရိလင်္ကာနိုင်ငံ၏ကြွေးမြီများကို ဆပ်နိုင်တော့မည်မဟုတ်ဟု ကြေညာခဲ့ရသည်။နိုင်ငံ၏ ရှုပီးငွေကြေးတန်ဖိုးက အနိမ့်ဆုံးသို့ထိုးဆင်းသွားသည်။ စားနပ်ရိက္ခာဈေးနှုန်းများက နှစ်ဆထိမြင့်တက်လာခဲ့သည်။ ပုံမှန်ကျွေးနေကျ စာသင်ကျောင်းမှ နေ့လယ်စာများနှင့် မိခင်နှင့်ကလေးကျန်းမာရေး အားဖြည့်အာဟာရကျွေးမွေးမှုများလည်း ရပ်ဆိုင်းသွားခဲ့ပြီ။

ကလေးငယ် ၂ ဒသမ ၃ သန်းအပါအဝင် ယနေ့ သီရိလင်္ကာနိုင်ငံမှ လူဦးရေ ၅ ဒသမ ၇ သန်းခန့်မှာ အရေးပေါ်အကူအညီများ လိုအပ်နေကြသည်။ နဂိုကတည်းက ကြီးမားစွာရှိနေသည့် ကလေးသူငယ်အာဟာရမပြည့်ဝသည့်ပြဿနာမှာ ပိုမိုကြီးထွားလာရန်ရှိသည်။ အစိုးရ၏ နိုင်ငံခြားအရန်ငွေကြေးပမာဏ အလွန်နည်းပါးနေသည့်အတွက် ဆေးဝါးနှင့်စက်သုံးဆီကဲ့သို့သော နိုင်ငံတွင်းမရှိမဖြစ်သွင်းကုန်ပစ္စည်းများ ပြတ်လပ်လာသည်။ သီရိလင်္ကာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ သဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံခန့် ချေးငှား ရန်ရှိသည်ဟု ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အမှန်တော့ သီရိလင်္ကာနိုင်ငံ၏ အစဉ်အဆက် အစိုးရများသည် နိုင်ငံ၏ကျန်းမာရေးကဏ္ဍအပေါ် စောင့်ရှောက်ခဲ့ကြတာများသည်။ အထူးသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ဂရုတစိုက်နှင့်ဆောင်ရွက်ပေးခဲ့ကြသည်။ တစ်နိုင်ငံလုံးလွှမ်းခြုံထားသည့် ကောင်းမွန်သော ပြည်သူ့ကျန်းမာရေးစနစ်ရှိပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို အခမဲ့ရရှိနိုင်ကြသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုလီယို၊ ဝက်သက်နှင့်ငှက်ဖျားရောဂါများ သီရိလင်္ကာနိုင်ငံတွင် အမြစ်ပြတ်သွားပြီဟု ကြေညာနိုင်ခဲ့ပြီး မွေးကင်းစမေးခိုင်ရောဂါနှင့် မိခင်မှရင်သွေးသို့ကူးစက်သည့် HIV နှင့် ကာလသားရောဂါများလည်း ကင်းစင်သွားခဲ့ပြီးဖြစ်သည်။

သို့သော် ၂၀၂၁ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍအပေါ် ရင်းနှီးမြှုပ်နှံမှုမှာ မလုံလောက်သေးကြောင်း၊ အထူးသဖြင့် နိုင်ငံအတွင်း သေဆုံးမှုများ၏အကြောင်းရင်း ၈၀ ရာခိုင်နှုန်းဖြစ်သည့် မကူးစက်တတ်သောရောဂါများအပေါ် ထိန်းချုပ်ကိုင်တွယ်မှုတွင် အားနည်းနေသေးကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးခဲ့သည်။ မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအပေါ် အားစိုက်ထားသော်လည်း မကူးစက်တတ်သောရောဂါများအပေါ် ကိုင်တွယ်ရာတွင် များစွာလိုအပ်နေသေးကြောင်း ထောက်ပြသည်။

သီရိလင်္ကာနိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍများကို အခမဲ့ဆောင်ရွက်ပေးခဲ့သော်လည်း အဆင့်မြင့်ဆေးကုသမှုများမှာမူ အခပေးဆောင်ရွက်ရသဖြင့် ယနေ့ဆေးကုသစရိတ်များ၏ ထက်ဝက်ကျော်မှာ လူနာများမှအိတ်စိုက်ကျခံကြရသည့် အခြေအနေဖြစ်သည်။

အားသာချက်ကတော့ လူနာများဘက်က မိမိပြသလိုသည့် အထူးကုဆရာဝန်နှင့် အခကြေးငွေပေးပြီး တိုက်ရိုက်ပြသ၍ရနိုင်နေခြင်းပင်။ ဆေးရုံတက်ရောက်ကုသရန်လိုအပ်လာသည့် အခြေအနေများတွင် ပြည်သူ့ဆေးရုံများတွင်သာ တက်ရောက်ကြရပြန်သည်။

၂၀၁၈ ခုနှစ်အတွင်း အစိုးရကျန်းမာရေးဌာန ဆေးရုံ၊ ဆေးခန်းများရှိ အထူးကုဆရာဝန်များထံသို့ လူနာစေလွှတ်ပြသရမည့်လမ်းကြောင်းအစီအစဉ်များကို အသစ်တဖန် ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသို့သွားရောက်ပြသရာတွင်မူ လမ်းညွှန်မှုမရှိသေးကြောင်းသိရသည်။ သီရိလင်္ကာကျန်းမာရေးဌာနမှ ဆရာဝန်များသည်လည်း ပြင်ပပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် လူနာကြည့်ကြသည်။ အစိုးရဆေးရုံများမှ လစာငွေကြေးနှင့် မလောက်သည့်အတွက် ပြင်ပပုဂ္ဂလိကဆေးရုံများတွင် အပိုဝင်ငွေဖန်တီးခွင့်ပေးထားသည် သဘောဖြစ်သည်။

မဝေးလှသည့် အနာဂတ်ကာလများတွင် သီရိလင်္ကာနိုင်ငံအဖို့ စီးပွားရေးကျဆင်းမှုဒဏ်နှင့် ကြွေးမြီများကြား ရုန်းကန်လှုပ်ရှားနေရဦးမည်ဖြစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို ပြန်လည်အလေးပေး အာရုံစိုက်နိုင်လိမ့်ဦးမည်မဟုတ်ပါ။ ခက်ခဲကြမ်းတမ်းသည့် ပြည်တွင်းစစ်ကာလများ၊ အခြေအနေဆိုးများကို ရင်ဆိုင်ဖြတ်သန်းကျော်လွှားခဲ့ဖူးသည့် သီရိလင်္ကာနိုင်ငံသားများအဖို့ လက်ရှိကြုံတွေ့နေရသည့်အခြေအနေဆိုးများကိုလည်း ကြံ့ကြံ့ခံ တွန်းလှန်ဖြတ်သန်းနိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

-Uncertainty over the future of Sri Lankan health care byTalha Burkifrom Lancet Sept,2022

ဒေါက်တာလွှမ်းမိုးဟန်

0w Kw W @

# ပြည့်စွက်စာ

ယဉ်ယဉ်(ရွှေခယ်မြေ)




(၁)

ပြောရမည်ဆိုလျှင် မြတ်ဝေ ပြောကိုမပြောချင်ပေ။ မပြောချင်ရင်မပြောနဲ့ဆိုပေမဲ့လဲ ပြောတော့ ပြောပြချင်သေး။ မြတ်ဝေမှာ အသက် ၈၀ ကျော်မုဆိုးမအမေအိုကြီးတစ်ယောက်ရှိတာ။ အသက်ကြီးလို့ အေးအေးချမ်းချမ်းနေမယ်မထင်နဲ့။ တစ်ခါမှ မဖမ်းဖူးပေမဲ့လဲ ဆင်ဖမ်း၊ ကျားဖမ်းတာကမှ လွယ်မယ်ထင်ရသေး။ တစ်ရက်တစ်ရက် ရပ်ကွက်ထဲ အမေ့ကိုလိုက်ရှာဖမ်းရတာများ ရွာရိုးကိုးပေါက်။ စက်ချုပ်စားရတဲ့သူမို့လို့ တစ်ခါတလေ အပ်ထည်တွေကျပြီဆိုအမေ့ကို သတိမထားမိလိုက်။ သမီးအလစ်ကို အမြဲချောင်းနေတဲ့အမေကလဲ အလုပ်များပြီဆိုတာနဲ့ နောက်ဖေးပေါက်ကလှစ်ခနဲ။ အိမ်ကလဲ လမ်းထောင့်နှစ်ဖက်မျက်နှာစာဆိုတော့ ရှေ့ပေါက်ကထွက်ထွက်၊ နောက်ပေါက်ကထွက်ထွက်အလွယ်လေး။ အသက်ကသာ ၈၀ ကျော်။ အသားညိုညိုပိန်ပိန်သေးသေးမို့လို့ လှစ်ခနဲလှစ်ခနဲ ဖလန်းဖလန်းထ သန်မာသေးတယ်။ မြတ်ဝေကမှ ဒူးနာရတာနဲ့၊ ခါးနာရတာနဲ့၊ လေးဖက်နာဖြစ်ချင်ရတာနဲ့ ကျန်းမာရေးက တစ်နေ့ရွှေ၊ တစ်နေ့ငွေ။ အမေကတော့ အခုထိ ဒေါင်ဒေါင်မြည်တုန်း။ လှစ်လှစ်ထ လုပ်ချင်တာလုပ်နိုင်တုန်း။

(၂)

"သမီး အမေ ရိပ်သာဝင်မလို့။ အမေ့အဖော်တွေပါ အတူတူပါမယ်"

အမေက ရိပ်သာတော့ ခဏခဏဝင်တတ်တယ်။ တစ်နာရီ၊ နှစ်နာရီလောက် တရားထိုင်တာလောက်က သူမမှု။

ကိုယ့်မှာသာ နာရီဝက်တောင်အနိုင်နိုင်ဆိုပေမဲ့ အမေကတော့ ကျင့်သားရနေလို့လားမသိ အိမ်မှာ စိတ်ရလို့ထိုင်ရင် တစ်နာရီလောက်က တုတ်တုတ်မလှုပ်ထိုင်နိုင်တယ်။ အခုလဲ ရိပ်သာဝင်မယ်လို့ဆိုလာတော့ ကိုယ်တစ်ယောက်တည်း အိမ်မှာကျန်ရစ်ခဲ့မှာဆိုပေမဲ့ အမေကျသိုလ်ရအောင် လိုအပ်တာစီစဉ်ပြီး အဖော်တွေနဲ့ထည့်လိုက်တယ်။ ဘာပဲဖြစ်ဖြစ် အိမ်မှာအလွတ်နေတာနဲ့စာရင် ရိပ်သာမှာတော့ တရားလေးဘာလေးနဲ့နေရသေးတယ်လို့တွေးမိတယ်။ နို့မို့ဆို ရပ်ကွက်ထဲ၊ မြို့ထဲက သူ့ခေတ်မိတ်ဆွေတွေဆီ လိုက်လည်ပတ်နေတာ။ အရင်ကတော့ ရိပ်သာကထွက်လာပြီဆိုရင် တရားအကြောင်းတွေပြောသေး။ အသက် ၈၀ လဲ ကျော်လာကော ရိပ်သာကထွက်လာတာနဲ့ ခြေပစ်လက်ပစ် ကုလားထိုင်ပေါ် ပစ်ထိုင်ပြီး-

"သမီးရေ ဟိုလမ်းထဲက ဒေါ်ဘယ်သူကလေ သိလား။ ရိပ်သာဝင်ပြီး ညနေစာ ခိုးစားတယ်အေ။ အံ့ရော အံ့ရော"

"အမေကလဲ သူမှာ အစာအိမ်ရောဂါရှိတယ်လေ စားလဲစားပါစေပေါ့။ ဂိလာနပဲ ဝင်ပြီးထိုင်နိုင်တော်တာပဲ"

"အိုအေ ညည်းမသိပါဘူး။ သူက ရောဂါကနည်းနည်း စားကိုစားကျင့်ပါတာက များများ။ ပြီးတော့ ငါ့ဆီလာလာနေတဲ့ ဒေါ်ဘယ်သူလေ။ အမယ်လေး သူက ရိပ်သာဝင်ပြီး မနက်အစောကြီး မထဘူးတော်။ အရုဏ်ဆွမ်းစားချိန်ကျမှ ရောက်လာပြီးစားတာ။ ပြီးတော့ ဒေါ်ဘယ်သူလေ. . .။ ညည်းသိတယ်မဟုတ်လား။ ညည်းဆီ ယောဂီလုံချည်လာချုပ်ပြီး ပိုက်ဆံမပေးတဲ့ အဘွားကြီးလေ။ သူလေ ဦးပဥ္စင်းတွေ ဆွမ်းစားပြီး ကျန်တဲ့မုန့်တွေ အခန်းထဲ သယ်သယ်လာတာ။ ဆရာတော်က စကားမပြောရဘူးပြောထားတာ။ အဲဒါလေ သူတို့တွေ စကားတွေခိုးပြောနေကြတာသိလား။ ဆွမ်းစားဆောင်က လက်ဖက်သုပ်လေးတောင်ရအောင် တောင်းလာသေး"

"နေပါအုံး အဲဒီတော့ အမေက သူတို့နဲ့ အတူနေတာဆို"

"အေးလေ"

"အဲဒီတော့ သူတို့စကားပြောကြတော့ အမေက လုံးဝဝင်မပြောဘဲနေတာလား"

ကိုယ့်အမေအကြောင်း ကိုယ်သိတာမလို့ ပိတ်မေးလိုက်တော့မှ-

ကုလားထိုင်ပေါ်ကနေ ဆောင့်အောင့်ထပြီး မီးဖိုချောင်ဘက်ဝင်သွားတော့တာမျိုး။

(၃)

အိမ်မှာက စက်ချုပ်သင်နေတဲ့ ကလေးမလေး တစ်ယောက်ရှိတယ်။ ကိုယ်က ဘယ်ဟာ ဘယ်လိုလုပ်ရတယ်၊ ချုပ်ရတယ်သင်ပေးချိန်ဆို အိမ်ရှေ့ပက်လက်ကုလားထိုင်ကနေ ရေနွေးသောက်လိုက် သူ့ဘာသာသူသုပ်ထားတဲ့လက်ဖက်လေးစားလိုက် နားထောင်နေပြီး။ ကိစ္စရှိလို့ အိမ်နောက်ဘက်ဝင်သွားတာနဲ့-

"ညည်းအေ ဒါက ဒီလိုညှပ်ရတာ။ ဟိုစက္ကူကို တစ်လက်မလောက်ရွှေ့ညှပ်။ ပြောလဲမှတ်မထားဘူး"

အိမ်နောက်ဘက်ကနေ အမေ့ရဲ့ဩဝါဒပေးနေတဲ့ အသံကြားတာနဲ့ ကမန်းကတန်းပြန်ထွက်လာတော့ စက်ချုပ်သင်နေတဲ့ ကလေးမလေးက ဘာလုပ်လို့လုပ်ရမှန်းမသိ အူကြောင်ကြောင်ဖြစ်နေတော့တာမျိုး။ ဒါမျိုးက မြတ်ဝေအတွက်တော့ ခဏခဏကြုံနေကျဆိုပေမဲ့ အခုမှလာသင်တဲ့ကလေးမလေးကတော့ ဘယ်သူ့စကားနားထောင်ရမှန်းမသိ။ သူ့စိမ်းရှေ့မှာလဲ ကိုယ့်မိဘကို မပြောချင်တာနဲ့ ညနေစောင်း ကလေးမလေးပြန်သွားတာနဲ့-

"အမေကလဲ သမီးသင်နေတာ ဝင်မပါနဲ့ ပြောထားတာကို။ ပြီးတော့ အမေပြောတာကလဲတလွဲ။ အမေတကယ်ပြောရတာလက်ပေါက်ကတ်တယ်"

"အမယ်လေးအေ။ ကျုပ်ပြောမိတာ တောင်းပန်ပါတယ်အေ။ ဒါလေးပြောမိတာ သူတို့ရွာကျွေးတာထိုင်စားတယ်ဆိုပြီး တစ်ခုခုဆိုပြောချင်ဆိုချင်နေတာပဲ"

ပြောပြောဆိုဆိုနဲ့ ထုံးစံအတိုင်း ဆေးလိပ်တိုလက်ကကိုင်ပြီး လမ်းထိပ်ထွက်သွားပြန်တော့တယ်။

(၄)

မြတ်ဝေအသက်က ၅၀ ကျော်နေပြီ။ လမ်းထဲမှာ အပျိုကြီးဘွဲ့ထူးနဲ့။ ခပ်ရွယ်ရွယ်ကတော့ ပိုးတဲ့ပန်းတဲ့သူတွေရှိပေမဲ့ အခုအရွယ်မှာတော့ အိုတာအပျိုကြီး ပိုက်ဆံကလဲမချမ်းသာတော့ ဘယ်သူမှစိတ်မဝင်စား။ တစ်ခါတလေ ရေစက်ပျက်လို့၊ မီးချောင်းကျွမ်းလို့ဘာညာကိစ္စတွေနဲ့ လူခေါ်ပြီဆိုတာနဲ့ အမေဆိုတာရှေ့က။

"သားရေ သေချာလုပ်ပေးနော်။ အမေတို့က တစ်ခုခုဆိုပြင်တတ်ပြုတတ်တဲ့ ယောကျ်ားသားရှိတာမဟုတ်ဘူး"

ဘာညာသာရကာတွေပြော အေးနားကနေတွတ်ထိုးပြီးမခွာတော့။ သူခွာရင် သူသမီးလိုက်ပြောနေရမယ်အတွေးနဲ့။ ရပ်ကွက်ထဲကလူတွေကလဲ အမေ့အကြောင်း အကုန်သိနေကြလို့သာ။ သူ့သမီး ဒီအရွယ်ကြီးကို သူပဲ ပိစိပေါက်စထင်နေတာ။ ရှေ့ကနေ အကုန်ပြောဆိုနေတော့တာမျိုး။ တစ်ခါတလေတော့လဲ စိတ်ပေါက်ပေါက်နဲ့လွှတ်ထားလိုက်တော့တယ်။ ပြီးမှ-

"နေပါအုံးအမေရဲ့ အမေက အိမ်ကို ယောကျ်ားတွေလာရင် ရှေ့ကနေ ကာဆီး ကာဆီး သမီးကို ၁၆ နှစ်မထင်ပြီး စိတ်မချတာလား"

"ညည်းမသိပါဘူးအေ ယောကျ်ားဆိုတာမျိုးက အသက်ဘယ်လောက်ဖြစ်ဖြစ် စိတ်ချရတာမဟုတ်ဘူး။ ကျုပ်ကတော့ ဒီသမီးတစ်ယောက်ပဲရှိတာ ပူတယ်အေ့"

"ဟုတ်လား အမေ။ ယောကျ်ားတွေ စိတ်မချရဘူးဆိုရင် အမေလဲ သတိထားနော်။ တော်နေ သမီးမှာ ဒီအမေတစ်ယောက်ပဲရှိတာ ပါသွားမှဒုက္ခ"

"တဲ့ အမေကို အဲဒီလို ပြောစရာလား။ ကျုပ်တို့က ရှင်ကြီးဝမ်းထဲလဲဝင်ဖူးပြီ၊ ရှင်ငယ်ဝမ်းထဲလဲ ဝင်ဖူးပြီ။ ညည်းတို့သာ စိတ်ပူရတာ"

"အမေ ရှင်ကြီးဝမ်းနဲ့ ရှင်ငယ်ဝမ်းဝင်ဖူးတော့ ဘယ်ဝမ်းက အီးစော်ပိုနံလဲဟင်"

"တော် ငါပြောလိုက်ရ"

တစ်ခါတလေတော့လဲ အမေ့ကို ပြန်စရင်းသားအမိနှစ်ယောက် ဟီးဟီးဟားဟားနဲ့။

(၅)

"မမမြတ်ရေ"

ခေါ်သံနဲ့အတူ အကျီအပ်ဖို့ဝင်လာကြတဲ့ သားအမိတွေ။ အပ်နေကျဖောက်သည်ဖြစ်တာကြောင့် အေးအေးဆေးဆေးစကားစမြည်ပြောနေတုန်း အပြင်ကနေအမေပြန်ရောက်လာတော့တယ်။ သူထိုင်နေကျကုလားထိုင်မှာထိုင်ပြီး ထုံးစံအတိုင်း ရပ်ကွက်ထဲက အတင်းတွေ၊သတင်းတွေပါပါလာတော့တာ။ မြတ်မြတ်ဝေက စကားရှုပ်တာမကြိုက်ပေမဲ့ အမေကတော့ ဟိုစကား ဒီသယ်၊ ဒီစကားဟိုသယ် အလွန်လုပ်တယ်။

ပြီးတာနဲ့တိုင်းရေးပြည်ရေးအကြောင်းရောက်သွားပြန်တယ်။ တစ်ဖက်လူ အရိပ်အကဲလဲမကြည့် သူထင်ရာမြင်ရာသာဇွတ်အတင်းပြောတော့တာ။ ဧည့်သည်တွေပြန်သွားတာနဲ့-

"အမေရယ် သမီးဧည့်သည်တွေလာရင် သမီးပဲပြောပါရစေ။ အခုဟာက သမီးပြောတဲ့အလှည့်ကို မရှိဘူး။ အမေပဲ ကရားရေလွှတ်တတွတ်တွတ်။ ဟိုက ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ အမေ့အသက်အရွယ်နဲ့ အမေဘာသိလို့လဲ"

"အမယ်လေး ညည်းတို့က အခုမှ အသက်လေး ၅၀ ကျော်ပါအေ။ ကျုပ်က ၈၀ ကျော်အေ့ ၈၀ ကျော်။ ရှင်ကြီးဝမ်းထဲလဲ ဝင်ခဲ့ဖူးတယ်၊ ရှင်ငယ်ဝမ်းထဲလဲ ဝင်ခဲ့ဖူးတယ်။ ညည်းတို့ထက်ပိုသိတယ်"

လာပြန်ပြီ ရှင်ကြီးဝမ်း၊ ရှင်ငယ်ဝမ်း။ ဒါသည်ပင် အမေက သက်တမ်းရင့်ဆိုတာ ဂုဏ်ဖော်ပြီး အမြဲသုံးနေကျစကားပုံတစ်ခု။

"အမေတို့ခေတ်နဲ့ မတူတော့ဘူးလေ။ အမေ တောင် ဖေ့ဘွတ်(Fb) သုံးတတ်လို့လား။ အခုက အိုင်တီခေတ်ရောက်နေပြီ"

"တဲ့ ဖေ့ဘွတ်(Fb)မသုံးတတ်ပေမဲ့ ငါက ကိုယ်တိုင်ဖြတ်သန်းလာခဲ့ရတာအေ့"

"အမေမသိပါဘူး။ အခုခေတ်က ဖေ့ဘွတ်(Fb) သုံးတတ်မှ အပ်ဒိတ်(Update)ဖြစ်တာ"

"ဘာအပ်ဒိတ်လဲ"

"ဩော်. . . နောက်ဆုံးရသတင်းတွေ အမြဲအဆက်မပြတ်တာကို ပြောတာ"

"အေးပါ ညည်းတို့ပဲ သဘော်သီးမတွေပါ"

"သဘော်သီးမဆိုတာဘာလဲ အမေရဲ့"

"နောက်သီးတွေက အပေါ်ရောက်နေလို့ဟေ့"

အင်း အမေပြောမှပဲ သဘော်သီးမဆိုတာ အဓိပ္ပာယ်ပေါက်တော့တယ်။

"ဝါးနုက ဝါးရင့်ပတ်တယ်လို့လဲ ပြောကြတယ်လေ

စာမျက်နှာ ၂၇သို့ ➤

➤ စာမျက်နှာ ၂၆မှအဆက်

အမေ မသိဘူးမဟုတ်လား"

ဆေးပေါ့လိပ်ဖွာနေရင်း အမေ့မျက်စောင်းက ဒိုင်းခနဲရောက်လာတယ်။

(၆)

ဟိုးအရင်ကတော့ စားပွဲတင်တီဗီလေးတစ်လုံးဝယ်ဖူးတယ်။ ပျက်သွားပြီးတဲ့နောက် ထပ်မဝယ်ဖြစ်တော့။ ကိုယ်ကလဲ တီဗီတွေဘာတွေ သိပ်မကြည့်အား။ အမေသာ အပျင်းပြေပါတော့ဆိုပြီး ဝယ်ပေးခဲ့တာ။ အိမ်မှာ တီဗီမရှိတော့ ည ၇ နာရီထိုးတာနဲ့ လမ်းထိပ်က သူ့မိတ်ဆွေအိမ်ကို ကိုရီးယားကားကြည့်ဖို့ အမြဲသွားတတ်တဲ့အမေ့ကို အိမ်လည်မထွက်ရအောင် နောက်ထပ်တီဗီလေးတစ်လုံးဝယ်ပေးလိုက်ပြီးတဲ့နောက်-

"အမေ ရေမချိုးသေးဘူးလား၊ အမေ ထမင်းမစားသေးဘူးလား၊ အမေ အပြင်မှာ မိုးတွေအုံ့နေတယ်။ အဝတ်လှန်းထားတယ်နော်။ ဒီမှာ သမီး လုပ်လက်စမပြတ်သေးလို့ ရုပ်ပေးအုံးနော်"

တစ်နေကုန် တီဗီဖွင့်ပြီး လာသမျှ ချန်နယ်မလွတ်စေရဘဲ ထမင်းမေ့ ဟင်းမေ့ အကုန်မေ့။ အမေက တီဗီရပြီး အိမ်ထွက်မလည်ဖြစ်တော့ အမေ့အဖော်တွေက အိမ်ရောက်လာကြပြန်တယ်။ ဓမ္မမိတ်ဆွေအဖော်တွေ ဆုံပြန်တော့ မိုးကုတ်တရားခေါင်းစဉ်ကနေ ဇာတ်လမ်းတွဲတွေအကြောင်း ခေါင်းစဉ်ပြောင်းသွားပြန်တယ်။ ခက်တာက တီဗီကြည့်ပြီဆို တစ်နေကုန် ညဆိုညဉ့်နက်တဲ့ထိ။ ပိတ်ရင်လဲမကြိုက်ပြန်။ ညဘက်လာတဲ့ကား မနက်လဲ ထပ်ဖွင့်ကြည့်ပြန်တယ်။ ပြောတော့ ဇာတ်လမ်းက နှစ်ခါကြည့်မှ မှတ်မိတယ်ဆိုလား။ တရားမထိုင်တာကြာလို့ ပြောမိပြန်ရင်လဲ-

"မြတ်မြတ်ဝေရယ် အမေ့ထက် သမီးတစ်လမကြီးစမ်းပါနဲ့။ ကျုပ်က ခန္ဓာဒုက္ခတွေ လက်တွေ့ကျင့်ကြံလာတာပါအေ့။ ညည်း ရိပ်သာ ဘယ်နှခါ ဝင်ဖူးလဲပြော"

"အပြောကောင်း၊ သမီးမှစက်မချုပ် ဘယ်သူအမေ့ကို ရှာကျွေးမှာလဲ"

"တော်ပါအေ ဆင်ခြေ။ ညည်းနဲ့ကျုပ် သကြိန်ရက်တွေ ဝင်လို့ရပါတယ်အေ။ ညည်းဘာသာ လောဘမသတ်နိုင်ဘဲ။ စိတ်ကအဓိကပါအေ ညည်းဝင်ချင် တစ်ပတ်လောက်က ဘာမှ အပန်းကြီးတာမဟုတ်ပဲ။ ကျုပ်က အကြောင်းဆို အသက်ကယ်ဝတ်စုံရပြီးသား ညည်းသာ"

ပြောရင်း ပြောရင်း အမေက ကိုယ့်ကို ပြန်တရားဟောသွားတာ ခံရပြန်တယ်။ အဲဒီပြဿနာက တီဗီမှန်ပျက်လို့ ပြင်မရတော့မှ ငြိမ်းတော့တယ်။ လက်ထဲလဲ ငွေနည်းနေတာကြောင့် ထပ်မဝယ်ဖြစ်တော့။

(၇)

"အမေ ကိုဗစ်ရောဂါတွေဖြစ်နေတာ အိမ်မလည်နဲ့နော်"

"အေးပါအေ"

သေချာသတိပေးလဲ လစ်တာနဲ့ ထွက်တဲ့အမေ့ကို တုတ်ကိုင်ဆုံးမလို့လဲမရ။ ကိုယ်တွေတုန်းက ပြောစကားနားမထောင်ရင် ရိုက်လို့ရပေမဲ့ သူတို့ သူငယ်ပြန်အရွယ် ပြောစကားနားမထောင်ရင် တုတ်ကိုင်လို့မရ။ ကိုင်မိပါကလဲ ရပ်ကွက်ထဲပတ်ပြေးနိုင်တဲ့ထိ သန်မာသေးတဲ့အမေ။ ကိုယ်သာမောပြီး လျှာထွက်မဲ့အဖြစ်။ အခုတော့ ငရဲကြီးကာမှကြီး အော်ရဟစ်ရတော့တယ်။

"အမေသွားလည်တဲ့အိမ်ကလဲ အမေ့ကို နှင်ထုတ်လို့မကောင်းလို့ လက်ခံရတာနေမှာပေါ့။ ဒီလောက် တဖြုတ်ဖြုတ်သေနေကြတာ အမေလဲကြားတယ်မဟုတ်လား"

အမေက ဘာမှမပြော ငြိမ်နေတယ်။ ပြီးမှ-

"ဒေါ်အေးစိန်လဲ ငါ့ကိုမျှော်နေတာဟဲ့။ ရိပ်သာမှာ စကားများတယ်ဆိုတဲ့ အဒေါ်ကြီးလေ။ သူလဲ အပြင်မထွက်ရဘူးဆိုပြီး သူ့သားတွေက အမိန့်ထုတ်ထားလို့ ပျင်းလိမ်နေတာဆိုပဲ။ ငါလာတော့ ဝမ်းသာနေတာ"

"သူ့အိမ်သားတွေက မကြိုက်ဘဲနေပါ့မယ်အမေရယ်။ အခုချိန်က အိမ်လည်လို့ကောင်းတာမဟုတ်ဘူး။ စကားပြောချင်ရင် သမီးဖုန်းနဲ့ ဆက်ပေးမှာပေါ့"

အမေက ဘာမှပြန်မပြောတော့။ ပြန်မပြောပုံထောက် ဟိုဘက်အိမ်သားတွေလဲမကြိုက်တာ သူသိနေပုံ။ ဒါပေမဲ့ ရွယ်တူသူငယ်ချင်းကတော့ ထွက်မရတာမို့လို့ သူ့ကို မျှော်နေပုံရတယ်။ အမေကတော့ ဖုန်းဆက်ပြောရတာကို အားမရဘူးလို့ပြောဖူးတယ်။ ဒါပေမဲ့လဲ အခုချိန်က အလိုလိုက်လို့မဖြစ်။ အိမ်မလည်ရဘူးအမိန့်ထုတ်ထားတော့ ခြေချုပ်မိနေတဲ့ အမေဟာ အမှိုက်သိမ်းကားလာရင် ပစ်လို့ရအောင်ထုပ်ထည့်ထားတဲ့ အမှိုက်တွေကိုရမယ်ရှာ လမ်းထိပ်က အမှိုက်ပုံးထိသွားပစ်တယ်။ ပြီးရင် ဟိုအိမ်ဒီအိမ် အပြင်ဘက်ကနေ လှမ်းအော်နှုတ်ဆက်ပြီးမှ ပြန်ဝင်လာတတ်ပြန်တယ်။

(၈)

ကိုဗစ်တတိယလှိုင်းမှာ ရပ်ကွက်ထဲက လူတော်တော်များများ သေကြတယ်။ အကောင်းကြီးကနေ နေ့မြင်ညပျောက်ဆိုသလို။ နာရေးတွေသိပေမဲ့လဲ တစ်အိမ်နဲ့တစ်အိမ်မသွားရဲကြတော့။ အမေသွားလည်နေတဲ့ အဘွားကြီးအိမ်မှ သူ့သားက အကောင်းကြီးကနေ ရောဂါဝင်ပြီး ဆုံးသွားတာကြားတာကြောင့် အမေ့ကို သတိပေးထားရတယ်။ သိပ်မကြာခင်မှာပဲ နှစ်အိမ်ကျော်လောက်က အသိတစ်ယောက်ဆုံးပြန်တယ်။ ရောဂါတွေကြောင့် လူတွေလဲ ဘယ်မှမထွက်ရဲကြတော့တာမို့လို့ အပ်ထည်တွေလဲ ပါးလာတယ်။ သားအမိနှစ်ယောက်စုဆောင်းထားတာလေးတွေပဲစားရင်း ဘယ်မှမထွက်ဖြစ်သလို ဘယ်သူမှလဲ အဝင်၊ အထွက်မရှိကြတော့။ အမေကတော့ တော်တော်ငြိမ်ကျသွားတယ်။ တစ်နေကုန် ဆေးလိပ်ဖွာလိုက်၊ ရေနွေးသောက်လိုက်၊ ဗီရိုထဲကအဝတ်တွေထုတ်စီလိုက်။ ပြီးရင် အိမ်ဝထွက် ဟိုမျှော်ဒီမျှော်လုပ်လိုက်။ ညောင်းသွားပြန်တော့ အိပ်ရာထဲခွေနေလိုက်။ တဖြည်းဖြည်းကြာလာတော့ အစားအသောက်ပါပျက်ချင်လာတယ်။ မြတ်ဝေစိတ်ပူရပြန်တယ်။ အခုချိန်မှာ စားနိုင်မှ ရောဂါဝင်လာရင် ခံနိုင်ရည်ရှိတာကြောင့် အားဖြစ်မဲ့အစာတွေကျွေးရပြန်တယ်။ ကြက်ပေါင်း၊ ငှက်သိုက်၊ အန်ရှူးဝါး ရတာလေးမှာပြီး အဆင်ပြေသလို ဝယ်တိုက်ရတယ်။ ဒါပေမဲ့လဲ အရင်လို ထူထူထောင်ထောင်သိပ်မရှိ။ ဒီအချိန်မှာ ဖျားနာရင်လဲ ဆေးရုံဆေးခန်းတွေက အဆင်ပြေတာမဟုတ်။ လက်တိုလက်တောင်း လူခွဲကလဲမရှိ။ အမေ့ကို အရိပ်တကြည့်ကြည့်နဲ့ တော်ကြာနေရင် "အမေ အနံ့ရရဲ့လားဟင်"မေးရ၊ တော်ကြာနေရင် "အမေအနံ့ရတယ် မဟုတ်လား" မေးရနဲ့။

"ဟဲ့ ငါ့နှာခေါင်း အကုန်အနံ့ရတယ်။ နင်မွှေးထားတဲ့ ကြောင်ရဲ့ချေးနံ့တောင်ရသေး မပူနဲ့"

မပူနဲ့သာပြောပေမဲ့ ဒီသားအမိနှစ်ယောက်ပဲရှိတာမလို့ မြတ်ဝေပူရတယ်။ အသံကတော့ မာမာချာချာရှိပေမဲ့ အရင်နဲ့စာရင် အမေ့ရုပ်ရည်က အတော်အိုစာသွားသလို မျက်နှာတွေက ချောင်ကျသွားတယ်။ တငူငူတငေါင်ငေါင်နဲ့။ ပိန်ကျသွားတဲ့အမေ့ကိုကြည့်ရင်း ဇဗ်ဝင်မှာလဲ စိတ်ကပူတယ်။ ဆေးပေါ့လိပ်တွေကိုလဲ မသောက်စေချင်ပေမဲ့ တားမရ။ အိမ်ရှေ့၊ အိမ်နောက် အလုပ်မရှိ ရှာကြံလုပ်ပြီးတာနဲ့ ငူငူငေါင်ငေါင် ခုတင်ပေါ်။ သူကြိုက်တတ်တာလေးတွေချက်ကျွေးလဲ အရင်ကလို ဟက်ဟက်ပက်ပက်မစားနိုင်။ တတိယလှိုင်းမှာတော့ မြတ်ဝေ စိတ်အဆင်းရဲဆုံးကာလတွေပဲ။ ဆေးရုံနဲ့နီးနီးလေးဖြစ်တာကြောင့် လူနာတင်ကား ဥသြဆွဲသံကြားရပြီဆိုတာနဲ့ ရင်တုန်ရတယ်။ အမေကတော့ အရင်လို စကားဖောင်မဖွဲ့တော့သလို ဘာမှလဲမမေးတော့။ စိတ်ကူးရရင်ရသလို အိမ်ထရှင်းလိုက်၊ ဟိုနေရာကပစ္စည်း ဒီနေရာရွှေ့လိုက်၊ ဒီနေရာက ပစ္စည်း ဟိုနေရာရွှေ့လိုက်နဲ့။ မြတ်ဝေလဲ အမေစိတ်ချမ်းသာသလိုသာ လုပ်ပါစေဆိုပြီး ကြည့်နေလိုက်ရတယ်။

(၉)

ဒီလိုနဲ့ တတိယလှိုင်းက တဖြည်းဖြည်းကူးစက်နှုန်းတွေကျလာပြီး မြို့မှာ အသေအပျောက်မရှိသလောက်ဖြစ်လာတယ်။ ဒါပေမဲ့လဲ အမေ့ကို အပြင်မထွက်ခိုင်းရဲသေး။ တစ်ရက်တော့-

"မသန်းမြတ်ရေ မသန်းမြတ်"

အိမ်ဝကနေ အမေ့နာမည်ခေါ်သံကြားတာကြောင့် တံခါးဖွင့်ကြည့်လိုက်တော့။ စကားအလွန်များတယ်ဆိုတဲ့ အမေ့သူငယ်ချင်း ဒေါ်အေးစိန်။ ကုသိုလ်ကံက သားက ငဗစ်ကြောင့်သေပေမဲ့ အမေအိုကြီးက ရောဂါကူးမခံရ။ မြတ်ဝေတစ်ယောက် အိမ်ကိုပထမဆုံးလာလည်တဲ့ဧည့်သည်ကို အထဲဝင်ဖို့မခေါ်မိသေးဘဲ တံခါးမကြီးကနေကြောင်ပြီး ရပ်နေမိချိန်မှာပဲ မြတ်ဝေကို ဘေးတွန်းတိုက်ပြီး ထွက်လာတာကအမေ။ ခုတင်ပေါ်မှာခွေနေရာကနေ အူယားဖားယားထလာပုံရပြီး လက်တစ်ဖက်က ကျွတ်ခါနီးလုံချည်ကို မဝတ်အားပဲပိုက်လျက်။

"မအေးစိန် လာလေ အထဲဝင်လေ"

မြတ်ဝေကိုတွန်းပြီး တံခါးဝမှာရပ်နေတဲ့သူငယ်ချင်းလက်ကို အားနေတဲ့လက်တစ်ဖက်ကနေအတင်းဆွဲပြီး အိမ်ထဲအတင်းခေါ်နေတဲ့အမေ။ မြတ်ဝေက နှင်ထုတ်လိုက်မှာ၊ အထဲအဝင်မခံမှာ စိတ်ပူနေပုံ။ အိမ်ထဲဝင်ထိုင်ပြီး နှစ်ယောက်သား ကိန္နရီကိန္နရာ ချောင်းခြားပြီးပြန်တွေ့ရသလို စကားတွေပြောမကုန်တော့။

"သမီးရေ လက်ဖက်လေးနဲ့ ရေနွေးလေးထပ်လုပ်ပါအုံး"

အမေ့အသံက ခပ်စာစာ။ လက်ဖက်နဲ့ ရေနွေးကြမ်းချဉ့်ခံပြီးတဲ့နောက် မလှမ်းမကမ်းကနေထိုင်ပြီး အမေတို့ကို မြတ်ဝေကြည့်နေမိတယ်။ တစ်ချိန်လုံးငူငူငေါင်ငေါင်ဖြစ်နေတဲ့အမေက အခုတော့ တပြုံးပြုံးနဲ့ အလုအယက်နှစ်ယောက်တည်းကို သူဦးငါဦးပြောနေကြတယ်။ တစ်နာရီကျော်ကျော်ပြောဆိုပြီးမှ နှုတ်ဆက်ပြန်ထွက်သွားတဲ့ ဒေါ်အေးစိန်ကို လမ်းပေါ်ရောက်တဲ့ထိလိုက်ပို့ပြီး အိမ်ထဲပြန်ဝင်လာတဲ့ အမေ့မျက်နှာဟာ တက်ကြွလန်းဆန်းလို့။ တစ်ဆက်တည်းမှာပဲ မြတ်ဝေကို အိမ်ဝကနေ လှမ်းအော်ပြောလိုက်တာက-

"သမီးရေ ထမင်းစားကြရအောင် ဗိုက်တွေ ဆာလိုက်တာ"

စားကောင်းလိုက်တာဆိုပြီး မစားစဖူး ထမင်းတစ်ပန်းကန်မောက်မောက်ကုန်တဲ့ထိ အားရပါးရစားနေတဲ့အမေ့ကိုကြည့်ပြီး အမေ့အတွက် ဖြည့်စွက်စာဟာ ကြက်ပေါင်းလဲမဟုတ်၊ ငှက်သိုက်လဲမဟုတ်၊ အန်ရှူးဝါးလဲမဟုတ်။ အမေ့နဲ့ စကားပြောဖော်စကားပြောဖက် ဒေါ်အေးစိန်သာ ဖြစ်ပါလားလို့ မြတ်မြတ်ဝေမှတ်ချက်ချမိလိုက်တော့တယ်။

## လှမ်းခဲ့မသွေ တို့ဌာနေ

\- ချင်းတွင်းငယ် ပတ်ခွေစီးလို့
တောင်တန်းကြီး ရိပ်မိုးနေ
တို့ရွှေမြို့လေ၊
ရှေးခေတ်ဟောင်း သရီအမွေ
စေတီတွေ လွန်ပေါများ၊
မင်းအစုံစုံ မြတ်ကောင်းမှု
ရှုကြည့်ပါလား။

\- ဆုတောင်းဦးရယ် ခေတ်ပေါင်းစုဘုရားနဲ့
ထင်ရှားသည့် ပျူကမ်းယံ၊
ရှေးမင်းအထွေထွေ ကုသလ
မှတ်ကြကေန်၊
တစ်ခါတစ်ခေါက် လာလည်ရန်
အကြံငယ် ပေးချင်သား၊
လာချင်ရင် တကယ်မဝေးပါဘု
တွေးကြည့်ပါလား။

\- ရွှေမြို့တော် လက်ဖက်ခင်း
ဆွေတစ်သင်းကို လိုက်ပြမယ်၊
ဆောင်းမိုးနွေ အခါမလပ်
ခူးဖြတ်ပုံငယ်၊
လက်ဖက်စိုခြောက် ထုတ်ကာရယ်
အဟုတ်သာကွယ် ဈေးကွက်သွင်း၊
တစ်ခါမြည်းလျှင် အခါခါတမ်းလို့
လွမ်းရမယ်မင်း။

\- ချင်းတွင်းရေ စီးနေသရွေ့
တွေ့နိုင်ရဲ့ တို့ရိုးရာ၊
ရှမ်းအိုးစည် သံသာတေး
ချိုအေးညင်သာ၊
နှစ်သစ်ကူး ပွဲတော်မဟာ
တူယှဉ်ကာ တို့ဆင်နွှဲ၊
ကိန္နရီရယ် တိုးနရားအက
ထူးလှသည်ပဲ။

\- ရှမ်း ဗမာ ချင်း နာဂတို့
နေကြသည့် ရွှေမြို့တော်၊
ချစ်စရာသည် အမုန်းကင်းလို့
ဟုမ္မလင်း မည်ခေါ်၊
ရှေးခေတ်အဆက်ဆက်နော်
မပျက်ထင်ပေါ် ဂုဏ်ကြီးမား၊
ဖိတ်ပါသလေ
အရိပ်ဖြာဝေ ရှမ်းမြို့စခန်းသို့
ကွယ်တို့ရေ. . .
လှမ်းခဲ့ပါလား။ ။

**စိုင်းနေဝန်း(ဟုမ္မလင်း)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရောဝတီမြစ်ဆုံအပန်းဖြေစခန်း အဆင့်မြှင့်တင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုများ မထိခိုက်စေရေး အလေးထားဆောင်ရွက်သွားမည်



**မြစ်ကြီးနား အောက်တိုဘာ ၉**

ကချင်ပြည်နယ်၏ အထင်ကရ ရောဝတီမြစ်ဆုံ အပန်းဖြေစခန်း အဆင့်မြှင့်တင်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် ကချင်တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုများ မထိခိုက်စေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ပြောပြ၍ သိရသည်။

ကချင်ပြည်နယ်၏ အထင်ကရ နေရာတစ်ခုဖြစ်သည့် မေခမြစ်နှင့် မလိခမြစ်တို့ ဆုံစည်းရာ မြစ်ဆုံဒေသသည် ပြည်နယ်အတွင်း ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်စရာ ထင်ရှားသည့် နေရာတစ်ခုဖြစ်သောကြောင့် ရောဝတီမြစ်ဆုံ အပန်းဖြေစခန်းကို ယခုဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရောဝတီမြစ်ဆုံအပန်းဖြေစခန်းကို အဆင့်မြှင့်တင်ရေး လုပ်ငန်းတွေကို အခု ပွင့်လင်းရာသီကနေစတင်ပြီးတော့ လုပ်ကိုင်နေပါတယ်။ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းခွဲ တန်ဖဲရွာဘေး မြေဧက ၂၀ ပေါ်မှာ ကားပါကင်နေရာ၊ မြစ်ကမ်းဘေးမှာ အပန်းဖြေနေရာ တိုးချဲ့တာ၊ ရှုခင်းအလှကြည့်ဖို့နေရာ၊ ရိုးရာစားသောက်ဆိုင်တွေနဲ့ မလိခမြစ်နဲ့ မေခမြစ်ကို ကောင်းကင်ကြိုးနဲ့ (Zip Line Adventure) အပျော်စီးဖြတ်သန်းနိုင်မဲ့ လုပ်ငန်းတွေပါဝင်ပါတယ်။ ဒီလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးနဲ့ ကချင်တိုင်းရင်းသားရိုးရာယဉ်ကျေးမှုသွင်ပြင်လက္ခဏာတွေ မထိခိုက်စေရေးကို အလေးထားပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီး ဦးတိန့်ဆောင်က ပြောပြသည်။

အဆိုပါ မြစ်ဆုံအပန်းဖြေစခန်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ရိုးရာစားသောက်ဆိုင်များ၊ ကချင်ရိုးရာ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ ကလေးကစားကွင်း၊ အပျော်စီးအမြန်ရေယာဉ်များဖြင့်မြစ်ကြောင်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုနိုင်မည့် အစီအစဉ်များ၊ Wadding Garden အပါအဝင် မြစ်ဆုံကျောက်ဖြင့် အလှဆင်ခြင်းလုပ်ငန်း လက်တွေ့ပြသသည့် အစီအစဉ်များနှင့် အပျော်ရွှေကျင်ခြင်း အစီအစဉ်များကို ရေတိုစီမံကိန်းများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေရှည်စီမံကိန်းအတွက် မီးပုံးပျံစီးနိုင်မည့်အစီအစဉ်များ၊ မေခမြစ်နှင့်မလိခမြစ်ကို မှန်တံတားဖြင့် ဖြတ်ကူးနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ပန်းတနော်မြို့နယ် မင်းဂရုကျေးရွာ၌ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်းသင်တန်းဖွင့်

**ပန်းတနော် အောက်တိုဘာ ၉**

ရောဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်တွင် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရာတွင် အထောက်အကူပြုစေရန်နှင့်အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ လူနေမှုဘဝမြင့်မားစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်နည်း သင်တန်းကို ယနေ့နံနက်ပိုင်းက မင်းဂရုကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရောဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က သင်တန်းဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာ ဦးမင်းမင်းက သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်နှင့် တာဝန်ရှိသူများက သင်တန်းသားများထံ သင်ထောက်ကူပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့ကြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တော် ဆိုင်ကယ်ပြုပြင်နည်းသင်တန်းတွင် 110/125မော်တော်ဆိုင်ကယ်များ ဆီပျောက် မီးပျောက်၊ ကာပရိုက်တာဆေး၊ အင်ဂျင်ရှေ့ခြမ်း၊ ဆိုင်ကယ်အင်ဂျင်တစ်ခုလုံး ပြုပြင်ထိန်းသိမ်းနည်း စသည်တို့ကို ကျွမ်းကျင်ဆရာနှစ်ဦးက စာတွေ့လက်တွေ့ဖြင့် အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၉ ရက်ထိ တစ်လကြာ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား ဦးရေ ၃၀ တက်ရောက်ကြောင်း ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ငြိမ်းသူ(လေး)**

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ စက်တင်ဘာလအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူဦးရေ ၆၁၂၀ လာရောက်ဖူးမြော်ခဲ့



**ကျိုက်ထို အောက်တိုဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်သို့ စက်တင်ဘာလအတွင်းက ပြည်တွင်း၊ ပြည်ပဘုရားဖူးပြည်သူ ဦးရေ ၆၁၂၀ လာရောက်ဖူးမြော်ခဲ့ကြောင်း ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးလှစိုးက ပြောပြ၍ သိရသည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်သို့ ပြည်တွင်းဘုရားဖူး ပြည်သူ ၆၀၂၅ ဦးနှင့် ပြည်ပဘုရား ဖူးပြည်သူ ၉၅ ဦး စုစုပေါင်းဘုရား ဖူးပြည်သူဦးရေ ၆၁၂၀ လာရောက် ဖူးမြော်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းက တော့ ပြည်တွင်းဘုရားဖူးပြည်သူ ၂၈၇၉ ယောက်နဲ့ ပြည်ပဘုရားဖူး ပြည်သူ ၇၄ ယောက် စုစုပေါင်း ၂၉၅၃ ယောက်ပဲ ရှိခဲ့ပါတယ်။ စက်တင်ဘာလအတွင်းမှာတော့ ဘုရားဖူးပြည်သူတွေ ပြန်များလာ တဲ့သဘောပါပဲ။ စေတီတော်ကြီးကို လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူး ပြည်သူတွေ သွားရေး၊ လာရေး အဆင်ပြေဖို့ တောင်တက်ကားတွေ ကို စီစဉ်ပေးထားသလို စားရေး သောက်ရေးနဲ့ တည်းခိုနေထိုင်နိုင် ရေးအတွက်ကိုလဲ ထမင်းဆိုင်၊ စားသောက်ဆိုင်တွေနဲ့ တည်းခို ဆောင်တွေကို ဖွင့်လှစ်ပေးထားပါ တယ်"ဟု ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးလှစိုးက ပြောပြသည်။

သီတင်းကျွတ်လပြည့်နေ့ (ယနေ့) တွင် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားများ ကျင်းပ ပြုလုပ်ခဲ့ကြောင်း၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓ ပူဇနီယပွဲတော်ကာလတစ်လျှောက် တွင် ထမင်းဆိုင်များ၊ တည်းခိုခန်း များနှင့် တခြားသောဈေးဆိုင်များ အားလုံးကို ပုံမှန်အတိုင်းဖွင့်လှစ်ပေး ထားကြောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ်အတွင်းရှိ ဆံတော် ရှင် ကျိုက်ထီးရိုးစေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန် လပြည့်နေ့ထိ ကျင်းပပြုလုပ်လေ့ ရှိကြောင်း၊ နှစ်စဉ်ဘုရားဖူးပြည်သူ ဦးရေ သုံးသန်းခန့် လာရောက်လေ့ ရှိကြောင်း သိရသည်။ ASH

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work (CFW) စီမံကိန်းဖြင့် ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေး မောင်နှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများ၊ ကျေးရွာမှ CFW စီမံကိန်းကော်မတီဝင်များ နှင့်အတူ စံပြကျေးရွာ၌ ကျေးရွာ တွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ် ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး မင်းဘူး ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည် တည်တံ့ခိုင်မြဲအောင် ပိုင်းဝန်းထိန်း သိမ်းစောင့်ရှောက်ရန် မှာကြား ခဲ့ပြီး ကျေးရွာ၏တင်ပြချက်များ အပေါ် လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် စံပြကျေးရွာတွင် Cash For Work (CFW) စီမံ ကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ကျေးရွာတွင်းလမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက် လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဝန်ထမ်းများက နည်းပညာများ ပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာ ၆ ရက် မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၈ ရက်တွင် လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ခင်မာ**










ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင်

Exhibition Vanue Award ရရှိခဲ့သော



မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင်

ရတနာပုံခန်းမ



ရရှိနိုင်သောဝန်ဆောင်မှုများ

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက်
ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ဆက်သွယ်ရန်လိပ်စာ - ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေး။
ဖုန်း-၀၂-၄၀၃၀၄၃၈၊ ၀၂-၄၀၃၀၄၃၉၊ ၀၉ ၆၇၈၉၉၉၉၃၊ ၀၉ ၆၇၈၉၉၉၉၂



အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊
ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON
ဒဂုံ
MALTA FRESH

MALTA FRESH

နဲ့ဖြည့်စွမ်းထား..



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## “အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီး တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ" ပဲဖြစ်ပါတယ်။ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲ ကျင်းပနိုင်ဖို့ လိုအပ်ကြောင်းတင်ပြလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၂/၂၀၂၂)တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

# (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ





(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိလာကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေစခန်းသို့ ရောက်ရှိကြသည်။

ထိုသို့ ရောက်ရှိကြလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါစစ်ဆေးခြင်းများဆောင်ရွက်ပေးပြီး သတ်မှတ်ထားသည့်တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ စုဖွဲ့ပေးထားသည့် ဆပ်ကော်မတီများအလိုက် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။

(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု **စာမျက်နှာ ၁၆ ကော်လံ ၄ ☆**

**ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS)တွင် အနယ်နယ် အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိ** စာမျက်နှာ - ၂၂

**ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးနှုန်းများ တည်ငြိမ်မှုမရှိ ကမ္ဘာ့ရွှေဈေးနှုန်း အတက်ဘက်သို့ ပြန်လည်ရောက်ရှိလာ** စာမျက်နှာ - ၂

**မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၅)တွင် ISPE အသင်းက ရခိုင်ယူနိုက်တက်အသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ** စာမျက်နှာ - ၉




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563